ပြည်ပြီ. ဝေပုလ္လာရာမကျောင်းတိုက် ပဓာနဓာယက

မဟာသဒ္ဓမ္မဇောတိကဝင

ဘဒန္တ ဝေပုလ္လ

သတ္တဒေါဝဒ

ပညာအကျင့်လမ်း



ဘဒ္ဒန္တဝေါလ

သစ္စာအဓိဋ္ဌာန်

ပညာအကျင့်လမ်း

မာတိကာ

သစ္စာဟူသည်မှာ ဤကမ္ဘာ ဤလောကၦ ထည်ထည် ဝါဝါ တင့်တင့်တယ်တယ် ခန့်ညားစွာ တည်ရှိနေသော တရား တစ်ခုဖြစ်ပါသည်။ ထိုသစ္စာကား လောကတွင် အမှန်တရားပင် ဖြစ်ပါသည်။ ထိုအမှန်တရားသည် လောကတွင် မရှိမဖြစ်၊ သူမပါလျှင်မပြီး၊ သူ့ကိုမတွေ့သေးလျှင် အမှန်မဖြစ်နိုင်၊ သူ့ကို တွေ့ပါမှ အမှန်တရားသည် ဖြစ်ပေါ်လာနိုင်သကဲ့သို့ ဤမျှပင် သစ္စာသည်၊ ဤမျှပင် အမှန်တရားသည် လောကတွင် တန်ဖိုး ကြီးမားလွန်းလှပါသည်။

ဤအမှန်တရားသစ္စာကို မတွေ့မမြင်သေးသရွေ့ ဤ လောက၊ ဤကမ္ဘာကြီးသည် အမှောင်အတိသာ ဖြစ်နေတတ်ပါ သည်။ အလင်းရောင် မတွေ့မမြင်ရသေးဟု ဆိုလိုပါသည်။

ဥပမာဆိုရသော် ကမ္ဘာတည်စ ကမ္ဘာဦးလူသား အစများသည် အလင်းရောင်မရှိ အမှောင်အတိသာ ဖြစ်နေတတ်ပြီး အလင်းရောင်ကို မက်မက်မောမော တမ်းက ရှာဖွေသကဲ့သို့တည်း။ ထိုအခါ နေမင်းသည် တပေါင်းလပြည့်ကျော်တစ်ရက်နေ့မှစ၍ ကမ္ဘာလောကကြီးတစ်ခုလုံးအား အမှောင်ကိုခွင်း၍ အလင်းဆောင်သကဲ့သို့ တင့်တယ်စွာ ထွန်းလင်း တောက်ပလာ၍ ကမ္ဘာဦးလူသားများ အားရဝမ်းသာ ပျော်မြူး ရွှင်လန်းလာကြကုန်တော့၏။ ထို့ကြောင့် သစ္စာတရားသည် အလင်းရောင်နှင့် အသွင်ဏှာန် တူလှတော့၏ဟု မှတ်သား နာယူသင့်လှ၏။ သစ္စာတရားကို မတွေ့မမြင် မကျင့်သုံးသရွေ့ အမှန်တရားကို တွေ့ရှိရပြီဟု မယူဆအပ်ပေ။ လောကီကိစ္စ တရားများကို လည်းကောင်း၊ လောကုတ္တရာကိစ္စတရားများကိုလည်းကောင်း ကျင့်သုံး ဆောင်ရွက်ကြရာတွင် သစ္စာတရားသည် လွန်စွာမှအရေးကြီးလှပါသည်။ သစ္စာတရားနှင့် သစ္စာပေတံဖြင့် တိုင်းတာ၍ ကျင့်သုံးဆောင်ရွက်သင့်ပါသည်။ ထိုအခါ မည်သည့်ကိစ္စသည် အမှန်တရားဖြစ်သည်ကိုလည်းကောင်း၊ အမှားတရား ဖြစ်သည်ကိုလည်းကောင်း ကွက်ကွက်ကွင်းကွင်း လင်းလင်းထင်ထင် အမှန်တရားကို သိမြင်လာရတော့၏။ ထိုအခါ သစ္စာတရားသည် ဖြောင့်မတ်သော အမှန်တရားကို လက်ကိုင်ထားတတ်သည့် အဂတိမလိုက်စားသည့် (တရားသူကြီး) နှင့် အသွင်သဏ္ဌာန် တူလှတော့၏ဟု မှတ်သားသင့်ပါသည်။ ထို့အပြင် လောက၏ ဆောင်ပုဒ်များလည်း ရှိပါသေး၏။ ထိုဆောင်ပုဒ်မှာ (သစ္စာ

သမာဓိ တည်သောအခါဝယ် နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏)
ဟု ဆိုရိုးစကား ရှိခဲ့ပါသေး၏။ သစ္စာတရားသည် ဤမျှ
အစွမ်းထက်ပါသေးသည်။ သစ္စာသာ ရှိပါစေ၊ သစ္စာသာ
မှန်ပါစေ ထိမိကိုင်မိသော အရာဝတ္ထု ပစ္စည်းမှန်သမျှ၊ သစ်ရွက်
သစ်ဥ သစ်ဖုမှန်သမျှ ဆေးဖက်ဝင်နိုင်၏။ ရောဂါဝေဒနာ အနာ
များကို ပျောက်ကင်းစေနိုင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။
ထိုအခါ သစ္စာတရားသည် ဆေးကုသရာ၌ ကျမ်းကျင်လိမ္မာ
သော သမားတော်ကြီးနှင့်လည်း အသွင်သဏ္ဌာန်တူလှ၏ဟု
သိမှတ်ကြကုန်ရာ၏။ ထို့ကြောင့် မှန်ကန်သောသစ္စာတရားသည်
မကောင်းကျိုး မှန်သမျှတို့ကို တွန်းလှန် ချေဖျက်နိုင်ပြီး
ကုသိုလ်ကောင်းမှုဘက်၌ အမှန်တရားအတိုင်း ရပ်တည်ပေးလာ
တတ်ခြင်းကြောင့် မကောင်းသူကိုပယ်၍ ကောင်းသူကိုကယ်တင်
တတ်သော လောကနှင့် လူတို့ကို ကြည့်ရှု မ-စတတ်သော
သိကြားမင်းနှင့်လည်း ပုံသဏ္ဌာန်တူလှပေသည်။ သာဓက ဥပမာ
ထုတ်ဆိုပါဦးအုံ့။ ဤလောက ဤကမ္ဘာကြီးတွင် ဘုရားရှင်များ
ပစ္စေကဗုဒ္ဓါများ၊ ရဟန္တာများတို့သည် အကယ်၍ မပွင့်လာခဲ့
သည်ရှိသော်၊ မဖြစ်လာခဲ့သည်ရှိသော် (သစ္စာတရား) သည်
လည်း ရှိလာမှာ မဟုတ်ခဲ့ချေ။ ဖြစ်ပေါ်လာမှာ မဟုတ်ခဲ့ချေ။
သစ္စာတရားကို မည်သို့မည်ပုံရှိသည်ကို သိမြင်ကြလိမ့်မည်
မဟုတ်ပါပေ။ ဤလောက ဤကမ္ဘာကြီးတွင် သစ္စာလေးပါ:
တရားမြတ်ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော သဗ္ဗညုတ
ဗုဒ္ဓဘုရားရှင်သည် ပွင့်ထွန်းပေါ်ပေါက်လာခဲ့၍သာ လူတို့သည်

သစ္စာတရားကို စာတွေ့အားဖြင့် သိမြင်လာကြကုန်၏။ ဝိပဿနာတရားကို အားထုတ်ခြင်းဖြင့် သစ္စာတရားကို ပညာသိ သိမြင်လာနိုင်ကြကုန်၏။ ထို့ပြင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် စတင်ပွင့်ထွန်းလာသည်နှင့်တပြိုင်နက် လောကနှင့်လူသားများ အတွက်သော်လည်းကောင်း၊ နတ်၊ ဗြဟ္မာများအတွက်သော်လည်းကောင်း စတင်၍ ဟောကြားတော်မူသော ပထမဦးဆုံးသော တရားသည်ပင်လျှင် သစ္စာလေးပါးကို အဓိကထား၍ ဟောကြားတော်မူသော ဓမ္မစက္ကသုတ်တော်ကို မိဂဒါဝုန်တောတွင် စတင်၍ ဟောကြားတော်မူခဲ့သည်မဟုတ်ပါလား။ ထိုသို့လျှင် မိဂဒါဝုန်တောတွင် ဟောကြားအပ်သော ဓမ္မစက္ကာ တရားတော်ကို နာကြားရခြင်းသည်ပင်လျှင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟု ဆိုအပ်သော သစ္စာလေးပါး မြတ်တရားတို့ကို သိမြင်ကြ၍ နတ်၊ ဗြဟ္မာ အပေါင်းတို့သည် ကုဋေနှင့်ချီ၍ ကျွတ်တန်းဝင်ကြရကုန်၏။ ဤသည်လျှင် သစ္စာတရား (၀၊) မှန်ကန်သောတရားသည် လောကကမ္ဘာကြီးတွင် အမှန်တရားဘက်က ရပ်တည်နေ၍ များစွာသော အရိယာပုဂ္ဂိုလ်များ၊ များစွာသော သရဏဂုံ တည်နေသော ပုဂ္ဂိုလ်များ၊ များစွာသော ရဟန္တာ ပုဂ္ဂိုလ်များ၊ များစွာသော ဥပသကာ သူတော်ကောင်းများ ဖြစ်ထွန်း ပေါ်ပေါက်၍ လာကြကုန်၏။ သစ္စာတရားသည် ဤမျှ အရေးကြီးသော ကဏ္ဍာမှ ရပ်တည်လျက်ရှိပါ၏။ ဤစာအုပ်ကဏ္ဍ၌ အကျွန်ုပ် ကျမ်းပြုအရှင် ဝေပုလ္လရာမသည် လွန်ခဲ့သောနှစ်ပေါင်း

(၄၀) အတွင်း တန်ခိုးကြီးမားသော ဘုရားစေတီတော်များတွင်လည်းကောင်း၊ သမိုင်းဝင် သိုက်ဝင် တောတောင်များတွင်လည်းကောင်း အဓိဋ္ဌာန်ပြု၍၊ သစ္စာပြု၍ ပညာဖြစ်အောင်၊ သိဒ္ဓိဖြစ်လာအောင် ကျင့်ကြံအားထုတ် ပွားများလာခဲ့သည်များကို စုစည်း၍ ဤ 'သစ္စာအဓိဋ္ဌာန်အကျင့်လမ်း' စာအုပ်ကို ရေးသား စီရင်အပ်ပါသည်။

ဤ အဓိဋ္ဌာန်အကျင့်လမ်း စာအုပ်တွင် ပါဝင်သော အဓိဋ္ဌာန်ဝင်ပုံ၊ သစ္စာအဓိဋ္ဌာန်ပြုပုံ၊ အဓိဋ္ဌာန်အားဖြင့်ဆုတောင်းပုံ စသည်များသည် အကျွန်ုပ် ကျမ်းပြုအရှင် ဝေပုလ္လရာမ ဆရာတော်ကိုယ်တော်တိုင် ကိုယ်တွေ့၊ လက်တွေ့ ကျင့်ဆောင်အားထုတ် ပွားများလာခဲ့သော နည်း၊ နိဿယများဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ လက်တွေ့အောင်မြင်လာခဲ့ပါပြီ။ ကိုယ်တွေ့ ထူးခြားစွာ ပညာရပ်များ ဖြစ်ပေါ်လာစေခဲ့ပါပြီ။ ထို့ကြောင့် (သစ္စာတရား အားကောင်းလာခဲ့သည်ရှိသော် သိဒ္ဓိအမျိုးမျိုးတို့ကို ရစေနိုင်ပါသည်။)၊ (သစ္စာတရား၊ အဓိဋ္ဌာန်တရား များစွာ အောင်မြင်ထားသော ပုဂ္ဂိုလ်များ၌မူ လောကီပညာအမျိုးမျိုး၊ လောကုတ္တရာပညာ အမျိုးမျိုးတို့ကို ရရှိခံစားစေတတ်ပါသည်) ဤမျှပင် သစ္စာတရားသည် မှန်ကန်သောတရားအားဖြင့်၊ မှန်ကန်သော တရားနည်းလမ်းကျသော အောင်မြင်မှု၊ တိုးတက်မှု၊ ကြီးပွားမှု၊ ချမ်းသာမှုတို့ကို ပေးစွမ်းနိုင်ပါသည်။ ထိုနည်းတူစွာပင် သစ္စာတရားကို အခြေခံ၍၊ မူတည်၍ အဓိဋ္ဌာန်အကျင့်ကို ထပ်ခါတလဲလဲ အဖန်တလဲလဲ အားထုတ်အောင်မြင်နေသော

ပုဂ္ဂိုလ်များသည်လည်း မိမိ အားထုတ် အောင်မြင်နေသော အဓိဋ္ဌာန်အကျင့်တန်ခိုးကြောင့် လိုအင်ဆန္ဒ ရည်မှန်းချက် ပန်းတိုင်မှန်သမျှ အောင်မြင်ပြီးစီးရတတ်ပါသည်။ ထို့ကြောင့် လက်တွေ့၊ ကိုယ်တွေ့၊ ကျင့်ဆောင် ပွားများ အားထုတ်လာခဲ့သော သစ္စာအဓိဋ္ဌာန် အကျင့်လမ်း အားထုတ်ပုံ အားထုတ်နည်းများကို ယခုအချိန်အခါမှစတင်၍ ရေးသားဖော်ပြပေတော့အုံ၊ အကျင့်လိုလား ပညာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ယခုကျမ်းပြုအရှင် ကျွန်ပ်ဆရာအရှင် ရေးသားဖော်ပြမည် ဖြစ်သော သစ္စာအဓိဋ္ဌာန်အကျင့်လမ်းကို လေးစားယုံကြည်စွာ လေ့လာမှတ်သား နာယူကြ၍ ကျင့်ကြံပွားများ အားထုတ်ကြကုန်ရာသတည်း။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ပရိကမ္မပြုပုံ အဆင့်ဆင့်နှင့် ဆုတောင်းဆုပန်ခန်း

(က) ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ကမ္ဘာမြေမိုးဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်အား တပည့်တော်သည် သဒ္ဓါရိုကျိုးမာန်ညွှန့်ကိုချိုး၍ ရိုခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား မြတ်စွာဘုရား။

(ခ) သြကာသ၊ သြကာသ၊ သြကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားလွန်ကျူးမိခဲ့သည်ရှိသော် ထိုအပြစ်တို့မှ ပယောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊

တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ် သုံးပါးတို့အား သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရိုခိုးကန်တော့ ပါ၏ အရှင်ဘုရား။ (အပြစ်များရှိလျှင် ကျေအေးခွင့်လွှတ် ပေးသနားတော်မူပါဘုရား)

(၇) ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

(ဃ) (အတ္တ သန္နိယျာတန သရဏာဂုံ) (သီလကွန္ဒ ဝဏ္ဏကထာ) ဆဌမ - ၂၀၆

အဇ္ဇာဒိကတ္တာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိတိ မံ ဓာရေထ

အဇ္ဇာဒိကတ္တာ အဟံ အတ္တာနံ ဓမ္မဿ နိယျာတေမိတိ မံ ဓာရေထ

အဇ္ဇာဒိကတ္တာ အဟံ အတ္တာနံ သံဃဿ နိယျာတေမိတိ မံ ဓာရေထ။

(အနက်ကား)။ ။အဟံ ကျွန်ုပ်သည် အဇ္ဈ ယနေ့ ယခုကို အာဒီကတွာ အစပြု၍ အတ္တာနံ ခန္ဓာနာမ်ရုပ် အကောင်ပုပ် တည်းဟူသော မိမိကိုယ်ကို ဗုဒ္ဓသ သစ္စာသိမြင် ဘုရားရှင်အား နိယျာတေမိ စိတ်ထားကြည်ဖြူ အပ်နှင်း ပေးလှူပါ၏ဘုရား။ ဣတိဧဝံ ဤသို့မဲ့ ကျွန်ုပ်ကို တုမှေ အရှင်ဘုရားတို့သည် ဓာရေထ မှတ်တော်မူကြပါကုန်ဘုရား။

အဟံ ကျွန်ုပ်သည် အဇ္ဈ ယနေ့ယခုကို အာဒီကတွာ အစပြု၍ အတ္တာနံခန္ဓာနာမ်ရုပ် အကောင်ပုပ် တည်းဟူသော မိမိကိုယ်ကို ဓမ္မသ ဆယ်ပါးသော တရားတော်မြတ်အား နိယျာတေမိ စိတ်ထားကြည်ဖြူ အပ်နှင်းပေးလှူပါ၏ဘုရား။ ဣတိဧဝံ ဤသို့ မဲ့ အကျွန်ုပ်ကို တုမှေ အရှင်ဘုရားတို့သည် ဓာရေထ မှတ်တော်မူကြပါကုန်ဘုရား။ အဟံ အကျွန်ုပ်သည် အဇ္ဈ ယနေ့ယခုကို အာဒီကတွာ အစပြု၍ အတ္တာနံ ခန္ဓာနာမ်ရုပ် အကောင်ပုပ် တည်းဟူသော မိမိကိုယ်ကို သံဃသ မဂ္ဂဌာန်၊ ဖလဌာန်၊ ရှစ်တန်ထင်ပေါ် အရိယာ သံဃာတော်နှင့် သမုတိထေရ် သံဃာတော်တို့အား နိယျာတေမိ စိတ်ထားကြည်ဖြူ အပ်နှင်း ပေးလှူပါ၏ အရှင်ဘုရား။ ဣတိဧဝံ ဤသို့ မဲ့ ကျွန်ုပ်ကို တုမှေ အရှင်ဘုရားတို့သည် ဓာရေထ မှတ်တော်မူကြပါကုန်ဘုရား။

(c) (တပ္ပရာယဏတာ သရဏာဂုံ) (သီလကွန္ဒ ဝဂ္ဂဋ္ဌကထာ)

ဆဋ္ဌမ

အဇ္ဇာဒိ ကတ္တာ အဟံ ဗုဒ္ဓ ပရာယဏောတိ မံ ဓာရေထ
အဇ္ဇာဒိ ကတ္တာ အဟံ ဓမ္မ ပရာယဏောတိ မံ ဓာရေထ
အဇ္ဇာဒိ ကတ္တာ အဟံ သံဃ ပရာယဏောတိ မံ ဓာရေထ

အဟံ အကျွန်ုပ်သည် အဇ္ဇ ယနေ့ယခုကို အာဒိကတ္တာ အစပြု၍ ဗုဒ္ဓပရာယဏော သဗ္ဗညုတညာဏ်၏ တည်ရာ ဖြစ်သော ဘုရား တည်းဟူသော ကိုးကွယ် လဲလျောင်းရာ ရှိသောသူသည် အမှီ ဖြစ်ပါ၏။ ဣတိဧဝံ ဤသို့ မံ အကျွန်ုပ်ကို တုမှေ အရှင်ဘုရားတို့သည် ဓာရေထ မှတ်တော်မူကြပါကုန်ဘုရား။

အဟံ အကျွန်ုပ်သည် အဇ္ဇ ယနေ့ယခုကို အာဒိကတ္တာ အစပြု၍ ဓမ္မပရာယဏော ဆယ်ပါးသော တရားတော် တည်းဟူသော ကိုးကွယ်လဲလျောင်းရာရှိသောသူသည် အမှီ ဖြစ်ရပါလို၏။ ဣတိဧဝံ ဤသို့ မံ အကျွန်ုပ်ကို တုမှေ အရှင်ဘုရားတို့သည် ဓာရေထ မှတ်တော်မူကြ ပါကုန်ဘုရား။

အဟံ အကျွန်ုပ်သည် အဇ္ဇ ယနေ့ယခုကို အာဒိကတ္တာ အစပြု၍ သံဃပရာယဏော ကလျာဏပုထုဇဉ်နှင့် တကွ အရိယာ သံဃာတော်ဟူသော ကိုးကွယ် လဲလျောင်းရာ ရှိသောသူသည် အမှီ ဖြစ်ပါ၏။ ဣတိဧဝံ ဤသို့ မံ

အကျွန်ုပ်ကို တုမှေ အရှင်ဘုရားတို့သည် ဓာရေထ မှတ်တော်မူကြပါကုန်ဘုရား။

(၈) (သိဿဘာဂူပ သရဏာဂုံ) (သီလကွန္ဓ ဝဂ္ဂဋ္ဌ ကထာ) ဆဋ္ဌမ

အဇ္ဇာဒီကတ္တာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကောတိ မံ ဓာရေထ

အဇ္ဇာဒီကတ္တာ အဟံ ဓမ္မဿ အန္တေဝါသိကောတိ မံ ဓာရေထ

အဇ္ဇာဒီကတ္တာ အဟံ သံဃဿ အန္တေဝါသိကောတိ မံ ဓာရေထ

အဟံ အကျွန်ုပ်သည် အဇ္ဇ ယနေ့ယခုကို အာဒီကတ္တာ အစပြု၍ ဗုဒ္ဓဿ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာ ဘုရား၏ အန္တေဝါသိကော အတွင်းနေ တပည့်အရင်း ဟူသည် အမှီ ဖြစ်ပါ၏။ ဣတိ၈ဝ ဤသို့ မံ အကျွန်ုပ်ကို တုမှေ အရှင်ဘုရားတို့သည် ဓာရေထ မှတ်တော်မူကြ ပါကုန်ဘုရား။ အဟံ အကျွန်ုပ်သည် အဇ္ဇ ယနေ့ယခုကို အာဒီကတ္တာ အစပြု၍ ဓမ္မဿ ဆယ်ပါးသော တရား တော်၏ အန္တေဝါ သိကော အတွင်းနေ တပည့်အရင်း ဟူသည် အမှီ ဖြစ်ပါ၏။ ဣတိ ၈ဝ ဤသို့ မံ အကျွန်ုပ်ကို တုမှေ အရှင်ဘုရားတို့သည် ဓာရေထ မှတ်တော်မူကြပါကုန်ဘုရား။ အဟံ အကျွန်ုပ်သည် အဇ္ဇ

ယနေ့ယခုကို အာဒီကတွာ အစပြု၍ သံဃသ ကလျာဏပုထုဇဉ် အရိယာသံဃာတော် အရှင်မြတ်တို့၏ အန္တေဝါသိကော အတွင်းနေ တပည့်အရင်းဟူသည် အမှိုဖြစ်ပါ၏။ ဣတိဧဝံ ဤသို့ မဲ အကျွန်ုပ်ကို တုမှေ အရှင် ဘုရားတို့သည် ဓာရေထ မှတ်တော်မူကြပါကုန် ဘုရား။

အကယ်၍ လူပုဂ္ဂိုလ်များအတွက်မူ (ဂ)၊ (ဃ) အကြား (ဂ) ကို ပြထားသော သရဏဂုံကို ရွတ်ဆိုပြီးသည့် နောက် ငါးပါးသီလတော်ကို ခံယူရပါမည်။ ထို့ကြောင့် (ဂ) နှင့် (ဃ) အကြားတွင် လူပုဂ္ဂိုလ်များအတွက် ငါးပါးသီလတော်ကို ထည့်ဆိုပေးရပါမည်ကို အထူး သတိပြုပါလေ။ ရဟန်းသံဃာတော်အတွက် ငါးပါးသီလတော်ကို ခံယူရန် မလိုအပ်ပေ။

လူပုဂ္ဂိုလ်များအတွက်

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာ ဒိယာမိ
အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာ ဒိယာမိ
ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ
မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာ ဒိယာမိ
သုရာမေရယ မဇ္ဇပွမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ

(ခုဒ္ဒကပါဋ ပါဠိတော်)

(ဆ) အစိန္တေယျ သုံးလောကထွင့်ထား သဗ္ဗညု မြတ်စွာ ဘုရားရှင်အား အမှူးထား၍ ဘုရားရတနာ၊ တရား ရတနာ၊ သံဃာရတနာဟူသော ရတနာမြတ်သုံးပါး နတ်တို့ဘုရား၊ ယနေ့ယခု အချိန်အခါမှစ၍ တပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့အား ဗုဒ္ဓမြတ်စွာဘုရားထံ အပ်နှင်းပါ၏။ ပေးအပ်လျှက်ဒါန်းပါ၏ဘုရား။ တရားတော် မြတ်ထံ အပ်နှင်းပါ၏။ ပေးအပ်လျှက်ဒါန်းပါ၏ဘုရား။ သံဃာတော် အရှင်မြတ်များထံ အပ်နှင်းပါ၏။ ပေးအပ် လျှက်ဒါန်းပါ၏ဘုရား။ ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့်တကွ ရတနာသုံးပါးတို့သည် တပည့်တော်အား (တပည့် အရင်းကဲ့သို့) အထူးအားဖြင့် စောင့်ရှောက်တော်မူပါစေ သတည်း မြတ်စွာဘုရား။ တပည့်တော်သည် ယနေ့ယခု အချိန်အခါမှစ၍ အသက်ထင်ရှားရှိနေသရွေ့ အသက် ထက်ဆုံး သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသော သီလ တော်မြတ်ကို မပြတ်ဆောက်တည်ပါမည်ဟူ၍ သစ္စာ အဓိဋ္ဌာန်ပြုပါ၏ဘုရား။

မှတ်ချက်။ **။ရဟန်းသံဃာတော်များအတွက် ငါးပါး သီလကို ခံယူခွင့်မရှိပါ။ စတု ပါရိ သုဒ္ဓိ သံဝရ သီလတော်ကိုသာ အထူးလုံခြုံစေ သင့်ပြီး မိမိသီလ စင်ကြယ်စေရန်အတွက် ဒေသနာကြားခြင်း၊ ဥပုသ်ပြုခြင်းတို့ကို ဆောင်ရွက်ရပါမည်။**

(၈) သြကာသ သြကာသ သြကာသ ခုဒ္ဒကပိတိ ခဏိကပိတိ သြက္ကန္တိကပိတိ ဥဗ္ဗေဂါပိတိ ဖရဏာပိတိ တည်းဟူသော ငါးပါးသောပိတိတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား အကျွန်ုပ်ကိုယ်တွင်းခ္ခ်ရှိသော စက္ခုဒ္ဓါရ သောတဒ္ဓါရ ဃာနဒ္ဓါရ ဇိဝှါဒ္ဓါရ ကာယဒ္ဓါရ မနောဒ္ဓါရ တည်းဟူသော ခြောက်ပါးသော ဒ္ဓါရတို့၌ ထင်ပေါ်အောင် တည်တော်မူပါစေသတည်းဘုရား။

သြကာသ သြကာသ သြကာသ ဥပစာရပိတိ အပ္ပနာပိတိ သမာပတ္တိပိတိ လောကုတ္တရာ ပဋ္ဌာန်းနှာ ငါးပါးတို့သည် အကျွန်ုပ်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌လည်းကောင်း၊ စက္ခုသောတ ဃာန ဇိဝှါ ကာယ မနဟု ဆိုအပ်သော ခြောက်ပါးသော ဒ္ဓါရတို့၌လည်းကောင်း ထင်လင်းအောင် တည်တော်မူပါစေသတည်းဘုရား။ ထင်ပေါ်အောင် တည်တော်မူပါစေသတည်း မြတ်စွာဘုရား။

(ပရိကမ္မနှင့် ဆုတောင်းဆုပန်ခန်း ပြီး၏)

ဤပရိကမ္မနှင့် ဆုတောင်းပုံတို့သည် အဓိဋ္ဌာန် ပုတီးစိပ်သော ပုဂ္ဂိုလ်များ၊ ဂုဏ်တော်များကို ပွားများ အားထုတ်သော ပုဂ္ဂိုလ်များ၊ မေတ္တာကမ္မဋ္ဌာန်း အပါအဝင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတရားများကို ပွားများအားထုတ်နေသော ပုဂ္ဂိုလ်များ၊ သမထတရား၊ ဝိပဿနာတရားများကို အားထုတ်နေသော ပုဂ္ဂိုလ်များနှင့် အထူးသင့်တော် လျော်ကန်ဖြစ်နေပါလိမ့်မည်။ အမြန်ဆုံး၊ အနီး

ကပ်ဆုံး သမာဓိတရားများ၊ တရားထူး၊ တရားမြတ်များကို လွယ်ကူစွာ ရရှိစေနိုင်ပါသည်။

ဤပရိကမ္မနှင့် ဆုတောင်းပုံ နည်းနိသယတို့ကို သဘော ပေါက်အောင် ကျက်မှတ်ထားစေပြီး နောက်နောင်အခါ တရား အားထုတ်မည်ဆိုတိုင်း၊ အဓိဋ္ဌာန် ပုတီးစိပ်မည်ဆိုတိုင်း အဓိဋ္ဌာန် သစ္စာပြု၍ ဂုဏ်တော်များ၊ ပရိတ်တော်များ၊ ဂါထာတော်များကို ပွားများ အားထုတ်တော့မည် ဆိုတိုင်းပင် ဤပရိကမ္မနှင့် ဆုတောင်းပုံအတိုင်း ပရိကမ်ပြု၍ အားထုတ်ကြကုန်ရာ၏။

၂။ အဓိဋ္ဌာန်သစ္စာပြု၍ အားထုတ်ဟူးများပုံ

(က) ဥပမာ နမူနာ အားထုတ်ပုံ (မေတ္တာသုတ်ပရိတ်တော်)

ပထမဦးစွာ မိမိအားထုတ်မည့် ကမ္မဋ္ဌာန်းကျောင်း သို့မဟုတ် ဧရပ် သို့မဟုတ် ကျောင်း စသည်တွင် ရှိသော ဘုရားစင်၊ ဘုရားခန်းတွင် ဘုရား၊ တရား၊ သံဃာ ဆရာ၊ မိဘ အနန္တဂါးပါးအား ရည်မှန်း၍ ဆွမ်း၊ ရေချမ်း၊ ယန်း၊ ဖယောင်းတိုင်မီး၊ အမွှေးတိုင်မီးတို့ကို ကပ်လှူပူဇော်၍

(ခ) ပရိကမ္မနှင့် ဆုတောင်းပုံတို့ကို အစဉ်အတိုင်း ရွတ်ဆို ဆုတောင်းပါ။

(ဂ) ပြီးလျှင် ဘုန်းတော်အလွန်တရာ ကြီးတော်မူထသော မြတ်စွာဘုရား အမှူးထား၍ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးအပေါင်းတို့ဘုရား။

တပည့်တော်သည် ယနေ့ယခု အချိန်အခါမှစ၍ မေတ္တာသုတ်တော်ကို တစ်ထိုင်တည်းနှင့် (၂၇) ခေါက် ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ပါမည် ဟူ၍ သစ္စာ အဓိဋ္ဌာန်ပြုပါ၏။ ဤသို့ မေတ္တာသုတ်တော်ကို တစ်ထိုင်တည်းနှင့် (၂၇) ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ်နေစဉ်အတွင်း (၂၇) ခေါက် မပြည့်မချင်း ထိုင်ရာမှ မထပါဘုရား၊ (၂၇) ခေါက် မပြည့်မီ မှက်၊ ခြင်၊ ယင်၊ ပုရွက်ဆိတ်များ၊ အဟိတ် တိရစ္ဆာန်များ ကိုက်ခဲပါသော်လည်း မရိုက်မပွတ် မသတ်ပါဘုရား။ (၂၇) ခေါက် မပြည့်မချင်း နောက်လှည့် မကြည့်ပါဘုရား။ (၂၇) ခေါက် မပြည့်မချင်း မည်သူ တစ်ဦးတစ်ယောက်က လှမ်းခေါ်သည် ဖြစ်စေ ပြန်လှန်၍မထူးပါ၊ ပြန်လှန်၍ အသံမပြုပါဘုရား။ ဤမှန်ကန်သော သစ္စာအဓိဋ္ဌာန်ကို ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရှေ့တော်မှောက်၌ မှန်ကန်သော သစ္စာအဓိဋ္ဌာန်ကို ပြုအပ်ပါသည်ဘုရား။ ဤသို့သော မှန်ကန်သော သစ္စာအဓိဋ္ဌာန်ကိုပြု၍ (မေတ္တာသုတ် ပရိတ်တော်) ကို တစ်ထိုင်တည်းနှင့် (၂၇) ခေါက် စေ့အောင် ရွတ်ဖတ် သရဇ္ဈာယ်ပါမည် ဟူ၍ အဓိဋ္ဌာန် ပြုပါ၏ဘုရား။

(ဃ) ထို့နောက် အထက်ပါအတိုင်း အဓိဋ္ဌာန် သစ္စာပြုထားသည့်အတိုင်း မိမိ၏ခန္ဓာကိုယ်အား အနေတော်ထိုင်တတ်သလိုထိုင်၍ ဣရိယာပုတ်တစ်ပါးတည်းဖြင့် မေတ္တာသုတ်တော်ကို ပုံမှန် အသံမှန် (မတိုးလွန်း

မကျယ်လွန်း) (မမြန်လွန်း မနှေးလွန်း) ပီပီသသ ရွတ်ဖတ်သရဇ္ဈာယ်ရာ၏။ ရွတ်ဆိုရာ၌လည်း ပါဠိ အက္ခရာအဖြတ်အတောက် မှန်ကန်စွာ ရွတ်တတ်ရပါမည်။

မေတ္တာသုတ်တော်

(၁) ယသ္သာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယဉ္စိ စေဝါ နုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော။

(၂) သုခံ သုပတိ သုတ္တောစ၊ ပါပံ ကိဉ္စိန ပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမဟေ။

(၃) ကရဏီယ+ မတ္တကုသလေန၊ ယန္တသန္တံ ပဒံ အဘိသမစ္စ။
သက္ကော ဥဇု စ သုဟုဇု စ၊ သုဝစော စဿ မုဒု အနတိမာနီ။

(၄) သန္တုဿကော စ သုဘရော စ၊ အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊ အပ္ပဂဗ္ဘော ကုလေသု+ နာ နုဂိဒ္ဓေါ။

(၅) နစ ခုဒ္ဒ+ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝ ဒေယ္ယုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(၆) ယေကေစိ ပါဏဘူတတ္ထိ၊ တသေ ဝါ ထာဝရာ ဝ+ နဝသေသာ။

ဒီဃာဝါယေဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏု ကထူလာ။

(၇) ဒီဋ္ဌာဝါယေဝ အဒိဋ္ဌာ၊ ယေဝဒုရေ ဝသန္တိ အဝိ ဒူရေ။
ဘူတာဝ သမ္ဘဝေသီဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိ တတ္တာ။

(၈) နပရောပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္တစိန ကိဉ္စိ။
ဗျာရောသနာ ပဋိဃသညု၊ နာညမညဿ ဒုက္ခ မိစ္ဆေယ္ယ။

(၉) မာတာယထာ နိယံပုတ္တ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပ ရိမာဏံ။

(၁၀) မေတ္တဉ္စ သဗ္ဗလောကသ္မိ၊ မာနသံ ဘာဝယေ
အပရိမာဏံ။

ဥဒ္ဓံ အေဓေစ တိရိယဉ္စ၊ အသမ္ဘာဓံ အဝေရာ မသပတ္တံ။

(၁၁) တိဋ္ဌံ စရံ နိသိန္နောဝ၊ သယာနော ယာဝတာ+ သ
ဝိတမိဒ္ဓေါ။
ဧတံ သတိ အဓိဋ္ဌေယ္ယ၊ ဗြဟ္မမေတံ ဝိဟာရ မိဓ မာဟု။

(၁၂) ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယဂေဓံ၊ နဟိ ဇာတုဂ္ဗဘသေယ္ယ ပုနရေတိ။

(မေတ္တာသုတ္တံ နိဋ္ဌိတံ)

သစ္စာအဓိဋ္ဌာန် ပြုထားသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်သုံး၍ မေတ္တာသုတ်တော်ကို တစ်ထိုင်တည်းနှင့်အပြီး ၂၇ ခေါက် စေ့အောင်၊ ပြည့်အောင် ရွတ်ဖတ် သရဇ္ဈာယ်ရ ပါမည်။ ဤသို့လျှင် မေတ္တာသုတ်တော်အား ၂၇ ခေါက်

စေ့အောင် ရွတ်ဖတ် သရဇ္ဈာယ်ပြီးနောက် မိမိအဓိဋ္ဌာန် သစ္စာပြု အပ်သည်နှင့်အညီ အဓိဋ္ဌာန်သစ္စာ အောင်မြင် ပြီးစီးအောင် ကျင့်ဆောင်ခဲ့ခြင်းကြောင့် အောက်ပါအတိုင်း ဆုတောင်း အဓိဋ္ဌာန် ပြုရပါမည်။

(c) **ဗုဒ္ဓဘုရားရှင်ရှေတော်တွင် လက်အုပ်ချီထားလျက်** ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူထသော အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာ ဘုရားရှင်နှင့်တကွသော ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ဘုရား။ တပည့်တော်သည် ယနေ့ ယခု အချိန်အခါ၌ သစ္စာ အဓိဋ္ဌာန်ပြုထားသည်နှင့်အညီ မေတ္တာသုတ်တော်အား တစ်ထိုင်တည်းနှင့် ၂၇ ခေါက် ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါ၏ဘုရား။

ဤသစ္စာမှန်ကန်ပါက ...
ဤမှန်ကန်သော သစ္စာစကားကြောင့် ...
ဤမှန်ကန်သော သစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ...
တပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ လည်းကောင်း၊ တပည့်တော်၏ ခန္ဓာကိုယ် (၃၂) ကောဋ္ဌာသတို့၌လည်းကောင်း အလုံးစုံသော ဘေးမှန် သမျှ၊ ရန်မှန်သမျှ၊ ဒဏ်မှန်သမျှ၊ အန္တရာယ်မှန်သမျှ၊ ရောဂါမှန်သမျှ၊ အနာမှန်သမျှ၊ အလုံးအကြိတ်အခဲ အဖု

အကြိတ် မှန်သမျှတို့သည်လည်းကောင်း၊ လည်ပင်း၊ လည်ချောင်းနှင့် ပတ်သက်သော ရောဂါအနာတို့သည် လည်းကောင်း၊ ဦးခေါင်းနှင့် ပတ်သက်သောရောဂါ အနာတို့သည်လည်းကောင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါ အနာတို့သည်လည်းကောင်း၊ အဆုတ်နှင့် ပတ်သက်သော ရောဂါအနာတို့သည် လည်းကောင်း၊ ဝမ်းဗိုက်နှင့်ပတ်သက်သော ရောဂါအနာတို့သည် လည်းကောင်း၊ ခါးအောက်ပိုင်း ခြေထောက်နှစ်ချောင်း စလုံး၌ ထုံနာ၊ ကျဉ်နာ ရောဂါမှန်သမျှတို့သည်လည်း ကောင်း၊ ပိန်းကြာဖက်ဖျား ရေမတင် လျှောကျဘီ သက္ခဲသို့ ကင်းဝေး ပပျောက်၊ လွင့်ထွက် ပျောက်ကင်း ချမ်းသာပါစေသတည်း။

(ထိုပြင် မိမိတွင် ခံစားနေရသော ရောဂါများ၊ ဝေဒနာ များကို ထည့်သွင်း၍ ဆုတောင်းစေခြင်းဖြင့် မိမိတွင် ခံစားနေရသော ရောဂါ ဝေဒနာများ လျင်မြန်စွာ သက်သာပျောက်ကင်းစေနိုင်ကြောင်းကို အထူးသတိပြု စေချင်ပါသည်)

အခြား အခြားသော နည်းလမ်းများဖြင့် မပျောက်နိုင်သော ရောဂါဝေဒနာများ ဆေးမတွေ့နိုင်သော ရောဂါဝေဒနာများ အတွက် ယခုပြဆိုထားသော သစ္စာအဓိဋ္ဌာန်ကျင့်စဉ် ဆုတောင်းပုံ အတိုင်း အားထုတ်၍ ပွားများကျင့်ဆောင်ခြင်းဖြင့် များစွာသော

ရောဂါအနာများ၊ ခက်ခက်ခဲခဲ အနာရောဂါများ သိသာ ထင်ရှားစွာ သက်သာပျောက်ကင်းစေပါလိမ့်မည်။

(စ) ဒုတိယ သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းပုံ (တစ်နည်း)

ဗုဒ္ဓဘုရားရှင်ရှေ့တော်တွင် လက်အုပ်ချီမိုးလျက် ... ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူပေထသော အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာ ဘုရားရှင်နှင့်တကွ ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးတို့ဘုရား ... ယနေ့ယခု အချိန်အခါ၌ သစ္စာအဓိဋ္ဌာန်ပြုထားသည်နှင့်အညီ တပည့်တော်သည် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော မေတ္တာ သုတ်တော်မြတ်ကို တစ်ထိုင်တည်းနှင့် သစ္စာအဓိဋ္ဌာန် ပြု၍ (၂၇) ခေါက် ပြည့်အောင် ရွတ်ဖတ် သရဇ္ဈာယ် ခဲ့ပါသည်ဘုရား။

ဤသစ္စာမှန်ကန်ပါက ...

ဤမှန်ကန်သော သစ္စာစကားကြောင့် ...

ဤမှန်ကန်သောသစ္စာ၏ တန်ခိုးတေဇော် အာနုဘော် ကြောင့်လည်းကောင်း တပည့်တော်သည် သစ္စာ အဓိဋ္ဌာန်ပြု၍ တစ်ထိုင်တည်းနှင့် မေတ္တာသုတ်တော်ကို (၂၇) ခေါက်ပြည့်အောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှုတို့ကြောင့်လည်းကောင်း တပည့်

တော်သည် သစ္စာအဓိဋ္ဌာန်ပြု၍ တစ်ထိုင်တည်းနှင့် (၂၇) ခေါက်ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော မေတ္တာသုတ်တော် အစုအပေါင်းတို့၏ တန်ခိုးတော်၏ အာနုဘော် အာဏာစက်တော်တို့ကြောင့် ...

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရ တည်ကြည်အေးချမ်းပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရ တည်ငြိမ်အေးချမ်းပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရ အေးချမ်းသာယာပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရ ငြိမ်းချမ်းသာယာပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ဆင်းရဲမှု၊ ဗျာပါဒ၊ ပရိဒေဝ၊ ဒုက္ခတရားတို့မှ ထာဝရ လွတ်မြောက်နေပါစေသတည်း. . .

ဤဆုတောင်းနည်းသည် တရားအားထုတ်သော ယောဂီ ပုဂ္ဂိုလ်များသည်လည်းကောင်း၊ သမထတရား ဝိပဿနာ တရားများကို ကြိုးစားအားထုတ်နေသော ပုဂ္ဂိုလ်များသည် လည်းကောင်း၊ ဂုဏ်တော်ပုတီး အဓိဋ္ဌာန်ပုတီးစိပ်နေသော ပုဂ္ဂိုလ်များအတွက်လည်းကောင်း စိတ်မငြိမ်မသက်ဖြစ်ခြင်း၊

စိတ်ပျံ့လွင့်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ စိတ်သောကများခြင်း၊ စိတ်ဆင်းရဲစရာ တစ်ခုမဟုတ်တစ်ခု ကြုံတွေ့နေရခြင်း၊ စိတ်ထဲတွင် လေးလံထိုင်းမှိုင်းခြင်း၊ စိတ်မရှင်မလန်းခြင်း၊ စိတ်ဓာတ်ကျဆင်းနေခြင်းများအတွက် ဤ (စ) နံပါတ် ဆုတောင်းနည်းအတိုင်း အဓိဋ္ဌာန်သစ္စာပြု၍ ဆုတောင်းခြင်းဖြင့် သိသိသာသာ သက်သာ ပျောက်ကင်းစေနိုင်ပါသည်။ ထင်ထင်ရှားရှား ကင်းဝေး ပပျောက်စေနိုင်ပါသည်။ နေ့ချင်းညချင်းပင် စိတ်တက်ကြွစေခြင်း၊ စိတ်ရှင်လန်းခြင်း၊ စိတ်ထဲတွင် ပျော်ရွှင်ချမ်းမြေ့လာခြင်း၊ စိတ်ထဲတွင် အပူသောက ဗျာပါဒများ ကင်းဝေး ပပျောက်ပြီး စိတ်ထဲတွင် ငြိမ်းအေးချမ်းမြေ့လာစေပါလိမ့်မည်။

ထို့အပြင် မိမိအိမ်တွင်းရေး မငြိမ်သက်မှုများ၊ မိသားစု၊ ဆွေဆွေမျိုးမျိုး မကြာခဏ ဖြစ်နေမှုများ၊ စီးပွားရေးသောက၊ သားရေးသမီးရေးသောက၊ ငွေရေးကြေးရေးသောက၊ အမှုတရား ရင်ဆိုင်ရမှုသောက စသော သောကဗျာပါဒ စိတ်ဆင်းရဲမှုများသည် ဤ (စ) နံပါတ် ဆုတောင်းနည်းအတိုင်း အဓိဋ္ဌာန် သစ္စာပြု၍ ဆုတောင်းပါက လျင်မြန်စွာ၊ သိသာထင်ရှားစွာ အပူသောက ဗျာပါဒများ ကင်းဝေး ပပျောက်စေ၍ ပျော်ရွှင် ချမ်းမြေ့သော အိမ်ထောင်စု မိသားစုအဖြစ်သို့ ရောက်ရှိလာပေလိမ့်မည်။

(မှတ်ချက်) သစ္စာအဓိဋ္ဌာန်ပြု၍ ကျင့်စဉ်ကို ကျင့်ကြံ အားထုတ်ဖို့ အထူးလိုအပ်ပါမည်။ သစ္စာအဓိဋ္ဌာန် ကျင့်စဉ်ကို မကျင့်ဘဲ ဆုတောင်းနေ၍ကား

အဓိပ္ပာယ်ရှိမည်မဟုတ်ပေ။ သစ္စာပြု၍ အဓိဋ္ဌာန်ကျင့်စဉ်အတိုင်း ကျင့်ဆောင် ပွားများအားထုတ်ပြီးနောက် အဓိဋ္ဌာန်အောင်၍ သစ္စာပြု ဆုတောင်းမှသာ ဆုတောင်းတိုင်း အောင်မြင်ပြီးစီးရ၏ဟု အထူးမှတ်သားကြကုန်ရာ၏။ မည်သည့်အကျင့်တစ်ခုခုကိုမှ မကျင့်ဘဲ၊ အားမထုတ်ဘဲ ဆုတောင်းနေလျှင်ကား (အလကား) သာ ဖြစ်ပေလိမ့်မည်။ အဓိပ္ပာယ်မရှိတော့ချေ။

(ဆ) တတိယ သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းပုံ

ဗုဒ္ဓဘုရားရှေတော်တွင် လက်အုပ်ချီမိုးလျက် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူပေထသော အစိန္တေယျသုံးလောကထွဋ္ဌား သဗ္ဗညု မြတ်စွာဘုရားရှင်နှင့် တကွ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ ဘုရား ...

ယနေ့ယခု အချိန်အခါ၌ သစ္စာအဓိဋ္ဌာန်ပြုထားသည်နှင့် အညီ တပည့်တော်သည် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော မေတ္တာ သုတ်တော်မြတ်ကို တစ်ထိုင်တည်းနှင့် သစ္စာအဓိဋ္ဌာန်ပြု၍ (၂၇) ခေါက်ပြည့်အောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ပါ၏ဘုရား ...

ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကားကြောင့် ...

ဤမှန်ကန်သောသစ္စာ၏ တန်ခိုးတေဇော် အာနုဘော်
ကြောင့်လည်းကောင်း ...
တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ပြု၍ တစ်ထိုင်တည်း
နှင့် မေတ္တာသုတ်တော်ကို (၂၇) ခေါက် ပြည့်အောင်
ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှုတို့
ကြောင့်လည်းကောင်း၊ တပည့်တော်သည် သစ္စာ
အဓိဋ္ဌာန်ပြု၍ တစ်ထိုင်တည်းနှင့် (၂၇) ခေါက်
ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်
ကောင်းမှုတို့ကြောင့်လည်းကောင်း၊ တပည့်တော်သည်
သစ္စာအဓိဋ္ဌာန်ပြု၍ တစ်ထိုင်တည်းနှင့် (၂၇) ခေါက်
ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော မေတ္တာ
သုတ်တော် အစုအပေါင်းတို့၏ တန်ခိုးတေဇော် အာနု
ဘော် အာဏာစက်တို့ကြောင့် ...
အပါယ်လေးပါး၊ ရန်သူမျိုးငါးပါး၊ ဘေးရှစ်ပါး၊ ဒဏ်
ဆယ်ပါး၊ အနာမျိုး (၉၆) ပါးတို့မှ ဘဝဆက်တိုင်း
ဆက်တိုင်း ကင်းလွတ်ငြိမ်းကြကုန်သည်ဖြစ်၍ အာဏာ
တန်ခိုးကြီးခြင်း၊ ပညာတန်ခိုးကြီးခြင်း၊ သိဒ္ဓိတန်ခိုး
ကြီးခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်းနှင့် ပြည့်စုံ၍
ဆယ်ပါးသောသိဒ္ဓိ၊ ဝိဇ္ဇာမဟိဒ္ဓိအတတ်တို့ကိုလည်း
ကောင်း၊ အဘိညာဉ် (၆) ပါး၊ ဝိဇ္ဇာဉာဏ် (၆) ပါး၊
သမာပါတ် (၈)ပါး၊ သမာပတ် (၉) ပါးတို့ကိုလည်း
ကောင်း၊ ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံ၊ ဝမ္မခန္ဓာ

ရှစ်သောင်းလေးထောင်တို့ကိုလည်းကောင်း လျှင်မြန်စောစွာ တတ်မြောက် အောင်မြင်ပြီးစီးရ၍ ဘုရားရဟန္တာ အရိယာသူတော်ကောင်းတို့ ဝင်စံရာဖြစ်သော မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ချမ်းသာမြတ်ကို လျှင်မြန်စောစွာ မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် ဧကန်အမှန် ဖြစ်ရပါလို၏ အရှင်ဘုရား။

ဤဆုတောင်းပုံသည် အခြားအခြားသော လောကီကိစ္စ၊ **လောကီဆုတောင်းပုံမျိုးများ** မဟုတ်ဘဲ **အကျင့်ပဋိပတ်နှင့် ပတ်သက်၍ လောကီပညာရပ်များ၊ အဘိညဉ် ဝိဇ္ဇာဉာဏ် တန်ခိုးများ၊ လောကီ လောကုတ္တရာ အသိပညာ အတတ်ပညာ သမာပတ် စျာန်ပညာရပ်များနှင့် အဆင့်ဆင့် မဂ်ဖိုလ်နိဗ္ဗာန်အထိ ဆုတောင်းပုံ ဆုတောင်းနည်း ဖြစ်ပါသည်။** လိုအပ်သည့် နေရာတွင် လိုအပ်သလို ထည့်သွင်း၍ ဆုတောင်းနိုင်ပါသည်။ **ဤကား လောကီ လောကုတ္တရာ သမထ ဝိပဿနာ အကျင့်လမ်းများအတွက် (ပညာ) အတွက် ဆုတောင်းနည်း ဖြစ်ပါသည်။**

(၉) ပကိဏ္ဏက ရောထွေး၍ ဆုတောင်းပုံ

တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ပြု၍ မေတ္တာသုတ်တော်အား တစ်ထိုင်တည်းနှင့် (၂၇) ခေါက် ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါ၏။

ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကား ကြောင့် ...

ဤမှန်ကန်သောသစ္စာ၏ တန်ခိုးတေဇော် အာနုဘော် ကြောင့်လည်းကောင်း ...

တပည့်တော်သည် တစ်ထိုင်တည်းနှင့် သစ္စာအဓိဋ္ဌာန်ပြု၍ မေတ္တာသုတ်တော်အား (၂၇) ခေါက် ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှုတို့ကြောင့်လည်း ကောင်း တပည့်တော်သည် တစ်ထိုင်တည်းနှင့် သစ္စာ အဓိဋ္ဌာန်ပြု၍ (၂၇) ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ် ခဲ့ရသော မေတ္တာသုတ်တော် အစုအပေါင်းတို့၏ တန်ခိုး တေဇော် မေတ္တာတော် အာနုဘော် အာဏာတော်တို့ ကြောင့် . . .

လောကီစည်းစိမ် ဥစ္စာ ရတနာ ရွှေ၊ ငွေတို့သည် လျင်မြန်စွာ တိုးတက် ဝင်ရောက်လာကြပါစေကုန် သတည်း။ ပိယသိဒ္ဓိ အပွင့်ဓာတ်များ၊ ဓနသိဒ္ဓိ အပွင့် ဓာတ်များ၊ လာဘသိဒ္ဓိ အပွင့်ဓာတ်များ၊ ဇယျသိဒ္ဓိ အပွင့် ဓာတ်များ၊ စီးပွားလာတ်လာဘများ၊ အရောင်း အဝယ် အခွင့်အလမ်းများ လျင်မြန်စွာ စည်စည်ကားကား တိုးတက် လာကြပါစေသတည်း။

စိန်၊ ရွှေ၊ ငွေ ကျောက်သံပတ္တမြား၊ ဥစ္စာစည်းစိမ်၊ အိမ်၊ တိုက်၊ ခြံ၊ ကားစသော (၁၁) ပါးသော လောကီ ချမ်းသာ

သုခတို့သည် ဝင်လာမစဲ တသဲသဲ ဝင်ရောက်လာကြပါစေ သတည်း။ ပြောတိုင်းဆိုတိုင်း ကြံစည်တိုင်း၊ တောင့်တ တိုင်း၊ ဆန္ဒရှိတိုင်း၊ ဆုတောင်းတိုင်း၊ တမ်းတတိုင်း၊ ရည်မှန်းတိုင်း လျှင်မြန်စွာ အောင်မြင်ပြီးစီးရပါစေသတည်း၊ ထိုမှတစ်ဖန် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားများကို ဆထက်ထမ်းပိုး လျှင်မြန်စွာ ပြည့်စုံစွာ တိုးတက်၍ ခံစား စံစားနိုင်ရပါလို၏ အရှင်ဘုရား။

ဤပကိဏ္ဏက ရောထွေး၍ ဆုတောင်းပုံသည်လည်း လောလောဆယ် စီးပွားရေး မပြေမလည်ရှိနေသော ပုဂ္ဂိုလ်များ၊ စီးပွားရေး ကျဆင်းနေသော ပုဂ္ဂိုလ်များ၊ ကုန်ရောင်း ကုန်ဝယ် မကောင်းကြသော ပုဂ္ဂိုလ်များ၊ စားရေးသောက်ရေး၊ ဌေးရေး ကြေးရေး အဆင်မပြေသော ပုဂ္ဂိုလ်များနှင့် အထူးသင့်လျော်လှ ပါသည်။ ဤသစ္စာပြု အဓိဋ္ဌာန် အကျင့်ကို ကျင့်ဆောင်၍ ဤပကိဏ္ဏက ဆုတောင်းကို ထည့်တောင်းခြင်းဖြင့် လောကီ စီးပွားရေး ချမ်းသာရေး အောင်မြင်ပြည့်စုံ တတ်ပါသည်။ စားရေး သောက်ရေး အလုပ်အကိုင် စီးပွားရေးများ အဆင်ပြေလာ ပေလိမ့်မည်။

မှတ်ချက်

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော မေတ္တာ သုတ်တော်၏ အစွမ်းသတ္တိသည်ပင်လျှင် မေတ္တာတရားကို ဖွဲ့စည်းထားသော သုတ်တော်ဖြစ်သောကြောင့် သမ္မာဒေဝနတ်များ

ချစ်ခင် လေးစားခြင်း၊ သာသနာတော်စောင့် နတ်မင်းများ ချစ်ခင်စောင့်ရှောက်ခြင်း၊ သားရဲတိရစ္ဆာန်များ၊ အစွယ်ရှိသော သတ္တဝါများ၊ ဦးချိုရှိသော သတ္တဝါများ၊ အဆိပ်ရှိသော သတ္တဝါများ အားလုံး ချစ်ခင် လေးစားကြရကုန်၏။ အဟိတ်တိရစ္ဆာန်များ၊ ခုနစ်ရက်သား ခုနစ်ရက်သမီးများ၊ ဖုတ်ပြိတ္တာများ၊ ဘီလူး၊ သရဲ၊ သဘက်များ၊ အဝရဒ္ဓနတ်ဆိုး၊ ဘီလူးဆိုးများက အထူး ချစ်ခင်လေးစားကြရပြီး မေတ္တာသုတ်တော်၏ တန်ခိုးတော် အာနုဘော်တို့ကြောင့် အချင်းချင်း ညီညွတ်စေခြင်း၊ အချင်းချင်း ချစ်ခင်လေးစားကြခြင်း၊ အချင်းချင်း စည်းလုံး ညီညွတ်ကြခြင်း၊ လောကပါလ နတ်မင်းများ၊ တောစောင့်၊ တောင်စောင့်၊ နတ်မင်းများ၊ ရက္ခစိုး နတ်မင်းများ အထူးချစ်ခင်၍ အထူးစောင့်ရှောက်ကြ ရကုန်၏။

ဗုဒ္ဓမြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌ ရဟန်းတော်များသည် ဗုဒ္ဓဘုရားထံ သင့်တော်သော ကမ္မဋ္ဌာန်းကို သင်ယူ တောင်းခံ၍ တောတောင်ထဲဝင်ကာ သစ်ပင်အောက်၌ သီတင်းသုံးလျက် ကမ္မဋ္ဌာန်းတရားကို အားထုတ်တော်မူကြကုန်၏။ ထိုအခါ သစ်ပင်စောင့်နတ်များ၊ တောစောင့်နတ်များ၊ ရက္ခစိုး၊ ဘုမ္မစိုးနတ်မင်းများသည် မိမိတို့ တောတောင်ထဲ၌ ရဟန်းတော်များ လာရောက် သီတင်းသုံးတော်မူသောအခါ အနေအထိုင် ကြပ်တည်း၍၊ အသွားအလာ ကြပ်တည်း၍ မကျေမနပ်ဖြစ်ပြီး အမျိုးမျိုးသော အသံများ၊ မကောင်းသော အနံ့အသက်များ၊ အမျိုးမျိုးသော ရုပ်ဆင်းသဏ္ဌာန်များဖြင့် ခြောက်လှန့်ကြကုန်၏။

ထိုအခါ ရဟန်းတော်များသည် ကြိုးစား၍ တရား အားထုတ်သော်လည်း တရားမရနိုင်သောကြောင့် ဝါကျွတ်သည့် အခါ ဗုဒ္ဓမြတ်စွာဘုရားထံသို့ ရောက်ရှိလာကြပြီး အကျိုး အကြောင်းကို လျှောက်ထားကြရာတွင် ဗုဒ္ဓ မြတ်စွာဘုရားက ဤမေတ္တာသုတ်တော်ကို ရဟန်းတော်များအား သင်ကြားပေးပြီး ယခင် အားထုတ်ဖူးခဲ့သော တောတောင်ထဲကိုပင် ပြန်ကြွသွား စေကာ မေတ္တာသုတ်တော်ကို အထပ်ထပ် ရွတ်ဖတ်ပြီး ရဟန်း တရား အားထုတ်ကြရာတွင် ယခင် အနှောင့်အယှက် ပြုခဲ့ကြ ကုန်သော ရက္ခစိုးနတ်များ၊ ဘုမ္မစိုးနတ်များ၊ တောတောင်စောင့် နတ်များသည် ရဟန်းတော်များအား အနှောင့်အယှက်မပြုတော့ဘဲ အားလုံးခယ ချစ်ခင်လေးစားကြ၍ ရဟန်းတော်များ၏ ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်ကို နတ်ဒေဝါများက ကူညီဝိုင်းဝန်းပြုစု လုပ်ကျွေးကြရကုန်၏ဟု ကျမ်းဂန်များတွင် ပြသထားသည့် အတွက် မေတ္တာသုတ်တော်ကြီး၏ အဓိဋ္ဌာန်ကျင့်စဉ်ကို အထူး ဂရုစိုက်၍ ကြိုးစား အားထုတ်သင့်ပါကြောင်း အသိပေး ရေးသားအပ်ပါသည်။

(ဤတွင် မေတ္တာသုတ်တော် အဓိဋ္ဌာန်အကျင့် ပြီး၏)

အထူးမှတ်သားရန်အချက်

ဤမေတ္တာသုတ်အဓိဋ္ဌာန်အကျင့်ကို နမ္မနာအဖြစ်၂ရ ခေါက် ရွတ်ဖတ်သရဇ္ဈာယ်မှု အဓိဋ္ဌာန်အကျင့်ကိုပြသခဲ့ သို့သော် စတင်၍ ကျင့်ဆောင်မည့်ပုဂ္ဂိုလ်များသည် အကျင့်မရှိသေးပါက

စတင်၍ကျင့်ဆောင်ရာတွင် မေတ္တာသုတ်တော်ကို ၉ ခေါက် ကစတင်၍ အဓိဋ္ဌာန် သစ္စာပြုကျင့်ပါ။ ၉ ခေါက်၊ ၉ ကြိမ်ခန့် အားထုတ်ကျင့်ဆောင်ပြီးပါက ၁၈ ခေါက်တက် အဓိဋ္ဌာန် သစ္စာပြု၍ ကျင့်ဆောင် ပွားများ အားထုတ်ပါ။ ၁၈ ခေါက် အဓိဋ္ဌာန် အကျင့်ကို ၉ ကြိမ်ခန့်. အောင်မြင်မှုရအောင် သစ္စာပြု၊ အဓိဋ္ဌာန် ပြု၍အားထုတ်ပါ။ ဤသို့လျှင် အဆင့်တက်၍ ၂၇ ခေါက် အဓိဋ္ဌာန်သစ္စာပြု၍ ကျင့်ခြင်းကိုလည်း ၂၇ ခေါက် ၉ ကြိမ်ခန့် အောင်မြင်မှုရအောင် ကျင့်ဆောင်အားထုတ်သင့်ပါသည်။

အားထုတ်မှု လေ့ကျင့်သားရထားပြီးပါက နောက်ဆိုလျှင် ၅၄ ခေါက်၊ ၉ ကြိမ်ခန့် အောင်မြင်မှုရအောင် အားထုတ် ကျင့်ဆောင်သင့်၏။ နောက်ဆုံးမှာ ၁၀၈ ခေါက် ၉ ကြိမ်ခန့် အောင်မြင်မှုရအောင် အထူးကြိုးစား၍ ပွားများ အားထုတ်သင့်ပါသည်။ ထို ၁၀၈ ခေါက်ထက်ပို၍ အားထုတ်ရန် မသင့်တော်ကြောင်း သတိချပ်ကြပါလေ။

၃။ ဥပမာ နမူနာပြ အားထုတ်ပုံ (ခန္ဓသုတ်တော်)

(က) ပထမဦးစွာ မိမိအားထုတ်မည့် ကမ္မဋ္ဌာန်းကျောင်း၊ ဇရပ်သို့မဟုတ် ကျောင်း၊ လိုဏ်ဂူ၊ ဥမင် စသည်တွင်ရှိသော ဘုရားစင်၊ ဘုရားခန်းတွင် ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘအနန္တဂါးပါးအားရည်မှန်း၍ ဆွမ်း၊ ရေချမ်း၊ ယန်း၊ ဆီမီး၊ ဖယောင်းတိုင်မီး၊ အမွှေးတိုင်မီးတို့ကို ကပ်လှူပူဇော်၍ ...

(ခ) ပရိကမ္မနှင့် ဆုတောင်းပုံတို့ကို အစဉ်အတိုင်း ရွတ်ဆို၍ ဆုတောင်းပါ။

(ဂ) ပြီးလျှင် ဘုန်းတော်အလွန်တရာ ကြီးတော်မူထသော ဗုဒ္ဓမြတ်စွာဘုရားအမှူးထား၍ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါး နတ်တို့

ဘုရား... ယနေ့ယခု အချိန်အခါမှစ၍ တပည့်တော်သည် ခန္ဓသုတ်တော်ကို တစ်ထိုင်တည်းနှင့် ၂၇ ခေါက် ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ပါမည်ဟု၍ သစ္စာအဓိဋ္ဌာန်ပြုပါ၏ဘုရား။ ဤကဲ့သို့ ခန္ဓသုတ်တော်အား ၂၇ ခေါက် ရအောင် ရွတ်ဖတ်သရဇ္ဈာယ်နေစဉ်အတွင်း ၂၇ ခေါက် မပြည့်မချင်း ထိုင်ရာမှ မထပါ ဘုရား။ ၂၇ ခေါက် မပြည့်မချင်း နောက်သို့ လှည့်မကြည့်ပါ ဘုရား။ ၂၇ ခေါက် မပြည့်မချင်း မှက်၊ ခြင်၊ ယင်၊ ပုရွက်ဆိတ်များ၊ အဟိတ်တိရစ္ဆာန်များ ကိုက်ခဲပါသော်လည်း မရိုက် မပွတ် မသတ်ပါဘုရား။ ၂၇ ခေါက် မပြည့်မချင်း (၀၊) ၂၇ ခေါက် မပြည့်မီ မည်သူတစ်ဦးတစ်ယောက်က လှမ်း၍ ခေါ်သည်ဖြစ်စေ ပြန်လှန်၍ အသံပြု မထူးပါဘုရား။ ဤမှန်ကန်သော သစ္စာအဓိဋ္ဌာန်ကို ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရှေ့တော်မှောက်၌ မှန်ကန်သော သစ္စာအဓိဋ္ဌာန်ကိုပြုပါ၏ ဘုရား။ ဤသို့လျှင် မှန်ကန်သော သစ္စာအဓိဋ္ဌာန်ကိုပြု၍ (ခန္ဓသုတ်တော်) ကို တစ်ထိုင်တည်းနှင့် ၂၇ ခေါက် စေ့အောင် ရွတ်ဖတ်သရဇ္ဈာယ်ပါမည်ဟု၍ အဓိဋ္ဌာန်ပြုပါ၏ဘုရား။

(ဃ) ထို့နောက် အထက်ပါ အဓိဋ္ဌာန်သစ္စာပြုထားသည့် အတိုင်း မိမိ၏ခန္ဓာကိုယ်အား အနေတော် ထိုင်တတ်သလို ထိုင်၍ ဣရိယာပုတ် တစ်ပါးတည်းဖြင့် ခန္ဓသုတ်တော်ကို ပုံမှန်အသံမှန် (မတိုးလွန်း မကျယ်လွန်း၊ မမြန်လွန်း မနှေးလွန်း)

ပိပိသသ ရွတ်ဖတ်သရဇ္ဈာယ်ရာ၏။ ရွတ်ဆိုရာ၌လည်း ပါဠိ အက္ခရာ အမှားမရှိဘဲ အဖြတ်အတောက်မှန်ကန်စွာ ရွတ်ဖတ်သရဇ္ဈယ်တတ်ရပါမည်။

ခန္ဓသုတ်တော်

(၁) သဗ္ဗာသီဝိသ ဇာတိနံ၊ ဒိဗ္ဗမန္တာဂတံ ဝိယ။
ယံနာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိ သယံ။

(၂) အာဏာခေတ္တမှိ သဗ္ဗတ္တ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံတံ ဘဏာမ ဟေ။

(၃) ဝိရူပက္ခေဟိ မေ မေတ္တံ၊ မေတ္တံ ဧရောပထေဟိ မေ။
ဆဗ္ဗာပုတ္တေဟိမေ မေတ္တံ၊ မေတ္တံ ကဏှာဂေါ တမ ကေဟိစ။

(၄) အ ပါဒကေဟိ မေမေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိမေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

(၅) မာမံ အပါဒကော ဟိသိ၊ မာမံဟိသိ ဒွိပါဒ ကော။
မာမံ စတုပ္ပဒေါ ဟိသိ၊ မာမံ ဟိသိ ဗဟုပ္ပဒေါ။

(၆) သဗ္ဗေသတ္တာ သဗ္ဗေပါဏာ၊ သဗ္ဗေ ဘူတာစ ကေဝလာ။
သဗ္ဗေ ဘဒ္ဒြာနိ ပဿန္တု၊ မာကိဉ္စိ ပါပမာဂမာ။

(၇) အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီ သပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဏ္ဏ မှ သိကာ။

(၈) ကတာမေ ရက္ခာ၊ ကတံမေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ၊ သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။ ။

(ခန္ဓသုတ္တန် နိဋ္ဌိတံ)

တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ပြု၍ ခန္ဓသုတ်တော်အား တစ်ထိုင်တည်းနှင့် ၂၇ ခေါက် ရအောင် ရွတ်ဖတ်သရဇ္ဈာယ် ခဲ့ပါ၏။

(c) ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သော သစ္စာ စကားကြောင့် ...
ဤမှန်ကန်သောသစ္စာ၏ တန်ခိုးတေဇော် အာနုဘော် တော်ကြောင့်လည်းကောင်း၊ တပည့်တော်သည် တစ်ထိုင်တည်းနှင့် သစ္စာအဓိဋ္ဌာန်ပြု၍ ခန္ဓသုတ်တော် အား ၂၇ ခေါက် ရအောင်ရွတ်ဖတ် သရဇ္ဈာယ်ရသော ကုသိုလ်ကောင်းမှုတို့ကြောင့်လည်းကောင်း တပည့် တော်သည် တစ်ထိုင်တည်းနှင့် သစ္စာအဓိဋ္ဌာန်ပြု၍ ၂၇ ခေါက် ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ရသော ခန္ဓသုတ်တော် အစုအပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော် အာဏာတော်တို့ကြောင့် ...
အဆိပ်ရှိသော သတ္တဝါတို့ ဘေးရန် အန္တရာယ်များမှ ထာဝရ ကင်းဝေး ပယောက်ရပါစေသတည်း၊ အဆိပ် ပြင်းထန်သော မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေ၊ ငန်းကြား

အစရှိသော မြွေအမျိုးမျိုးတို့၏ အန္တရာယ်များမှလည်း ကောင်း၊ ရင်ဘတ်ဖြင့် လျှောက်တိုက်သွားတတ်ကြကုန်သော ရှည်လျားသောသတ္တဝါတို့၏ အန္တရာယ်ဘေးရန်များမှလည်းကောင်း၊ အမျိုးမျိုးသော သားရဲတိရစ္ဆာန်များ၏ ဘေးရန်များမှလည်းကောင်း၊ အစွယ်ရှိသော သတ္တဝါများ၊ ဦးချိုရှိသော သတ္တဝါများ၊ ခွန်အားရှိသော သတ္တဝါများ၊ အဆိပ်အားကိုးသော သတ္တဝါများတို့၏ ဘေးရန်အန္တရာယ်များမှ ထာဝရကင်းဝေး ပယောက်ကြပါစေသတည်း။

ဤခန္ဓသုတ်သည်လည်း အဆိပ်ရှိသော မြွေဆိုး၊ မြွေဟောက်၊ မြွေအန္တရာယ်များ ကင်းဝေးစေတတ်ပါသည်။ ဤခန္ဓသုတ် အဓိဋ္ဌာန်ကို ပွားများအားထုတ်၍ အဓိဋ္ဌာန်ကို ခဏခဏ အကြိမ်ပေါင်းများစွာ အောင်မြင်ထားသော ပုဂ္ဂိုလ်တို့၌ သွားလေရာ၊ လာလေရာ၊ နေလေရာတို့၌ အဆိပ်ရှိသော သတ္တဝါတို့၏ ရန်အန္တရာယ်များမှ ထာဝရ ကင်းဝေးရတော့၏။ မြွေမှန်သမျှတို့ကို နှိမ်နင်းစေရ၏။ မြွေကိုက်သည့်အတွက် ဖြစ်ပေါ်လာသော ရောဂါအနာတို့ကိုလည်း ကုသကယ်မနိုင်စေပါလိမ့်မည်။

(စ) ရောဂါ ဝေဒနာ အနာအတွက် ဆုတောင်းပုံ

တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ပြု၍ ခန္ဓသုတ်တော်အား တစ်ထိုင်တည်းနှင့် ၂၇ ခေါက် ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါ၏။

ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကား ကြောင့်၊ ဤမှန်ကန်သောသစ္စာ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း တပည့်တော်သည် တစ်ထိုင်တည်းနှင့် သစ္စာအဓိဋ္ဌာန်ပြု၍ ခန္ဓ သုတ်တော်အား ၂၇ ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှုတို့ကြောင့်လည်းကောင်း၊ တပည့်တော်သည် တစ်ထိုင်တည်းနှင့် သစ္စာအဓိဋ္ဌာန်ပြု၍ ၂၇ ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ခန္ဓသုတ်တော် အစုအပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော် အာဏာတော်တို့ကြောင့်...

တပည့်တော်၏ ခန္ဓဝါးပါး ရုပ်နာမ်တရားတို့၌လည်းကောင်း၊ တပည့်တော်၏ ခန္ဓာကိုယ် ၃၂ ကောဋ္ဌာသတို့၌လည်းကောင်း၊ အလုံးစုံသော ဘေးမှန်သမျှ၊ ရန်မှန်သမျှ၊ ဒဏ်မှန်သမျှ၊ အန္တရာယ်မှန်သမျှ၊ ရောဂါမှန်သမျှ၊ အနာမှန်သမျှ၊ အပါအဝင် အလုံးအကြိတ်အခဲ၊ အဖုအကြိတ် အနာအဆာ ရောဂါမှန်သမျှတို့သည်လည်းကောင်း၊ လည်ပင်း၊ လည်ချောင်းနှင့် ပတ်သက်သော ရောဂါအနာတို့သည်လည်းကောင်း၊ နှလုံးနှင့် ပတ်သက်သော ရောဂါအနာတို့သည်လည်းကောင်း၊ အဆုတ်နှင့်ပတ်သက်သော ရောဂါအနာတို့သည်လည်းကောင်း၊ အသည်းနှင့်ပတ်သက်သော ရောဂါအနာတို့သည်လည်းကောင်း၊ အစာအိမ်နှင့် ပတ်သက်သော ရောဂါ အနာတို့သည်လည်းကောင်း၊

ခြေထောက်နှစ်ချောင်းခ္ဍရှိသော ,ထုံနာ၊ ကျဉ်နာ၊ ရောဂါ အနာတို့သည်လည်းကောင်း၊ ပိန်းကြာဖက်ဖျား ရေမတင် လျှောကျဘိသက္ခဲသို့ အပြီးတိုင်ကင်းရှင်းပပျောက်၍ သက်သာပျောက်ကင်း ချမ်းသာပါစေသတည်း။

ငါးခါဆို၍ ဆုတောင်းသစ္စာပြုတတ်ကြကုန်ရာ၏။

ဤနည်းဖြင့် ကုသရခက်ခဲသော ရောဂါ ဝေဒနာများကို လျင်မြန်စွာ သက်သာပျောက်ကင်းစေရ၏။ ဆရာသမားတော် အများအပြား လက်လျှော့ထားရသော ခက်ခက်ခဲခဲရောဂါ၊ အနာများကို ဤနည်းအတိုင်း၊ အဓိဋ္ဌာန် ကျင့်ဆောင်၍ ဤနည်းအတိုင်း သစ္စာပြု ဆုတောင်းခြင်းဖြင့် အထူးသိသာထင်ရှားစွာ သက်သာပျောက်ကင်းစေပါလိမ့်မည်။

(မှတ်ချက်) သစ္စာသမာဓိတည်သောအခါဝယ် နှယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။ သစ္စာမန္တာန် လျင်မြန် ထက်မြက်တန်ခိုးထက်၏။ သစ္စာနှုတ်သီး သြဇာကြီး၏။

(ဆ) စိတ်အေးချမ်းသာယာမှုအတွက် သစ္စာဆုတောင်းပုံ

ဘုရားရှေ့တော်တွင် လက်အုပ်ချီမိုးလျှက် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူပေထသော အစိန္ဒြေယျသုံးလောကထွဋ္ဌထား သဗ္ဗညုမြတ်စွာဘုရားနှင့်တကွ ဘုရား၊ တရား၊ သံဃာဟူသော ရတနာမြတ်သုံးပါးတို့ ဘုရား ...

တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ပြု၍ ခန္ဓသုတ်တော်အား တစ်ထိုင်တည်းနှင့် ၂၇ ခေါက် ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ပါ၏။

ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကား ကြောင့်လည်းကောင်း၊ တပည့်တော်သည် တစ်ထိုင်တည်းနှင့် သစ္စာအဓိဋ္ဌာန်ပြု၍ ခန္ဓသုတ်တော်အား ၂၇ ခေါက် ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှုတို့ကြောင့်လည်း ကောင်း တပည့်တော်သည် တစ်ထိုင်တည်းနှင့် သစ္စာအဓိဋ္ဌာန် ပြု၍ ၂၇ ခေါက် ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော ခန္ဓသုတ်တော် အစုအပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်၊ အာဏာတော်တို့ကြောင့် ...

တပည့်တော်၏ ကိုယ်စိတ် နှစ်ပါးစလုံးသည် ထာဝရ တည်ကြည်အေးချမ်းပါစေသတည်း။

တပည့်တော်၏ ကိုယ် စိတ် နှစ်ပါးစလုံးသည် ထာဝရ တည်ငြိမ်အေးချမ်းပါစေသတည်း။

တပည့်တော်၏ ကိုယ် စိတ် နှစ်ပါးစလုံးသည် ထာဝရ အေးချမ်းသာယာပါစေသတည်း။

တပည့်တော်၏ ကိုယ် စိတ် နှစ်ပါးစလုံးသည် ထာဝရ ငြိမ်းချမ်းသာယာပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ဆင်းရဲမှု၊ သောက ဗျာပါဒ ပရိဒေဝ ဒုက္ခတရားတို့မှ ထာဝရလွတ်မြောက်

ပါစေသတည်း။ တပည့်တော်သည် ဘေးအမျိုးမျိုး ရန်အသွယ်သွယ် အန္တရာယ်အပေါင်းတို့မှ ကင်းဝေးပယောက်ကြောကုန်သည် ဖြစ်၍ ဘုရား၊ ရဟန္တာ၊ အရိယာ သူတော်ကောင်းတို့ ဝင်စံရာ ဖြစ်သော မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားတော်မြတ်ကို အာရုံပြု မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်သည် ကောန်အမှန် ဖြစ်ပါစေသတည်း။

(အထူးမှတ်သားကြရန်အချက်)

ဤခန္ဓသုတ်တော်မြတ်ကိုလည်း ယခင်ရှေ့ဝိုင်းက ပြဆိုခဲ့သော မေတ္တာသုတ်တော်ရှတ်နည်းအတိုင်းပင် ပထမဦးစွာ အဓိဋ္ဌာန်သစ္စာပြုလျှင် ၉ ခေါက် ၉ ရက် အဓိဋ္ဌာန်ပြု၍ ကျင့်ဆောင် အားထုတ်ပါ။ ထို ၉ ခေါက်၊ ၉ ကြိမ်ခန့် အဓိဋ္ဌာန်အကျင့် အောင်ထားပြီးပါက ၁၈ ခေါက် ၉ ကြိမ်တက်၍ အဓိဋ္ဌာန် သစ္စာပြု၍ အားထုတ်ပါ။ ထို့နောက် ၂၇ ခေါက် ၉ ကြိမ် တက်၍ အဓိဋ္ဌာန် သစ္စာပြု၍ ကျင့်ကြံဖွားများ အားထုတ်ပါ။ ဤသို့သောနည်းဖြင့် နောက်ဆုံး ၁၀၈ ခေါက် ၉ ကြိမ် အောင်မြင်အောင် ကျင့်ဆောင်ဖွားများ အားထုတ်သင့်သည်ဟု ဆိုလိုပါသည်။ ထို ၁၀၈ ခေါက်ထက်ကား ဝိုမိ၍ ကျင့်ဆောင်ရန် မသင့်တော်ကြောင်း၊ မလျော်ကန်တော့ကြောင်း သတိပြုပါလေ။

ထို့ကြောင့် မေတ္တာသုတ်အကျင့်လမ်း ဖြစ်စေ၊ ခန္ဓသုတ်အကျင့်လမ်းဖြစ်စေ၊ ပုံမှန်အားဖြင့် ၂၇ ခေါက်နှုန်းဖြင့်သာ သစ္စာ

အဓိဋ္ဌာန်ပြု၍ ရွတ်ဖတ်သရဇ္ဈာယ်သင့်ပါသည်။ အသင့်တော်ဆုံး အလျော်ကန်အသင့်မြတ်ဆုံး ဖြစ်ပါသည်။ ထို့ထက် လွန်ကဲ၍ ၃၆ ခေါက်နှုန်းမှစ၍ ၁၀၈ ခေါက်နှုန်းအထိ အဓိဋ္ဌာန် သစ္စာပြု သရဇ္ဈာယ် ပွားများပါလျှင် အတွေ့အကြုံ ရင့်ကျက်ပြီးသော ပုဂ္ဂိုလ်များ၊ ရဟန်းသံဃာတော်များ၊ အိမ်ထောင်မရှိ တစ်ကိုယ်တည်း ပုဂ္ဂိုလ်များ၊ စိတ်ဓာတ်ခိုင်မာသော ပုဂ္ဂိုလ်များ၊ သမာဓိရင့်ကျက်သော ပုဂ္ဂိုလ်များနှင့်သာ သင့်တော်လျော်ကန်လှ၏။ အလွန် အဖျက်အဆီးများလှ၏။ အကျင့်မပျက် ပျက်အောင် အဓိဋ္ဌာန်သစ္စာမပျက် ပျက်အောင် နည်းအမျိုးမျိုးနှင့် ဖျက်ဆီးတတ်ပါသည်။ (အထူးသတိထားကြပါကုန်လော့) အမျိုးသမီးများ စိတ်ရောဂါ၊ နှလုံးရောဂါ အခံရှိသော အမျိုးသမီးများ၊ သွေးတိုးသွေးတက် မမှန်သော အမျိုးသမီးများသည် နေ့စဉ် အနည်းဆုံး ၃ ခေါက်၊ အများဆုံး ၉ ခေါက်ထက်ပို၍ မကျင့်သုံးသင့်ကြောင့် အထူးသတိရှိကြပါလေ။

ခန္ဓသုတ်တော်နှင့် မေတ္တာသုတ်များသည် မေတ္တာတရားကို အရင်းခံ ဖွဲ့စည်းထားသည် ဖြစ်ပါသောကြောင့် ဘုမ္မစိုးနတ်များ၊ ရုက္ခစိုးနတ်များ၊ အာကာသစိုးနတ်များ၊ အခြားအခြားသော နတ်ဒေဝါများ၊ သမ္မာဒေဝနတ်များ၊ ဒေဝဗ္ဗရာနတ်သမီးများ၊ ဒေဝဂ္ဂတ္တိများ၊ ဒေဝကိန္နရီများ၊ များစွာသော နတ်မိစ္ဆာများ ချစ်ခင်မှု၊ လေးစားမှု၊ ဝမ်းသာ ပျော်ရွှင်မှု အားကောင်းလှသောကြောင့် ထိုမေတ္တာသုတ်နှင့် ခန္ဓသုတ် သရဇ္ဈာယ် ရွတ်ဖတ်မှု သစ္စာအဓိဋ္ဌာန် ကျင့်စဉ်သည် နတ်များ၊

ဖျက်ဆီးလာတတ်ကြသည်။ လမိုင်းနတ်များ ကပ်လာစေတတ်သည်။ နတ်မိန်းမများ၊ မိစ္ဆာနတ်မများ၊ သူယောင်နတ်မများ၊ အဖျက်အဆီး များပြားလာနိုင်ပါသည်။ အထူးသတိပြုပါ။ မိမိအားထုတ် ကျင့်ဆောင်မည်ဆိုလျှင် လက်တွေ့ ပွားများ အားထုတ်၍ အောင်မြင်မှုရရှိထားသော ဆရာသမား (ကမ္မဋ္ဌာန်းစရိယ) ဆရာတော်တစ်ပါးပါးနှင့် အနီးကပ်စောင့်ရှောက်ထား၍ ပွားများ အားထုတ်သင့်ပါကြောင်း သတိပေးအပ်ပါသည်။

ဤမေတ္တာသုတ်တော် အဓိဋ္ဌာန် သစ္စာပြု ရွတ်ဖတ်သရဇ္ဈာယ်နည်းနှင့် ခန္ဓသုတ်တော် အဓိဋ္ဌာန် သစ္စာပြု ရွတ်ဖတ်သရဇ္ဈာယ်၍ အဓိဋ္ဌာန်ကျင့်စဉ်တို့ကို အနည်းဆုံး ၉ ကြိမ်ခန့် အောင်မြင်ထားသော ပုဂ္ဂိုလ်များသည် လောကတွင် ပြောတိုင်းဆိုတိုင်း အောင်မြင်လာရတော့၏။ ဘောင့်တတိုင်း၊ ဆန္ဒရှိတိုင်း၊ ဆုတောင်းတိုင်း၊ တမ်းတတိုင်း၊ အဓိဋ္ဌာန်ပြု ဆုတောင်းတိုင်း ရရှိလာတတ်ကြကုန်၏။ ရောက်လေရာ အရပ်ဒေသများတွင် လည်းကောင်း၊ မိမိနေထိုင်ရာမြို့ရွာ ဒေသများတွင်လည်းကောင်း၊ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ရွာစောင့်နတ်များ၊ မြို့စောင့်နတ်များ၊ ဘုမ္မစိုးနတ်များ၊ ရုက္ခစိုးနတ်များ၊ သမ္မာဒေဝနတ်များ ချစ်ခင်ကြ၍ စောင့်ရှောက်ကူညီကြရန် လာရောက်ကြရကုန်၏။ ခုနစ်ရက်သားသမီးများ၊ ရွာသူရွာသားများ၊ ရပ်သူရပ်သားများ၊ မြို့သူမြို့သားများ၊ ပြည်သူပြည်သားများ၊ နိုင်ငံသူနိုင်ငံသားများ ချစ်ခင်လေးစားလာကြရကုန်တော့၏။ သွားလေရာ လာလေရာ နေလေရာတို့၌ အစားအသောက်၊ အဝတ်အထည်၊

အသုံးအဆောင်များ ပေါများလာရကုန်၏။ ဝင်ရောက်လာရ
ကုန်၏။ ပြည့်စုံလာရကုန်၏။ အနာရောဂါ ကင်းဝေးရ၏၊
ကောင်းစွာ အိပ်ရ၏။ ကောင်းသော အိပ်မက်များကိုသာ
မြင်မက်ရတတ်၏။ ကောင်းစွာနိုးထလာရ၏။ စည်းစိမ်၊ ဥစ္စာ၊
ရတနာ၊ ရွှေ၊ ငွေ ပေါများ ကြွယ်ဝလာစေတတ်၏။ စီးပွားရေး၊
ဝင်ငွေများ၊ အလုပ်အကိုင်များ စိတ်ထင်တိုင်း၊ ကြိုးစားအား
ထုတ် ဆောင်ရွက်တိုင်း တိုးပွားရရှိလာကြရကုန်၏။ ကြံတိုင်း
အောင် ဆောင်တိုင်းမြောက် တောင့်ဝေတိုင်း ရရှိနိုင်သော ဘဝမျိုး
ကို ရမှန်းမသိ ရရှိလာခြင်း၊ ဖြစ်မှန်းမသိ ဖြစ်လာတတ်ခြင်း၊
ရောက်မှန်းမသိ ရောက်ရှိလာတတ်ပါလိမ့်မည်။ သွားလေရာ
လာလေရာ နေလေရာတို့တွင် အန္တရာယ်များမှ ကင်းဝေးရ၏။
ဘေးရန်များမှ ကင်းဝေးရ၏။ အနာရောဂါများမှ ကင်းဝေးရ၏။
အပူသောက မှန်သမျှ ကင်းဝေးရ၏။ လောကီ၊ ဆင်းရဲဒုက္ခ
မှန်သမျှတို့မှ လွတ်မြောက်စေရတော့၏။ ပညာလိုလား
ဗုဒ္ဓဘာသာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည်
အထူးကြိုးစား၍ အားထုတ် ပွားများ သရဏာယ်သင့်ကြောင်း
အသိပေးအပ်ပါသတည်း။

(ဤတွင် ခန္ဓသုတ်တော် အဓိဋ္ဌာန်အကျဉ်ပြီး၏)

၄။ ဥပမာ နမူနာပြ အားထုတ်ပုံ
(မဟာသရဏာဂုံတော် ၃၆ ပါး)

(က) ပထမဦးစွာ တန်ခိုးကြီးသော၊ သက်တော် တစ်ထောင် ပြည့်၍ကျော်သော သမိုင်းဝင်စေတီတော်ဘုရားများတွင် စုစုပေါင်း ၁၂ ဆူပြည့်အောင် အားထုတ်ပွားများရပါမည်။ တစ်ဆူလျှင် ရက်ပေါင်း ၃၀ တစ်လ အဓိဋ္ဌာန် သစ္စာပြု၍ အားထုတ်ပွားများရပါမည်။

(ခ) ဘုရားစေတီတော်ပေါင်း ၁၂ ဆူ အဓိဋ္ဌာန် အောင်ပြီးပါက သမိုင်းဝင် အဓိကရ သစ်ပင်ကြီးပေါင်း ၁၂ သစ်ပင်တွင် အဓိဋ္ဌာန်သစ္စာပြု၍ အားထုတ်ပွားများရပါမည်။ သစ်ပင် တစ်ပင်လျှင် ရက်ပေါင်း ၃၀ တစ်လ အဓိဋ္ဌာန်သစ္စာပြု၍ ပွားများ အားထုတ်ရပါမည်။ ထိုနည်းအတိုင်း သစ်ပင် ကြီးပေါင်း ၁၂ ပင် စေ့အောင် အားထုတ်ရပါမည်။

(ဂ) ဤသို့ ရက္ခမူအကျင့် သစ်ပင် ၁၂ ပင် အဓိဋ္ဌာန်အကျင့် အောင်မြင်ပြီးပါက သမိုင်းဝင် အဓိကရ တောကြီးပေါင်း ၁၂ တောစေ့အောင် အဓိဋ္ဌာန်သစ္စာပြု၍ အားထုတ်ရပါမည်။ တစ်တောလျှင် ရက် ၃၀၊ တစ်လ အဓိဋ္ဌာန်သစ္စာပြု၍ ပွားများ အားထုတ်ရပါမည်။ ၀ုစုပေါင်း တောကြီး ၁၂ တောစေ့အောင် အဓိဋ္ဌာန် သစ္စာပြု အားထုတ်ရပါမည်။

(ဃ) ထိုသို့ တောကြီးပေါင်း ၁၂ တော အဓိဋ္ဌာန် သစ္စာ အောင်ပြီးပါက အဓိကရ သမိုင်းဝင်တောင်ကြီးပေါင်း ၁၂ တောင်ကို အဓိဋ္ဌာန်သစ္စာပြု ကျင့်ဆောင် အားထုတ်ရပါမည်။ ယခင်အထက်နည်းအတိုင်းပင် တောင်ကြီး တစ်တောင်လျှင် ရက်ပေါင်း ၃၀ တစ်လ အဓိဋ္ဌာန်သစ္စာပြု၍ ပွားများ အားထုတ်ရမည်ကို သတိပြု ပါလေ။ ဤနည်းဖြင့် တောင်ကြီးပေါင်း ၁၂ တောင် စေ့အောင် ကျင့်ကြံပွားများ အားထုတ်ရပါမည်။

(မှတ်ချက်) သမိုင်းဝင်ဆိုသည်မှာ နာမည်ကြီးသော ပိတောက်ပင်၊ သရဖီပင်၊ အင်ကြင်းပင်၊ ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ ဒန်းကြီးပင်၊ ပျဉ်းမပင်စသည့် နာမည်ရှိပြီးသား ရေးနှစ်ပေါင်း များစွာမှ လူသားများ သိရှိ၍ မှတ်တမ်းမှတ်ရာ ပြုခဲ့သော သစ်ပင်ကြီးများကို ဆိုလိုသည်။

ထို့အတူ သမိုင်းဝင်ဘုရားစေတီဆိုသည်မှာ ရွှေတိုဂုံစေတီတော်၊ ရွှေဆံတော်စေတီတော်၊ မြသလွန်စေတီတော် အစရှိသော ရှေးဟောင်းသမိုင်းဝင်လူ၊ နတ် အသိများသော၊ သမိုင်းရာဇဝင် ထင်ရှားသော စေတီတော်များကို ဆိုလိုပါသည်။

သမိုင်းဝင်တောင်ကြီးများ ဆိုရာ၌လည်း မင်းဝံတောင်၊ ရန်ကင်းတောင်၊ ပုပ္ပားတောင်၊ စစ်ကိုင်းတောင်၊ တန်ကြည်တောင် စသော တောင်ကြီးများကို ဆိုလိုပါသည်။ တောကြီးဆိုရာ၌လည်း ထိုနည်းတူစွာပင် တွံတေးတောကြီး၊ မဟာမြိုင်တောကြီး၊ စက်တော်ရာတောကြီး စသည်များကို ဆိုလိုပါသည်။

အစ ပထမ အားထုတ်ပုံ

သက်တော် တစ်ထောင်ကျော်သော တန်ခိုးကြီး ဘုရားစေတီ၏ မိမိမွေးနံအရပ် ဘုရားတွင် ဆွမ်း၊ ရေချမ်း၊ ယန်း၊ ဆီမီး၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ကို ကပ်လှူပူဇော်၍ ယခင်ပြဆိုခဲ့သောနည်းအတိုင်း ပရိကမ္မနှင့် ဆုတောင်းပုံတို့ကို ကပ်လှူပူဇော်၍ ယခင်ပြဆိုခဲ့သောနည်းအတိုင်း ပရိကမ္မနှင့် ဆုတောင်းပုံတို့ကို ဘုရားရှေ့တော်မှောက်တွင် အစဉ်အတိုင်း ပရိကမ်ပြု၍ ဆုတောင်းပါ။ ပြီးလျှင် ဆက်လက်၍ သစ္စာအဓိဋ္ဌာန် ပြုရမည်မှာ -

(c) ဘုန်းတော် အလွန်တရာ ကြီးတော်မူထသော ဗုဒ္ဓ မြတ်စွာ ဘုရား အမှူးထား၍ ဘုရားရတနာ၊ တရား ရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ဘုရား ။ တပည့်တော်သည် ယနေ့ယခု အချိန်အခါမှစ၍ မဟာသရဏာဂုံတော် ၃၆ ပါးတို့ အားရက်ပေါင်း ၃၀ တစ်လ တိတိ အဓိဋ္ဌာန် သစ္စာပြု၍ ပွားများ သရဇ္ဈာယ်ပါမည်ဟု၍ သစ္စာအဓိဋ္ဌာန်ပြုပါ၏ဘုရား။ ထိုအဓိဋ္ဌာန် သစ္စာပြုထားသော ရက်ပေါင်း ၃၀ တစ်လအတွင်း၌ နေ့စဉ် (သို့မဟုတ်) ညစဉ် မဟာသရဏာဂုံတော် ၃၆ ပါးအား ၁၀၈ ခေါက် ရအောင် ရွတ်ဖတ် သရဇ္ဈာယ် ပါမည်ဟု၍ သစ္စာအဓိဋ္ဌာန်ပြုပါ၏ဘုရား။

(စ) ဤသို့လျှင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရှေ့တော်မှောက်၌ သစ္စာအဓိဋ္ဌာန်ပြုပြီးနောက် မိမိသည် စကား အပြောအဆို နည်းနိုင်သမျှ နည်းပါးစွာ နေထိုင်ခြင်း၊ ဖြစ်နိုင်ပါလျှင် မည်သူနှင့်မှ စကားစမြည် မပြောမဆိုဘဲ နေနိုင်လျှင် အကောင်းဆုံး ဖြစ်ပါလိမ့်မည်။ ညဘက်ကို အားထုတ်လျှင် နေ့ဘက်ကို အိပ်စက်ပါ။ နေ့ဘက်ကို အားထုတ်လျှင် ညဘက်ကို အိပ်စက်နိုင်ပါသည်။ အားလပ်နေပါလျှင် မေတ္တာပို့သခြင်း၊ ဂါထာမန္တာန်များအား သရဇ္ဈာယ်ခြင်း၊ အမျှပေးဝေခြင်းကို ပြုသင့်လှပါသည်။

(ဆ) မဟာသရဏာဂုံတော် ၃၆ ပါးသည် ရွတ်ဖတ် သရဇ္ဈာယ် ပွားများပါက နာရီစုစုပေါင်း ၃ နာရီနှင့် မိနစ် ၃၀

ကြာပေလိမ့်မည်။ မဟာသရဏာဂုံတော်ကို ကျွမ်းကျင်လိမ္မာစွာ အဆက်မပြတ်ရွတ်ပွား သရဇ္ဈာယ်ခြင်းကို ဆိုလိုပါသည်။ ရွတ်ဖတ် သရဇ္ဈာယ်ရာ၌ နေ့းကွေးခြင်း၊ လေးလံခြင်း၊ ခန္ဓာကိုညှာ၍ သက်သာသလို အနားယူများနေပါက မဟာသရဏာဂုံ ၃၆ ပါး သည် ၁၀၈ ခေါက် စေ့အောင် ၄ နာရီ မိနစ် ၃၀ သို့မဟုတ် ၅ နာရီခန့် ကြာမြင့်သွားနိုင်ပါသည်။ မဟာသရဏာဂုံတော် ၃၆ ပါးကို အနားမပေးဘဲ ကျွမ်းကျင်လိမ္မာစွာ အဆက်မပြတ် ၁၀၈ ခေါက် စေ့အောင် ရွတ်ဖတ်သရဇ္ဈာယ်ပါလျှင် ၃ နာရီနှင့် မိနစ် ၃၀ ကြာမြင့်ကြောင်းကို လက်တွေ့၊ ကိုယ်တွေ့ အားထုတ်ဖူးမှ သိနိုင်ပါလိမ့်မည်။

(၁)မှတ်ချက်။ ။ မဟာသရဏာဂုံ ၃၆ ပါးကို ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် မမြန်လွန်း၊ မနှေးလွန်း၊ အနေတော် ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။ မတိုးလွန်း မကျယ်လွန်း ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။ (ရွတ်ဖတ် သရဇ္ဈာယ်ရာ၌ မိမိနှုတ်ဖျားက ရွတ်ဆိုသောအသံကို မိမိနားက ကြားသိရုံ၊ အသံခပ်တိုးတိုး ရွတ်ဖတ် သရဇ္ဈာယ်ရမည်ကို အထူးသတိပြုပါလေ)၊ ရွတ်ဖတ် သရဇ္ဈာယ်ရာမှာ မြန်လွန်းအားကြီးလျှင် အက္ခရာ မပီမသ ရောထွေး ရောပြွမ်းလာတတ်ခြင်းကြောင့် အဓိဋ္ဌာန်မအောင်မမြင် ဖြစ်စေနိုင်ပါသည်။ နှေးလွန်း၊အားကြီး

လျှင်လည်း တော်ရုံတန်ရုံ အဓိဋ္ဌာန်မပြိုးနိုင်တော့ဘဲ ကြာလာလေ လေးလံလာလေ၊ ကြာလာလေ အိမ်ငိုက်လာလေ ဖြစ်ပေါ်လာတတ်ပြီး အဓိဋ္ဌာန်အကျင့် ယုတ်စီးလာတတ်တော့၏။ ထို့ကြောင့် ရွတ်ဖတ် သရဇ္ဈာယ်ရာ၌ ပီပီသသ စိတ်ပါလက်ပါ တက်တက်ကြွကြွ ရွတ်ဖတ်သရဇ္ဈယ်ရန် အထူး လိုအပ်လှကြောင်း အထူးသတိပြုကြပါလေ။

(၂) မှတ်ချက်။ ။ ဤစာအုပ်ပါ အကျင့်လမ်းများ သစ္စာအဓိဋ္ဌာန်ဖြင့် ပွားများသရဇ္ဈာယ်သော အကျင့်လမ်းမှန်သမျှသည် သူတစ်ပါး၏ အသွေးအသား၊ အရိုးအဆီများဖြင့် ခန္ဓာကိုယ်ကို မမွေးမမြူဘဲ အသက်သတ်လွတ်ဆွမ်း၊ ခဲဖွယ်၊ အစာအာဟာရတို့ကိုသာ ဘုဉ်းပေးသုံးဆောင်၍ ကျင့်ကြံပွားများ အားထုတ်ပါက ပိုမိုခရီးပေါက် အောင်မြင်ပြီးစီးနိုင်ပါသည်။ ထိုပြင် အကျင့်သီလတို့ကိုမူ အသက်မျှ တန်ဖိုးထား၍ သီလကို လုံခြုံအောင် စောင့်ထိန်းဖို့ အရေးကြီးလှပါသည်။

မဟာသရဏာဂုံ ၃၀ သို့မဟုတ် မဟာသရဏာဂုံတော် ၃၆ ပါးတို့သည် မှုကွဲများစွာကို တွေ့ဖူးခဲ့ပါပြီ။ အချို့ မဟာသရဏာဂုံများသည် ပါဠိအက္ခရာများ မလိုအပ်ဘဲ ပိုနေတာမျိုးများ တွေ့လာခဲ့ရပါသည်။ ယခုပြသ ရေးသားမည့် မဟာသရဏာဂုံတော် ၃၆ ပါးတို့သည် ရှေးရှေးသော အရည်ဝါသီ တောရမှီ

သည့် ဆရာတော်ကြီးများ အစဉ်အဆက် ရွတ်ဆို သရဇ္ဈာယ်တော် မူခဲ့သော (မဟာသရဏာဂုံတော်) တို့ကို စာပေကျမ်းဂန် ပိဋကတ်တော်များနှင့်အညီ ပါဠိ အက္ခရာ အထားအသို မှန်ကန်မှု ရှိစေရန်နှင့် အနက်အဓိပ္ပာယ် ပေါ်လွင်နေစေရန် သုတ်သင်ပြင်ဆင်၍ အကျွန်ုပ် ကျမ်းပြုအရှင် ကိုယ်တော်တိုင် နှစ်ပေါင်းများစွာ လက်တွေ့ ကိုယ်တွေ့ အားထုတ် ပွားများလာခဲ့သော မဟာသရဏာဂုံတော် ၃၆ ပါးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၈)မဟာသရဏာဂုံတော် ၃၆ ပါး

(၁) ဇာတိ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆामိ
ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဇာတိ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ

(၂) ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဘောဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဘောဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၃) ဧဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဧဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂ္ဆာမိ
ဧဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၄) ယာဝ ဧဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ယာဝ ဧဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ယာဝ ဧဝံ သံဃံ သရဏံ ဂစ္ဆာမိ။

(၅) မရဏ ကာလ ဗုဒ္ဓံ သရဏံ ဂစ္ဆामိ
မရဏ ကာလ ဓမ္မံ သရဏံ ဂစ္ဆာမိ
မရဏ ကာလ သံဃံ သရဏံ ဂစ္ဆာမိ။

(၆) မရဏ ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
မရဏ ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
မရဏ ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၇) အရဟတ္တ ကာလ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အရဟတ္တ ကာလ ဓမ္မံ သရဏံ ဂစ္ဆာမိ
အရဟတ္တ ကာလ သံဃံ သရဏံ ဂစ္ဆာမိ။

(၈) အရဟတ္တ ကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အရဟတ္တ ကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အရဟတ္တ ကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၉) နိဗ္ဗာန ကာလ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ကာလ ဓမ္မံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ကာလ သံဃံ သရဏံ ဂစ္ဆာမိ။

(၁၀) နိဗ္ဗာန ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၁၁) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

(၁၂) ဗုဒ္ဓေါမေနာထော သတ္တပါကာရံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဗုဒ္ဓေါမေနာထော သတ္တပါကာရံ
ဓမ္မံ သရဏံ ဂစ္ဆာမိ
ဗုဒ္ဓေါမေနာထော သတ္တပါကာရံ
သံဃံသရဏံ ဂစ္ဆာမိ။

(မဟာသရဏဂုံ ၃၆ ပါး နိဋ္ဌိတံ)

ဤသို့လျှင် မဟာသရဏဂုံတော် ၃၆ ပါး ကျင့်ကြံပွားများ အားထုတ်ကြရာတွင် ရဟန်း၊ သံဃာတော်များ အိမ်ထောင်မရှိ တစ်ကိုယ်ရေ တစ်ကာယ ပုဂ္ဂိုလ်များမှာမူ (စေတီတော်ပေါင်း ၁၂ ဆူ) (သစ်ပင်ကြီးပေါင်း ၁၂ ပင်) (တောကြီးပေါင်း ၁၂ တော) (တောင်ကြီးပေါင်း ၁၂ တောင်) စသည်ဖြင့် အားထုတ်ပုံ လေးမျိုးစလုံးကို အားထုတ်နိုင်ပါသည်။ သို့သော်လည်း ထို အားထုတ်ပုံ လေးမျိုးစလုံးမှ တစ်မျိုးမျိုးကို အောင်မြင်ထားလျှင် ပင် လောကတွင် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ယောဂျားအာစေနည် ပါရမီရှင်ကြီးဖြစ်ကြရတော့၏။

ထိုအားထုတ်ပုံနည်းစနစ် လေးမျိုးမှ ပထမအဆင့် စေတီ တော်ပေါင်း ၁၂ ဆူ၊ တစ်ဆူမှာ တစ်လ ရက် ၃၀ အဓိဋ္ဌာန်ဖြင့် စုစုပေါင်း ရက်ပေါင်း ၃၆၅ ရက်၊ တစ်နှစ်အတွက် အားထုတ်မိ လျှင်ပင် အဘိညာဉ် ဝိဇ္ဇာဉာဏ်များတို့ကို ပေါက်မြောက်နိုင်ပြီး

သာသနာပြုပုဂ္ဂိုလ်အစစ် ဖြစ်လာရခြင်း၊ ဗုဒ္ဓသာသနာတော်မြတ်ကို မိမိစိတ်ကြိုက် ပြုချင်သလိုပြုနိုင်လာတော့၏။ နည်းမှန်လမ်းမှန် အားထုတ်ပုံနည်းစနစ် လေးမျိုးစလုံး အောင်မြင်ထားသော ပုဂ္ဂိုလ်များမှာမူ လောကီတွင် ပြောစရာမလိုတော့အောင် အစစ အရာရာ အောင်မြင်ပြီးစီးလာရတော့၏။ သိဒ္ဓိအမျိုးမျိုးကို အောင်မြင်ပြီးစီးရ၏။ အဘိညာဉ် အမျိုးမျိုး၊ ဝိဇ္ဇာဉာဏ်အမျိုးမျိုးတို့ကို အစိုးရ အောင်မြင်နိုင်ပါတော့၏။ အသိပညာ၊ အတတ်ပညာ၊ အကြားပညာ၊ အမြင်ပညာများ၊ အထူးထူးသောပညာများ ရရှိခံစားလာရတော့၏။ စိတ်မှ ကြံစည်တိုင်း ပြီးစီးလာရတော့၏။ တောင့်တတိုင်း၊ ဆုတောင်းတိုင်း ရရှိလာရတော့၏။ စိတ်သွားတိုင်း ကိုယ်ပါ လိုရာခရီးကို ပေါက်မြောက်နိုင်လာရတော့၏။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ၊ ဝိဇ္ဇာမိုရ် ပုဂ္ဂိုလ်များ၊ နတ်ကောင်းနတ်မြတ်များနှင့် မြင်တွေ့ရတတ်ပြီး ထိုပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ ထံမှ အတတ်ပညာအမျိုးမျိုးတို့ကို ရရှိလာစေနိုင်ပါသည်။ သိဒ္ဓိလမ်း၊ မဟိဒ္ဓိလမ်း၊ ပညာလမ်းအားလုံး ပြီးစီးလာရတော့၏။ များစွာသော ရုက္ခစိုးနတ်များ၊ ဘုမ္မစိုးနတ်များ၊ အာကာသစိုးနတ်များ၊ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ အထူးကူညီ စောင်မ ကြည့်ရှုလာကြရကုန်၏။ ဘေးရန် အန္တရာယ်မှန်သမျှ၊ ရောဂါဝေဒနာမှန်သမျှ ထာဝရကင်းဝေးပယောက်ပြီး ဖြစ်လာရတော့၏။ ဣစ္ဆာသယ လိုတရာဘဝမျိုး ဖြစ်လာရတော့၏။

အထူးမှတ်ချက်

မဟာသရဏာဂုံတော်ကို နှုတ်ကရွတ်၍ ၃၆ ပါးစလုံး ရွတ်၍ဆုံးမှ ပုတီးတစ်လုံးချ စိပ်ရပါမည်။ ညအားထုတ်လျှင် တစ်ညသည် ၁၀၈ လုံးပါသော ပုတီးကုံးနှင့် ၁၀၈ ခေါက် ပုတီးတစ်ပတ် ရရှိလာအောင် စိပ်ရပါမည်။ နေ့ဘက် အားထုတ်လျှင် တစ်နေ့သည် ၁၀၈ လုံးပါသောပုတီးကုံးနှင့် ၁၀၈ ခေါက် (၀၊) ပုတီးတစ်ပတ် ရရှိလာအောင် ပုတီးစိပ် ပွားများအားထုတ်ရပါမည်။ ထိုသို့ တစ်ညဖြစ်စေ၊ တစ်နေ့ဖြစ်စေ၊ နေ့စဉ်ဖြစ်စေ၊ ညစဉ်ဖြစ်စေ ပုတီးတစ်ပတ် (၀၊) ၁၀၈ ခေါက် ရအောင် ရွတ်ဖတ် သရဏာယ်နိုင်ခြင်းသည်ပင်လျှင် ဘဝပေါင်း များစွာမှ၊ ဘဝအတိတ်ပေါင်းများစွာမှ လေ့ကျင့် အားထုတ်လာခဲ့သော ပါရမီရှိသော ပါရမီရှင်အဖြစ် မိမိကိုယ်ကိုသိမှတ်နိုင်ပါသည်။ အာယ်ကြောင့်ဆိုသော် တစ်ရက်အတွက် မဟာသရဏာဂုံ တော် ၃၆ ပါးအား ၁၀၈ ခေါက်ရအောင် ကျင့်ဆောင် အားထုတ်နိုင်ဖို့သည် အလွန်မလွယ်ကူသောအလုပ်ဖြစ်ပြီး အလွန် အဖျက်များသော ကျင့်စဉ်ဖြစ်ကြောင်းကို အထူးသတိရှိကြပါပေ။ ကြိုးစားလွန်း၍၊ အားတင်းလွန်း၍ တစ်ရက်အတွက် ၁၀၈ ခေါက် ရအောင်ကြိုးစားနိုင်သည့်တိုင် နှစ်ရက်မြောက်၊ သုံးရက်မြောက်သည် အလွန်ခက်ခက်ခဲခဲရှိလှပြီး အောင်မြင်ရန်ထက် ပျက်စီးဖို့က ပိုများပြားလှပါသည်။ ထို့ကြောင့် ဤမဟာသရဏာဂုံတော် ၃၆ ပါး အကျင့်သည် ဇွဲရှိရသည်။ သတ္တိရှိရသည်။ သဒ္ဓါအားကောင်းရသည်။ ကြိုးစားမှုဝီရိယအား

ကောင်းရသည်။ လောကခံတရားကို ရင်ဆိုင်ရဲရသည်။ သို့မှသာ လွယ်ကူချောမောစွာ အောင်မြင်နိုင်ပေလိမ့်မည်။

(၈၂) မဟာသရဏာဂုံဖြင့် ခန္ဓာအတွင်း စေတီတည်ပုံ

သဗ္ဗဗုဒ္ဓါ နဘာဝေန ဂင်္ဂါဝါ၌ သဲစုမျှမက ပွင့်တော်မူကြ ပေကုန်သော အလုံးစုံကုန်သော သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတ ဗုဒ္ဓဘုရားရှင်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော် တော်ကြောင့်လည်းကောင်း၊ သဗ္ဗမမ္မာ နဘာဝေန မဂ် လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊ သဗ္ဗသံဃာ နဘာဝေန အလုံးစုံသော မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေးယောက် ရှစ်ယောက်သော ပရမတ္တ အရိယာ သံဃာ တော်များနှင့်တကွ သမုတိထေရ်သံဃာတော် အပေါင်းတို့ ၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် **တပည့် တော်သည် ယနေ့ယခု အချိန်အခါ၌ သစ္စာအစိုင်္ဂါန် ဝင်ထားသည်အတိုင်း မဟာသရဏာဂုံတော် ၃၆ ပါးအား တစ်ထိုင်တည်းနှင့် သစ္စာအစိုင်္ဂါန်များကိုပြု၍ ၁၀၈ ခေါက် ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါ၏ဘုရား။**

ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကား ကြောင့်လည်းကောင်း ...

ဤမှန်ကန်သော သစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော် အစုအပေါင်းတို့သည်လည်းကောင်း၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များပြု၍ မဟာသရဏာဝုံတော် ၃၆ ပါးအား ၁၀၈ ခေါက် ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှု အစုအပေါင်းတို့သည်လည်းကောင်း၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များပြု၍ ၁၀၈ ခေါက်ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော မဟာသရဏာဝုံ ၃၆ ပါး အစုအပေါင်းတို့၏ သိဒ္ဓိတန်ခိုး၊ ပညာတန်ခိုး၊ မဟိဒ္ဓိတန်ခိုး၊ သစ္စာတန်ခိုး၊ မေတ္တာတန်ခိုး၊ ဉာဏ်တော်တန်ခိုး၊ ဂုဏ်တော်တန်ခိုး၊ ဘုန်းတော်တန်ခိုး၊ အစုအပေါင်းတို့သည်လည်းကောင်း၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များကိုပြု၍ ၁၀၈ ခေါက် ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော မဟာသရဏာဝုံတော် ၃၆ ပါး အစုအပေါင်းတို့သည်လည်းကောင်း တပည့်တော်၏ ဦးခေါင်း ရတနာ မြတ်အင်္ဂါထက်၌ ပလ္လင်တော်အမှတ်ပြု၍ အမြဲထာဝရ ကျောင်းတော်အမှတ်ဖြင့် တန်ရပ်တည်နေ၊ ကိန်းဝပ်တည်နေ၊ သီတင်းသုံးတော်မူကြပါစေ ကုန်သတည်း။ တပည့်တော်၏ ဃက်ဝဲ လက်ယာ ပုခုံးနှစ်ဖက်၌ ပလ္လင်အမှတ်ပြု၍ အမြဲထာဝရ ကျောင်းတော်အမှတ်ဖြင့် တန်ရပ်တည်နေ ကိန်းဝပ်စံပယ်တော်မူ၍ ထာဝရ သီတင်းသုံးတော်မူကြပါစေကုန်သတည်း။ တပည့်တော်၏ အဆုတ်၊ အသည်း၊ နှလုံးထဲ၌ ပလ္လင်တော်

အမှတ်ပြု၍၊ ကျောင်းတော်အမှတ်ပြု၍ အမြဲထာဝရ စေတီတော်အမှတ်ဖြင့် စေတီတော် တည်တော်မူ၍ တန်ရုပ်တည်နေ၊ ကိန်းဝပ်စံပယ်တော်မူ၍ သီတင်းသုံးတော်မူကြပါစေကုန်သတည်း။ တပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌လည်းကောင်း၊ တပည့်တော်၏ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနတို့၌လည်းကောင်း၊ တပည့်တော်၏ ဟာဒယဝတ္ထု အသည်းနှလုံးတို့၌လည်းကောင်း အမြဲထာဝရ မပျောက်ပျက်ဘဲ စွဲမြဲစွာ တည်နေတော်မူကြပါစေသတည်း။ အမြဲထာဝရမပျောက်ပျက်ဘဲ စွဲမြဲစွာ တည်တံ့ခိုင်မြဲ၍ တည်ရှိနေကြပါစေသတည်း။ စေတီတော်အမှတ်ဖြင့် စေတီတော် တည်တော်မူ၍ တန်ရုပ်တည်နေ ကိန်းဝပ်စံပယ်တော်မူ၍ ထာဝရ အမြဲ သီတင်းသုံးတော်မူကြပါစေကုန်သတည်း။

(၁) ဗုဒ္ဓေါမေ ရက္ခန္တု နိစ္စံ ဓမ္မောမေ ရက္ခန္တု သဒါ
သံဃောမေ ရက္ခန္တု ဒိနေ ဒိယာယုကော သတံဘဝေ။
(၉ ခေါက်ရွတ်)

(၂) ဗုဒ္ဓေါမေ သိသေ တိဋ္ဌတု နိစ္စံ ဓမ္မောမေသိသေ
တိဋ္ဌတု သဒါ
သံဃောမေ သိသေ တိဋ္ဌတု ဒိနေ ဒိယာယုကော
သတံဘဝေ။ (၉ ခေါက်ရွတ်ပါ)

(ည) တစ်နည်း (မဟာသရဏာဂုံတော်၏ သစ္စာအဓိဋ္ဌာန် ဆုတောင်းပုံ)

မဟာသရဏာဂုံတော် ၃၆ ပါးအား အဓိဋ္ဌာန်သစ္စာပြု၍ နေ့စဉ် သို့မဟုတ် ညစဉ် ၁၀၈ ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ပြီးနောက် ဗုဒ္ဓဘုရားရှေ့တော်တွင် လက်အုပ်ချီမိုး၍ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူပေထ သော အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာ ဘုရားနှင့်တကွ ဘုရား၊ တရား၊ သံဃာ စသော ရတနာ မြတ်သုံးပါး နတ်တို့ဘုရား...

တပည့်တော်သည် မဟာသရဏာဂုံ ၃၆ ပါးအား သစ္စာ အဓိဋ္ဌာန်ပြု၍ ၁၀၈ ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ် ခဲ့ပါသည်။

ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကား ကြောင့်၊ ဤမှန်ကန်သော သစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ပြု၍ မဟာသရဏာဂုံတော် ၃၆ ပါးအား ၁၀၈ ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှုတို့ကြောင့်လည်းကောင်း တပည့်တော် သည် သစ္စာအဓိဋ္ဌာန်ပြု၍ ၁၀၈ ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့သော မဟာသရဏာဂုံတော် ၃၆ ပါး အစု အပေါင်းတို့၏ တန်ခိုးတေဇော်အာနုဘော်တော်ကြောင့် -

တပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားခွဲလည်း ကောင်း၊ တပည့်တော်၏ ခန္ဓာကိုယ် ၃၂ ကောဋ္ဌာသတို့၌ အန္တရာယ်မှန်သမျှ၊ ရန်မှန်သမျှ၊ ဘေးမှန်သမျှ၊ ဒဏ်မှန်သမျှ၊ အနှောင့်အယှက်မှန်သမျှ၊ ရောဂါမှန်သမျှ၊ အနာမှန်သမျှတို့သည်လည်းကောင်း၊ အလုံး၊ အကြိတ်၊ အခဲ၊ အဖု၊ အကြိတ်၊ အနာအဆာ ရောဂါမှန်သမျှတို့သည်လည်းကောင်း၊ လည်ပင်း၊ လည်ချောင်းနှင့် ပတ်သက်သော ရောဂါ၊ အနာတို့သည်လည်းကောင်း၊ ဦးခေါင်းနှင့် ပတ်သက်သော ရောဂါအနာတို့သည်လည်းကောင်း၊ ဝမ်းဗိုက်နှင့် ပတ်သက်သော ရောဂါအနာတို့သည်လည်းကောင်း၊ ခါးအောက်ပိုင်း ခြေထောက် နှစ်ချောင်းစလုံး၌ ထုံနာ၊ ကျဉ်နာ ရောဂါအနာတို့သည်လည်းကောင်း ပိန်းကြာဖက်ဖျား ရေမတင် လျှောကျဘိသကဲ့သို့ အပြီးတိုင်ကင်းရှင်းပပျောက် လွင့်ထွက်၍ ပျောက်ကင်းချမ်းသာပါစေသတည်း။

ဤအဓိဋ္ဌာန်ပြု ဆုတောင်းခြင်းဖြင့် မိမိ ခံစားနေရသော ရောဂါ၊ အနာမှန်သမျှကို သက်သာပျောက်ကင်းစေပါလိမ့်မည်။ ဤသစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းခြင်းဖြင့် ခက်ခဲသော ရောဂါ၊ ဝေဒနာများ၊ ပျောက်နိုင်ခဲသော ရောဂါအနာများတို့ကို အဓိဋ္ဌာန်သစ္စာပြု ကျင့်ကြံ အားထုတ်၍ ဤနည်းအတိုင်း သစ္စာပြု အဓိဋ္ဌာန်ပြု ဆုတောင်းကြည့်ပါ။ ရောဂါအနာမှန်သမျှ လျင်မြန်စွာ သက်သာပျောက်ကင်း

စေနိုင်ပါသည်။ ထို့ပြင် ဤသစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းပုံနည်းကို အဓိကထား၍ ယခုခေတ်အခေါ် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အဆုတ်နာရောဂါ၊ ကင်ဆာရောဂါများ၊ ခုခံအားကျဆင်းသော ရောဂါများတို့ကိုလည်း မိမိဉာဏ်ရှိသလို ခံစားနေရသော ရောဂါအနာတို့ကိုထည့်၍ ဆုတောင်း၍ ကုသ ကယ်မနိုင်ပါကြောင်း အသိပေးတင်ပြလိုက်ပါသည်။

(၄) တစ်နည်း (ငြိမ်းချမ်းသာယာစေရန် သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းနည်း)

မဟာသရဏဂုံတော် ၃၆ ပါးအား သစ္စာအဓိဋ္ဌာန်ပြု၍ ၁၀၈ ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပြီးနောက် ဗုဒ္ဓဘုရားရှေ့တော်တွင် လက်အုပ်ချီမိုး၍ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူပေထသော အစိန္တေယျသုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားကို အမှူးထား၍ ဘုရား၊ တရား၊ သံဃာ စသော ရတနာမြတ်သုံးပါး နတ်တို့ ဘုရား . . .

တပည့်တော်သည် မဟာသရဏဂုံတော် ၃၆ ပါးအား သစ္စာအဓိဋ္ဌာန်များပြု၍ ၁၀၈ ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါ၏။

ဤသစ္စာမှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကားကြောင့် . . . ဤမှန်ကန်သော သစ္စာစကား၏ တန်ခိုး

တေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ပြု၍ မဟာသရဏာဂုံတော် ၃၆ ပါးအား ၁၀၈ ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှုတို့ကြောင့်လည်းကောင်း၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ပြု၍ ၁၀၈ ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော မဟာသရဏာဂုံတော် ၃၆ ပါး အစုအပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် . . .

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရ တည်ငြိမ်အေးချမ်းပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရ ငြိမ်းအေးချမ်းနေပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရ အေးချမ်း သာယာနေပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရ ငြိမ်းချမ်းသာယာပါစေသတည်း။

တပည့်တော်၏ ကိုယ်၊ စိတ် နှစ်ပါးစလုံးသည် ဆင်းရဲမှု၊ သောက၊ ဗျာပါဒ၊ ဒုက္ခတရားတို့မှ ထာဝရ လွတ်မြောက်နေပါစေသတည်း။

ထို့ပြင်တစ်ဝ ဆယ်ပါးသော သိဒ္ဓိ၊ ဝိဇ္ဇာ မဟိဒ္ဓိ အတတ်တို့ကိုလည်းကောင်း၊ ဝိဇ္ဇာဉာဏ် ၆ ပါး၊ အာဘိညာဉ်

၆ ပါး၊ သမာပတ် ၈ ပါး၊ သမာပတ် ၉ ပါးတို့ကိုလည်း ကောင်း၊ ပိဋကတ် ၃ ပုံ၊ ဗေဒင် ၄ ပုံ၊ ဓမ္မကွန်ရှာရှစ်သောင်း လေးထောင်တို့ကိုလည်းကောင်း လျင်မြန်စောစွာ တတ်မြောက်ရ၍ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်နိုင်သော အရိယာ ဝိဇ္ဇာအဖြစ်မှစ၍ မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး နိဗ္ဗာန်တရားတော်မြတ်ကို အာရုံပြု မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် ဧကန် အမှန် ဖြစ်ရပါစေသတည်း။

ဤသစ္စာအဓိဋ္ဌာန်ပြု၍ ဆုတောင်းပုံ၊ ဆုတောင်းနည်းသည် လောကီတရား၊ လောကုတ္တရာ ဆုတောင်းတို့ကို တွဲစပ်ထားသည် ဖြစ်သောကြောင့် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် လောကီရော၊ လောကုတ္တရာပါ တစ်ကြိမ်တည်း တစ်ပြိုင်နက်တည်း ပြီးစီးသွား ရတော့၏ဟု မှတ်သားကြပါလေ။ သို့မဟုတ် လောကီ သက်သက် ခွဲခြား၍ သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းနိုင်ပါသေး သည်။ သို့မဟုတ် လောကုတ္တရာ သက်သက်ကိုသာ ခွဲခြား၍ သစ္စာအဓိဋ္ဌာန်ပြု၍ ဆုတောင်းလည်း ရပါသည်။ မိမိစိတ်ကြိုက် ဆန္ဒရှိသလို သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းနိုင်ပါကြောင်း အသိပေး အပ်ပါသည်။

သရဏာဂုံမှန်သမျှသည် ဗုဒ္ဓမြတ်စွာဘုရား တစ်ဆူတစ်ဆူ ပွင့်လာပါမှ တစ်ကြိမ်တစ်ခါ ပေါ်ပေါက်ခွင့်ရသော ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ဘုန်းတန်ခိုး အလွန်

ကြီးမားသည့် သရဏာဂုံ ဖြစ်သောကြောင့် အလုံးစုံသော တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ရုက္ခစိုးနတ်များ၊ ဘုမ္မစိုးနတ်များ၊ အာကာသစိုးနတ်များ၊ သမုဒ္ဒရာဝေနတ်များ၊ လောကပါလနတ်များ၊ သာသနာတော်စောင့်နတ်မင်းများ အထူး လေးစားကြခြင်း၊ အထူးယုံကြည်ကြခြင်း၊ အထူးချစ်ခင် စောင့်ရှောက်လာကြကုန်၏ဟု မှတ်သားကြကုန်ရာ၏။ ထို့ကြောင့် သရဏာဂုံသုံးပါးတို့ကို နတ်များ အထူးချစ်ခင် မြတ်နိုးကြကုန်၏ဟုမှတ်ပါလေ။ လူ့ပြည်အပါအဝင် နတ်ပြည် ၆ ထပ် ရှုပဇြဟ္မာဘုံ ၁၆ ဘုံတို့သည် များသောအားဖြင့် ထိုဘုံဌာနတို့တွင် တည်ရှိကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့ သည် ဗုဒ္ဓဘုရားရှင်ထံ ပြဿနာများ၊ တရားများ မေးလျှောက်ခွင့်၊ ကြားနာခွင့် ရကြကုန်၏။ ဗုဒ္ဓဘုရားရှင်ထံမှ တရားတော်များကို နာကြားခွင့်ရကြခြင်းကြောင့် အချို့သော နတ်ဗြဟ္မာအပေါင်း တို့သည် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟူသော ရတနာသုံးပါးတို့ကို ယုံကြည်လာကြကုန်၏။ လေးစားလာကြ ကုန်၏။ နှစ်သက်လာကြကုန်၏။ ထို့ကြောင့် သရဏာဂုံ တည်သော နတ်ဗြဟ္မာအပေါင်းသည် (ကုဋေနှင့်ချီ၍) များပြားစွာ ရှိကြကုန်တော့၏။ သောတပန် တည်ကြကုန်သော နတ်ဗြဟ္မာ အပေါင်းတို့သည်လည်း (ကုဋေနှင့်ချီ၍) များပြားစွာ ရှိလာကြ ကုန်တော့၏။ အရိယာဖြစ်ကုန်သော နတ်၊ ဗြဟ္မာအပေါင်းတို့ သည်လည်း (ကုဋေနှင့်ချီ၍) များပြားစွာ ရှိကြရကုန်၏။ မြတ်စွာ ဘုရားရှင်နှင့်တကွ ဘုရား၊ ရဟန္တာများကို ကြည်ညိုကြသည်

ဖြစ်၍ ဥပသကာ၊ ဥပသိကာ ဖြစ်နေကြကုန်သော နတ်ဗြဟ္မာ အပေါင်းတို့သည်လည်း ဒုနှင့်ဒေး မြောက်မြားစွာရှိကြပေကုန်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် နိဗ္ဗာန်ကို ဝင်စံ၍ သွားသည်မှာ သာသနာနှစ်ပေါင်း ၂၅၀၀ ကျော်ရှိပေလင့်ကစား အလုံးစုံသော နတ်၊ ဗြဟ္မာ အပေါင်းတို့အနေနှင့် ကြည့်ရှုလျှင် ဘာမျှမကြာသေးသလို မနေ့တစ်နေ့ကလိုလို လောလောဆယ် ပူပူနွေးနွေးပင် ရှိနေဆဲဟု သိမှတ်ကြကုန်ရာ၏။

ထို့ကြောင့် လူ့ပြည်၊ လူ့ဘဝ၊ လူ့ဘုံ၌ ဘုရားရှင် ဟောကြားတော်မူခဲ့သော သရဏာဂုံ သုံးပါးကို ရွတ်ဖတ် သရဇ္ဈာယ်သည်ရှိသော် အလုံးစုံသော နတ်ဒေဝါများ၊ နတ်ဗြဟ္မာ များ၊ တောစောင့်၊ တောင်စောင့်နတ်များ၊ ရက္ခစိုး၊ ဘူမ္မစိုး နတ်များ အထူးချစ်ခင်မြတ်နိုးကြသည်၊ နှစ်သက်ကြကုန်သည် သာ ဖြစ်ကြရကုန်၏။ အချို့နတ်များသည် အားရဝမ်းသာ ကျေနပ်ကြရကုန်တော့၏။ အချို့နတ်၊ ဗြဟ္မာများတို့သည် ကောင်းချီးသြဘာပြု၍ သာဓုခေါ်ကြကုန်တော့၏။

(၄) အကျွန်ုပ်ကိုယ်တွေ့နှင့် မဟာသရဏာဂုံတော်

ကုန်လွန်ခဲ့ပြီးသော ၁၉၇၀ ပြည့်နှစ် ကာလအခါ၌ ပေါင်းတည်မြို့ ဘုရားသုံးဆူဘက်တွင် သီတင်းသုံးနေတော်မူသော ကိုရင်ကြီးတစ်ပါးကို အကျွန်ုပ် တွေ့ခဲ့ရဖူး၏။ ကိုရင်ကြီးသည် သက်တော်အားဖြင့် (၇၅) နှစ်ခန့် ရှိနေပြီ ဖြစ်သည်။ ကိုရင်ကြီး၀တ်ဖြင့် နှစ်ပေါင်း ၂၀ ခန့်ရှိပြီဖြစ်ကြောင်း

အကျွန်ပ်အား လျှောက်ထားလာခဲ့ပါသည်။ အကျွန်ပ်ထံသို့ ထိုကိုရင်ကြီး ရောက်လာရခြင်းမှာ မဟာသရဏာဂုံတော်ကျင့်စဉ် ရှေ့တက်လမ်းကို အကျွန်ပ်ထံသို့ လာရောက်လျှောက်ထားခြင်း ဖြစ်ပါသည်။ ဘွဲ့မည်မှာ ရှင်ဓမ္မသာမိ ဟု ဘွဲ့မည်တွင်ထားပါသည်။ အကျွန်ပ်လည်း ထိုကိုရင်ကြီးအား မဟာသရဏာဂုံတော်၏ ရှေ့ ကျင့်ကြံပွားများအားထုတ်ရမည့် ရှေ့တက်လမ်းကျင့်စဉ်များအား လမ်းညွှန်ကြားပြီးနောက် ထိုကိုရင်ကြီးအား မဟာသရဏာဂုံတော် အကျင့်နှင့် ပတ်သက်၍ အဖြစ်အပျက်အတွေ့အကြုံများကို မေးမြန်းခဲ့ပါသည်။ ထိုအခါ ကိုရင်ကြီး ရှင်ဓမ္မသာမိက အောက်ပါအတိုင်း သူ့အတွေ့အကြုံများကို အကျွန်ပ်အား အပြည့်အစုံ လျှောက်ထားလာခဲ့ပါသည်။

မဟာသရဏာဂုံတော်များကို တပည့်တော် အားထုတ်လာခဲ့သည်မှာ ကိုရင်ကြီးဝတ် တစ်သက်ပါပဲဘုရား။ အခုဆိုရင် နှစ်ပေါင်း ၂၀ ခန့်ရှိလာခဲ့ပါပြီဘုရား။ စတင်ပြီး ပထမဦးဆုံး အားထုတ်ခဲ့တာကတော့ ပေါင်းတည်အရှေ့ဘက် တောင်ညိုတောင်၏ တောတွင်းတစ်နေရာမှာ ဖြစ်ပါသည်။ ရက်ပေါင်း ၃၀ တစ်လ အဓိဋ္ဌာန်သစ္စာပြု၍ အသက်သတ်လွတ်စားကာ စတင်၍ မဟာသရဏာဂုံတော်များကို အထပ်ထပ် ပွားများ အားထုတ်ခဲ့ပါသည်။ နေ့ဘက်ရောက်လျှင် မေတ္တာပို့အမျှဝေပြီး အနားယူအိပ်စက်ခဲ့ပါသည်ဘုရား။ ဤအတိုင်း ကျင့်ဆောင် ပွားများသောနည်းအတိုင်း အားထုတ်လာခဲ့ပါသည်ဘုရား။ ယခုဆိုလျှင် သစ်ပင် ၁၂ ပင် ရကွမ္ဘ အကျင့်များ၊ တော ၁၂

တော၊ တောင် ၁၂ တောင် အကျင့်များ၊ အားလုံး ကျင့်ကြံပွားများ အားထုတ်ပြီးစီးခဲ့ပြီ ဖြစ်ပါသည်ဘုရား။ ယခုလက်ရှိ အားထုတ်နေသည်မှာ ပေါင်းတည်မြို့နှင့် မိုင် ၃၀ ခန့် ဝေးကွာသည့် တောင်ညိုတောင်၏ တောင်စောင်းတစ်နေရာတွင် ယောက်ျား ငါးယောက်ခန့် ဖက်၍ရသော ကြီးမားလှသော သစ်ပင်ကြီး တစ်ပင် ရှိပါသည်။ ထိုကြီးမားသော သစ်ပင်ကြီးကိုမှီ၍ တစ်ပါးစာနေ၍ သီတင်းသုံး၍ ရနိုင်သော ကမ္မဋ္ဌာန်း ဝါးကျောင်းလေးတစ်လုံး ဆောက်၍ နေထိုင်သီတင်းသုံးပါသည်ဘုရား။ ယခုလည်း တပည့်တော် မဟာသရဏဂုံတော်ကို လက်မလွှတ်ပါဘုရား၊ နေ့ဘက်ကို အနားယူ၊ ညဘက်ဆိုလျှင် တစ်ညလုံး အရုဏ်တက်ချိန်အထိ မဟာသရဏဂုံတော်များကို အဆက်မပြတ် အသံမစဲ သရဇ္ဈာယ်လျက် ရှိနေပါသေးသည်ဘုရား။

"ကိုရင်ကြီး တောထဲတောင်ထဲမှာ တစ်ပါးတည်း ကျင့်ကြံ အားထုတ်နေတော့ အရုဏ်ဆွမ်း၊ နေ့ဆွမ်းကျတော့ ဘယ်လိုစီမံပါသလဲ၊ ပြည့်စုံအောင် ဘယ်လို ဆောင်ရွက်ထားပါသလဲ၊ တောထဲမှာတစ်ပါးတည်း သီတင်းသုံးနေရတော့ ဆွမ်းကွမ်းအတွက်က အတော်ခက်ခက်ခဲခဲ ရှိမယ်နှင့်တူတယ်" ဟု အကျွန်ုပ်က မေးလိုက်ပါသည်။

ထိုအခါ ကိုရင်ကြီးက -

"အစပထမတော့ ခက်ခက်ခဲခဲ ရှိတာပေါ့ဘုရား။ ခုနစ်ရက်တစ်ပတ်စာ ဒါမှမဟုတ် တစ်လစာလောက်ကို မှန်းပြီး

ပေါင်းတည်မြို့မှာ ဝယ်ထားပြီး ကိုယ့်ဟာကိုယ် ချက်ပြုတ်စားရတာပါပဲဘုရား။ ဒီလိုနှင့် သစ်ပင်ကြီး ၁၂ ပင်စေ့အောင် မဟာသရဏဂုံတော်ကို အထပ်ထပ် အဓိဋ္ဌာန်မပျက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါသည်ဘုရား၊ သစ်ပင်ကြီး ၁၂ ပင်အဓိဋ္ဌာန်လည်း စေ့တဲ့အခါ အရက်ဆွမ်း၊ နေ့ဆွမ်း အစရှိတဲ့ ဆွမ်းကွမ်းကိစ္စ မပူရတော့ပါဘူးဘုရား။ ယနေ့အထိပဲ ပြောကြပါစို့ဘုရားဟု ကိုရင်ကြီး မဟာသရဏဂုံတော်များကို အဓိဋ္ဌာန် ခဏခဏ အောင်မြင်နေလို့ ဒကာ၊ ဒကာမတွေ အကြည်ညိုများပြီး စားစရာ၊ သောက်စရာ ဆွမ်းကွမ်းတွေ အပြည့်အစုံ လာရောက်ပို့ကြ၊ လျှုဒါန်းကြလို့ ဆွမ်းကွမ်းအတွက် မပူမပင်ရတာဖြစ်မှာဘဲဟု တွေးထင်ရင်းနှင့် အကျွန်ုပ်က အနားကွင်ရှိနေသော ကိုရင်ကြီး အား-

"မဟာသရဏဂုံတော်ကို ပွားများအားထုတ်တော့လည်း ဆွမ်းဒကာ၊ ဆွမ်းအမ လျှုသူတန်းသူတွေ ပေါများနေတော့ ဆွမ်းကွမ်းအတွက် မပူရတော့ဘူးပေါ့ ကိုရင်ကြီး မဟုတ်လား" ဟု အကျွန်ုပ်က မိမိထင်မြင်မိရာကို ကိုရင်ကြီးအား ပြောလိုက်ပါသည်။ ထိုအခါ အနားရှိ ကိုရင်ကြီးက လက်အုပ်ချီထားကာ -

"မဟာသရဏဂုံတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး အဓိဋ္ဌာန် ခဏခဏအောင်မြင်နေလို့ အာရုံဆွမ်း၊ နေ့ဆွမ်းအတွက် မပူမပင်ရဘဲ အစစအရာရာ ပြည့်စုံတာ မှန်ပါတယ်ဘုရား၊ ဒါပေမဲ့ ဒကာ၊ ဒကာမ လျှုသူတန်းသူပေါများပြီး ဒီဒကာ၊

ဒကာမများက ဆွမ်း၊ ကွမ်းများကို လာရောက်လှူဒါန်းတာတော့ မဟုတ်ရပါဘူးဘုရား" ဟု အကျွန်ုပ်အား ပြန်လည်၍ လျှောက်ထားပါတော့၏။ ထိုအခါ အကျွန်ုပ်က အံ့အားသင့်၊ အံ့ဩသောကိစ္စဖြစ်နေပါ၍ ချက်ချင်းပင် ကိုရင်ကြီးအား ပြန်လည်ပြောကြားလိုက်ပါတော့သည်။

"ဟ ... ကိုရင်ကြီး၊ အရဏ်ဆွမ်း၊ နေ့ဆွမ်းများက ဒီဒကာ၊ ဒကာမတွေက လာမလှူလို့ ဘယ်သူတွေက လှူမှာလဲဟ၊ ကိုရင်ကြီးကိစ္စက အဆန်းသားဘဲ၊ အရဏ်ဆွမ်းကိစ္စ၊ နေ့ဆွမ်းကိစ္စတွေက ကြည်ညိုတဲ့သူရှိကြလို့ ဒီဒကာ၊ ဒကာမတွေက ဆွမ်းတွေချက်ပြုတ်ပြီး ကိုရင်ကြီးဆီကို လာရောက်ဆက်ကပ် လှူဒါန်းတာ မဟုတ်ဘူးလား၊ သေသေချာချာ ရှင်းလင်းစမ်းပါဦးကွာ"

ဟု အကျွန်ုပ်က အံ့အားသင့်အံ့ဩစွာဖြင့် မေးလိုက်မိပါသည်။ ထိုအခါ ကိုရင်ကြီးကပင် ဆက်လက်၍ လျှောက်ထားနေသည်မှာ အစ ပထမသာ ဆွမ်း၊ ကွမ်း ကိစ္စအတွက် စိတ်ပူပြီး လုံးပမ်း အာရုံစိုက်ခဲ့ရတာသာဖြစ်ကြောင်း၊ ယခုမူ သစ်ပင်ကြီး ၁၂ ပင် အကျင့်ဖြစ်သည့် မဟာသရဏာဂုံတော်များကို ကြိုးစားကျင့်ဆောင်၍ အဓိဋ္ဌာန်အကျင့် အောင်မြင်ပြီးစီးခဲ့ပြီးသည့်နောက်တွင်ကား မိမိသီတင်းသုံးနေရာ ကမ္မဋ္ဌာန်းကျောင်းထဲတွင်ပင် စားစရာ၊ သောက်စရာ၊ ဆွမ်း၊ ကွမ်းများ အလိုလို ရောက်ရှိနေလျက် ရှိပါကြောင်း၊ ရံဖန်ရံခါများတွင် မိမိအိပ်ရာဘေးတွင် မုန့်အမျိုးမျိုးများ၊ သစ်သီးအမျိုးမျိုးများ

အလိုလို ရောက်ရှိနေသည့်အတွက် အရေးကြီးဆွမ်း၊ နေ့ဆွမ်းအတွက် မပူမပင် မတောင့်မတရာဘဲ အလိုလို ပြည့်စုံလျက်ရှိနေပါကြောင်း၊ ဝတ္ထုဌေကြေး လိုအပ်နေလျှင်လည်း အိပ်ရာဘေးတွင်ဖြစ်စေ၊ ခေါင်းအုံးအောက်တွင်ဖြစ်စေ အလိုလိုရှိနေပြီးသားဖြစ်ကြောင်း၊ သုံးစရာကို ယူသုံးရုံပင်ဖြစ်ပါသည်ဘုရားဟု လျှောက်ထားနေပါတော့သည်။

ထို့ပြင် တောထဲ တောင်ထဲမှာ တစ်ပါးတည်း ကမ္မဋ္ဌာန်းကျောင်းလေးဖြင့် သီတင်းသုံးနေရလင့်ကစား တစ်ခါတစ်ရံ အလွန်ကြီးမားသော မြွေကြီးများ အပါအဝင် သားရဲတိရစ္ဆာန်များ၊ ကမ္မဋ္ဌာန်းကျောင်းနားသို့ ရောက်လာတတ်ပါကြောင်း၊ ထိုအခါ မိမိပင် မသိလိုက်ရဘဲ တစ်စုံတစ်ဦးက မောင်းထုတ်နေသလို ရုတ်တရက် ထိုသားရဲတိရစ္ဆာန်များ၊ မြွေကြီးများသည် လျင်မြန်စွာပဲ ရုတ်တရက် အဝေးသို့ ပြေးသွားထွက်ခွာသွားကြကုန်သည်ကိုလည်း မြင်တွေ့နေရပါသည်။ ထို့ကြောင့် တပည့်တော်သည် တောထဲတောင်ထဲတွင် တစ်ပါးတည်း နေရလင့်ကစား ဘေးမရှိ၊ ရန်မရှိ၊ အန္တရာယ်မရှိ၊ ရောဂါမရှိ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေထိုင် သီတင်းသုံးနိုင်တော့သည်သာ ဖြစ်ပါသည်ဘုရား။ သက်နုံးများ ဟောင်းနွမ်း၍ သက်နုံးမရှိခဲ့ပါလျှင် မိမိအိပ်ရာဘေးတွင် သက်နုံးအသစ်များ ရောက်ရှိနေတတ်ပါသည်ဘုရား။ ကျွန်းမာရေး နေထိုင်မကောင်းလျှင်လည်း မကြာမီ မိမိအိပ်ရာဘေးတွင် ပျောက်ကင်းမည့်ဆေးဝါးများရောက်ရှိနေသည်များကို တွေ့ရတတ်ပါသည်။

ကိုရင်ကြီးသည် မိမိ၏ မဟာသရဏာဂုံတော် အကျင့်အတွေ့အကြုံများကို အားပါးတရ လျှောက်ထားခဲ့ပါသည်။ ထို့ပြင် အကျွန်ုပ်သိရှိခဲ့သည်မှာ ကိုရင်ကြီး ရှင်ဓမ္မသာမိသည် တောင်ညိုတောတန်းနှင့် ပေါင်းတည်မြို့သည် ခရီးမိုင်အားဖြင့် မိုင် ၃၀ ကျော်ခန့် ရှိသည်ကို မြင်းလှည်းမစီး၊ ကားမစီးဘဲ၊ မမောမပန်းဘဲ တစ်မနက်ခရီးဖြင့် ကြွလာနိုင်သည်ကို တွေ့ရှိရပါသည်။ ဥတုဒဏ်၊ ရာသီဒဏ်၊ နေဒဏ်၊ မိုးဒဏ်၊ အအေးဒဏ်တို့ကို ခံနိုင်စွမ်းရှိပြီး အမြဲတမ်း ကျန်းမာနေကြောင်း တွေ့မြင်ခဲ့ရပါသည်။ အံ့သြစရာကောင်းလှသော မဟာသရဏာဂုံတော် အကျင့်ဟုပင် အားပါးတရ မှတ်တမ်းတင်မိပါတော့၏။

(မှတ်ချက်) ရှင်ဓမ္မသာမိ ကိုရင်ကြီးသည် သက်တော် (၇၅) နှစ်ခန့်တွင် အကျွန်ုပ်နှင့် တစ်ကြိမ်တွေ့ခဲ့ရပြီးနောက် သူ့အကြောင်းကို နောက်ထပ် မကြားရတော့ပါ။ သူ့သတင်းကို နောက်ထပ် နားစွင့်နေသော်လည်း အတော်ကြာအောင် သူ့အကြောင်း မကြားရတော့ပေ။

တစ်နေ့၌ မမျှော်လင့်ဘဲ သတင်းတစ်ခု ကြားခဲ့ရပါသည်။ ထိုသတင်းက တောင်ညိုတောင်ခြေ အောက်ရိုးရွာများမှ ဖြစ်ပါသည်။ အချိန်ကား ၁၉၉၅ ခုနှစ်၌ ဖြစ်သည်။ ကိုရင်ကြီး ရှင်ဓမ္မသာမိသည် သက်တော် (၁၀၀) တွင် သူ့ကမ္ဘာနေ့ကျောင်းမှာ

ပင် ပျံ့လွန်တော်မူသွားပြီဖြစ်ကြောင်း ကြားသိရ ပါသည်။ မည်သည့်နှစ်၊ မည်သည့်လ၊ မည်သည့် ရက်တွင် ပျံ့လွန်တော်မူသည်ဟု တိတိကျကျ မသိ ရသော်လည်း ကိုရင်ကြီးအသွားအလာ မမြင်တာ ကြာ၍ တောင်ညိုတောင်ကို တက်ကြည့်သောအခါ မှ သူ့ကမ္မဋ္ဌာန်းကျောင်းထဲတွင် ပျံ့လွန်တော်မူနေ သည်ကို အနံ့မထွက်၊ မပုပ်မသိုး၊ ဆံပင်ရှည်လျက်၊ ခြေသည်း လက်သည်း ရှည်လျက်၊ ခန္ဓာကိုယ်မှ ချွေးစများ ထွက်လျက်ရှိနေသည်ကို ရှာသူရှာသား များ ဖူးမြင်ခဲ့ရသည်ဟု ဆိုကြပြောကြသည်ကို အကျွန်ုပ် ကြားသိခဲ့ရပါသည်။

ဤကား မဟာသရဏာဂုံတော်၏ အကျင့်နှင့် ပတ်သက်၍ အံ့ဖွယ်တစ်ရပ်ဟု သိမှတ်ကြရာ၏။

ရှေးဆရာတော်ကြီးများ၏ မှတ်တမ်း မှတ်ရာများတွင်မူ မဟာသရဏာဂုံတော်နှင့် ပတ်သက်၍ အောက်ပါအတိုင်း သိမြင် မှတ်သားခဲ့ဖူးပါ၏။

မဟာသရဏာဂုံတော်များကို အဓိဋ္ဌာန်ဖြင့်၊ သစ္စာဖြင့် ပွားများ အားထုတ် သရဏွာယ်သည်ရှိသော် အဓိဋ္ဌာန်မပြည့်ခင် ၌ပင် မထင်မှတ်ဘဲ၊ မမျှော်လင့်ဘဲ ခရီးတစ်ခု ထွက်ရတတ် သည်ဟု ပြထားပါသည်။ ထိုခရီးသည် ကောင်းသောခရီး မဟုတ်၊ မဂ်လာခရီးမဟုတ်။ တစ်ခုခုသောနာရေးကိစ္စဖြစ်စေ၊

အသုဘကိစ္စဖြစ်စေ အရေးပေါ်ခရီးသာဖြစ်ရာ၏ဟု ပြသထားပါသည်။ (ထို့ပြင် မဟာသရဏဂုံတော်ကို ရွတ်ဖတ်သရဇ္ဈာယ်သော ပုဂ္ဂိုလ်များသည် များသောအားဖြင့် အိပ်မက်မြင်မက်သည်ရှိသော် ကွယ်လွန်ပြီးသား၊ သေဆုံးပြီးသား ပုဂ္ဂိုလ်များကိုသာ ခဏခဏ အိပ်မက် မက်စေတတ်၏။ ထိုမှတစ်ဆင့် ဆက်လက်၍ မဟာသရဏဂုံတော်ကို အထပ်ထပ် အဓိဋ္ဌာန်သစ္စာပြု၍ ပွားများသရဇ္ဈာယ်ခဲ့သော် မည်သည့်အရပ်မှ မည်သူသည် မကြာခင် သေဆုံးတော့မည်ကိုလည်းကောင်း၊ မည်သည့်ရွာမှ မည်သူ၏ဦးလေး၊ အဒေါ်၊ အစ်မ စသည်သည် မည်သည့်နေ့တွင် ကွယ်လွန်လိမ့်မည်ဟု ဆိုသည်ကိုလည်းကောင်း၊ မည်သူမည်ဝါ ကွယ်လွန်အနိစ္စ ရောက်တော့မည်ကို ကြိုတင်၍ သိနေခြင်းပင်ဖြစ်၏။) ဟု ဖော်ပြထားပါသည်။

ရှေးဆရာတော်ကြီးများ၏ ပေမူ၊ ပုရပိုက်မူများတွင်မူ မဟာသရဏဂုံတော်ကို သစ္စာအဓိဋ္ဌာန်ပြု၍ ရွတ်ပွား သရဇ္ဈာယ်ကြသည်ရှိသော် နှစ်ပေါင်းကြာမြင့်ပြီဖြစ်သော ကွယ်လွန် အနိစ္စရောက်ခဲ့သည့် မိဘ၊ ဘိုးဘွားများ၊ ဆရာသမားများနှင့် တွေ့ရတတ်ပြီး ထိုသူများနှင့် စကားပြောဆိုရကာ အဖြစ်အပျက်ကိစ္စအဝဝတို့ကို အမှန်အတိုင်း သိရှိနိုင်ပါကြောင်းနှင့် မဟာသရဏဂုံတော်များကို တောတောင်ထဲဝင်၍ ကမ္မဋ္ဌာန်းကျောင်းငယ်ဖြင့် ရွတ်ပွား သရဇ္ဈာယ်ခဲ့လျှင် အထင်အမြင်ပေါက်ခြင်း၊ ပရစိတ္တဝိဇာနာနဉာဏ်ကိုရရှိခြင်း၊ မနော မယိဒ္ဓိ ဒိဗ္ဗသောတ ဒိဗ္ဗစက္ခုတို့ကို ပြီးစီးစေ နိုင်၏) ဟုပြဆိုထားပါသည်။

ထို့ကြောင့် ပညာလိုလား၊ အကျင့်လိုလားသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး၊ ရဟန်းရှင်လူတို့သည် (မိမိ.တွင် ဘဝအတိတ်ပေါင်းများစွာမှ ကုသိုလ်ကံ၊ ပါရမီအကျင့် အာစရ မည်မျှပါလာခဲ့သည်ကို သိရှိလိုပါက) ဤ မဟာသရဏာဂုံတော် အကျင့်လမ်းစဉ်ကို အားထုတ်ဖူးအောင်၊ သရဏျာယ်ဖူးအောင် ပွားများအားထုတ်ကြကုန်ရာ၏။

(ဤတွင် မဟာသရဏာဂုံတော် အဓိဋ္ဌာန်အကျင့် ပြီးစီး၏)

၅။ ဗုဒ္ဓါနုဿတိ ဂုဏ်တော်အကျင့်များကို ပြခြင်း

(က) ဂုဏ်တော်စကြာ ပွားများပုံ

(၁) သြောင်းနမော
အရဟံသိဒ္ဓိဘဂဝါ ဓိနောသိဒ္ဓိ

(၂) သြောင်းနမော
သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ ဗုဒ္ဓေါ ဓိနောသိဒ္ဓိ

(၃) သြောင်းနမော
ဝိဇ္ဇာစရဏသမ္ပန္နော
သိဒ္ဓိ သတ္ထာဒေဝမနုဿာနံ ဓိနောသိဒ္ဓိ

(၄) သြောင်းနမော
သုဂတောသိဒ္ဓိ အနုတ္တရောပုရိသ
ဒမ္မသာရထိ ဓိနောသိဒ္ဓိ

(၅) သြောင်းနမော
လောကဝိဒူ သိဒ္ဓိ လောက ဝိဒူ ဇိနောသိဒ္ဓိ

(၆) သြောင်းနမော အနုတ္တရောပုရိသဒ္ဓမ္မသာ
ရထိ သိဒ္ဓိ သုဂတော ဇိနောသိဒ္ဓိ

(၇) သြောင်းနမော သတ္ထာဒေဝမနုဿာနံ
သိဒ္ဓိ ဝိဇ္ဇာစရဏသမ္ပန္နော ဇိနောသိဒ္ဓိ

(၈) သြောင်းနမော
ဗုဒ္ဓေါသိဒ္ဓိ သမ္မာ သမ္မုဒ္ဓေါ ဇိနောသိဒ္ဓိ

(၉) သြောင်းနမော
ဘဂဝါသိဒ္ဓိ အရဟံ ဇိနော သိဒ္ဓိ

တစ်ရက်အတွက် ၁၀၈ လုံးပါသော ပုတီးတစ်ပတ်ရအောင် စိပ်ရပါမည်။ ဂုဏ်တော်စကြာကို အစအဆုံးရွတ်ပြီးမှ ပုတီး ၁ လုံးချ စိပ်ပါ။ ဤနည်းအတိုင်း ၁၀၈ ခေါက်၊ ပုတီးတစ်ပတ်ရအောင် စိပ်သွားပါလျှင် ဤလောကမှာမြေပေါ်တွင် လုပ်တိုင်း၊ ကြံတိုင်းပြီးစီးနိုင်ပါလိမ့်မည်။ ပြောတိုင်း၊ ဆိုတိုင်း၊ ဆုတောင်းတိုင်း၊ ဆောင်ရွက်တိုင်း၊ အောင်မြင်မှုများရရှိလာပါလိမ့်မည်။ သမ္မာဒေဝနတ်များ၊ လောကပါလနတ်များ ကူညီမစောင့်ရှောက်မှုကို ခံစားရရှိမည်ဖြစ်ပြီး သူတစ်ပါးသည် မိမိအားမကောင်းကြံစည်၍ မရနိုင်တော့ပါ။ ရန်ငါးပါးကင်းရှင်းပြီးဖြစ်နေပါလိမ့်မည်။ ဥပဓွေဒက ကံကြောင့် သူတစ်ပါး၏ တုတ်၊ ဓား၊ လက်နက်ကြောင့် အသက် အန္တရာယ်မရှိနိုင်တော့ပါ။

အပ ပယောဂ အနှောင့်အယှက်များ ကင်းဝေးစေပြီး အိမ်၊
ခြံ၊ ဝင်း လုံခြုံရစေပါလိမ့်မည်။ အရောင်းအဝယ်ကိစ္စများ၊ ငွေရေး
ကြေးရေးကိစ္စများ၊ စီးပွားရေးကိစ္စများ၊ တစ်ခုပြီးတစ်ခု၊ တစ်ကိစ္စ
ပြီး တစ်ကိစ္စ အောင်မြင်မှု ရှိလာပါလိမ့်မည်။ ထိုအောင်မြင်မှုအား
စားလည်းစားပါ၊ လှူလည်းလှူပါ၊ သာသနာလည်းပြုပါ၊
မင်းပြစ်မင်းဒဏ်လည်း ရှောင်ပါဟု ဆိုလိုပါသည်။ ဂုဏ်တော်
စကြာကို သင်္ချာအဓိဋ္ဌာန်ပြု၍၊ အဓိဋ္ဌာန်ဝင်၍ ပွားများအားထုတ်
မည်ဆိုပါလျှင် အဓိဋ္ဌာန်ရက်ကို ပထမ ၉ ရက်၊ ဒုတိယ ၁၈
ရက်၊ တတိယ ၂၇ ရက် စသည်ဖြင့် အဓိဋ္ဌာန်ရက်ကို တစ်ကြိမ်
ထက် တစ်ကြိမ် တိုး၍တိုး၍ အဓိဋ္ဌာန် ဝင်ခဲ့သည်ရှိသော်
နောက်ဆုံး ၁၀၈ ရက် အဓိဋ္ဌာန်ဝင်၍ ပွားများအားထုတ်ကြ
ရပါမည်။ ထို ၁၀၈ ရက်ထက် ပိုမို၍ အဓိဋ္ဌာန်မဝင်ကောင်း။
၁၀၈ ရက်ထက်ပို၍ အဓိဋ္ဌာန်သင်္ချာပြု၍ မကျင့်သင့်၊
အားမထုတ်သင့်။ ထိုအဓိဋ္ဌာန်ရက် ၁၀၈ ရက်ကိုပင် အကြိမ်
များစွာ အောင်မြင်အောင်၊ ကျင့်ကြံ ပွားများ အားထုတ်ကြရ
မည်ဟု ဆိုလိုပါသည်။ အဓိဋ္ဌာန်ဝင်ထားသော အဓိဋ္ဌာန်ရက်များ
အတွင်း၌ ဂုဏ်တော်စကြာကို ပုတီးစိပ်၊ သရဇ္ဈာယ်ပါလျှင်
နေ့စဉ်၊ ပုတီး -၁၀ ပတ် (၀ါ) သို့မဟုတ် ဂုဏ်တော်စကြာ
၁၀၀၀ စေ့အောင် နေ့စဉ် ပုတီးစိပ် သရဇ္ဈာယ်ရမည်ကို
ဆိုလိုပါသည်။

(ခ) အဓိဋ္ဌာန်ဝင်၍ ဥပမာ နမူနာပြ ဆုတောင်းသစ္စာပြုပုံ

အစိန္တေယျ သုံးလောကထွဋ်ထား မြတ်စွာဘုရား အမှူး ထား၍ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟု ဆိုအပ်သော ရတနာ မြတ်သုံးပါးတို့ဘုရား ...

တပည့်တော်သည် အဓိဋ္ဌာန်ပုတီးစိပ်ရက်များကို ၁၀၈ ရက် သတ်မှတ်ပြီး အဓိဋ္ဌာန် သစ္စာပြု၊ အဓိဋ္ဌာန်ဝင်ထားသည်နှင့် အညီ ယနေ့ယခု အချိန်အခါ၌ ဂုဏ်တော်စကြာအား အစမှ အဆုံးတိုင် ရွတ်ဖတ်သရဇ္ဈယ်ပြီးတိုင်း ပုတီး ၁ လုံး စိပ်ခြင်းဖြင့် ၁၀၈ လုံးပါသော ပုတီး ၁၀ ပတ်ရအောင် ရွတ်ဖတ်သရဇ္ဈာယ် ခဲ့ပါ၏ဘုရား၊ သို့မဟုတ် ဂုဏ်တော်စကြာအခေါက်ရေပေါင်း ၁၀၀၀ ပြည့်အောင် ရွတ်ဖတ်၊ သရဇ္ဈာယ် ပုတီးစိပ်ခဲ့ပါ၏ဘုရား။ ဤသစ္စာမှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကားကြောင့်၊ ဤမှန်ကန်သောသစ္စာ၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် လည်းကောင်း၊ တပည့်တော်သည် သစ္စာ အဓိဋ္ဌာန်ပြုထားသည့် အတိုင်း ဂုဏ်တော်စကြာအား ပုတီး ၁၀ ပတ် သို့မဟုတ် ဂုဏ်တော်စကြာ ၁၀၀၀ ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ် ပုတီး စိပ်ရသော ကုသိုလ်ကောင်းမှုတို့ကြောင့်လည်းကောင်း၊ တပည့် တော်သည် သစ္စာအဓိဋ္ဌာန်များပြု၍ ပုတီး ၁၀ ပတ် သို့မဟုတ် ၁၀၀၀ စေ့အောင်ပြည့်အောင် ပုတီးစိပ်ရွတ်ဖတ် သရဇ္ဈာယ် ခဲ့ရသော ဂုဏ်တော်စကြာ အစုအပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့် တပည့်တော်၏ ခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့ခ်ိန်လည်းကောင်း၊ တပည့်တော်၏ ခန္ဓာကိုယ် ၃၂

ကောင်္ဂါသတို့၌လည်းကောင်း၊ အလုံးစုံသောဘေးမှန်သမျှ၊ ရန်မှန်သမျှ၊ အန္တရာယ်မှန်သမျှ၊ ဒဏ်မှန်သမျှ၊ အနှောင့်အယှက်မှန်သမျှ၊ ရောဂါမှန်သမျှ၊ အနာမှန်သမျှတို့သည်လည်းကောင်း၊ အလုံး၊ အကြိတ်၊ အခဲ၊ အဖု၊ အကြိတ်၊ အနာအဆာရောဂါ မှန်သမျှတို့သည်လည်းကောင်း၊ လည်ပင်း၊ လည်ချောင်းနှင့် ပတ်သက်သော ရောဂါ၊ အနာအားလုံးတို့သည်လည်းကောင်း၊ ဦးခေါင်းနှင့် ပတ်သက်သော ရောဂါအနာအဆာအပေါင်းတို့သည်လည်းကောင်း၊ ဝမ်းဗိုက်နှင့်ပတ်သက်သော ရောဂါအနာ အားလုံးတို့သည်လည်းကောင်း၊ ခါးအောက်ပိုင်း ခြေထောက် နှစ်ချောင်းစလုံး၌ ထုံနာ၊ ကျဉ်နာ၊ ရောဂါမှန်သမျှတို့သည်လည်းကောင်း၊ ပိန်းကြာဖက်ဖျား ရေမတင် လျှောကျဘိသကဲ့သို့ အပြီးတိုင်ကင်းစင် လွင့်ပျောက်၊ ပျောက်ကင်း ချမ်းသာပါစေသတည်း။

တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များပြု၍ ပုတီး ၁၀ ပတ် သို့မဟုတ် ၁၀၀၀ ပြည့်အောင် ပုတီးစိပ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ဂုဏ်တော်စကြာအစုအပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ...

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရတည်ကြည်အေးချမ်းပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရတည်ငြိမ်အေးချမ်းပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရအေးချမ်းသာယာပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် ထာဝရ ငြိမ်းချမ်း သာယာပါစေသတည်း။

တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် စိတ်ဆင်းရဲမှု၊ သောက၊ ဗျာပါဒ ပရိဒေဝ ဒုက္ခအပေါင်းတို့မှ အမြဲတမ်း ထာဝရ လွတ်မြောက်နေပါစေသတည်း။

တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များပြု၍ ဂုဏ်တော်စကြာအား ပုတီး ၁၀ ပတ် သို့မဟုတ် ဂုဏ်တော်စကြာ ၁၀၀၀ ပြည့်အောင် ပုတီးစိပ်၊ ရွတ်ဖတ်၊ သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှုတို့ကြောင့်လည်းကောင်း၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များပြု၍ ပုတီး ၁၀ ပတ် (သို့မဟုတ်) ၁၀၀၀ ပြည့်အောင် ပုတီးစိပ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ဂုဏ်တော်စကြာ အစုအပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့် တပည့်တော်သည် အပါယ် ၄ ပါး၊ ရန်သူမျိုး ၅ ပါး၊ ဘေး ၈ ပါး၊ ဒဏ် ၁၀ ပါး၊ အနာမျိုး ၉၆ ပါးတို့မှ လျင်မြန်စွာ ကင်းဝေးပယောက်ကြကုန်သည်ဖြစ်၍ ဆယ်ပါးသော သိဒ္ဓိ ဝိဇ္ဇာမဟိဒ္ဓိအတတ်တို့ကိုလည်းကောင်း၊ ဝိဇ္ဇာဉာဏ် ၆ ပါး၊ အဘိညဉ် ၆ ပါး၊ သမာပတ် ၈ ပါး၊ သမာပတ် ၉ ပါးတို့ကိုလည်းကောင်း၊ ပိဋ္ဌကတ်သုံးပုံ၊ ဗေဒင်လေးပုံ၊ ဓမ္မကွန်ရှစ်သောင်းလေးထောင်တို့ကို အကုန်အစင် တတ်မြောက်အောင်မြင် ပြီးစီး၍ ဘုရား၊ ရဟန္တာ၊ အရိယာ သူတော်ကောင်းတို့ ဝင်စံရာဖြစ်သော မဂ်လေးပါး၊ ဖိုလ်လေးပါး၊ သန္ဓိသုခ၊ နိဗ္ဗာန်တရားမြတ်ကို လျင်မြန်စွာ အာရုံပြု မျက်မှောက်ပြုနိုင်

သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်သည် ဧကန်အမှန် ဖြစ်ရပါလို၏၊ အရှင်မြတ်ဘုရား။

(မှတ်သားရန်အချက်)

ဂုဏ်တော်စကြာကို နှုတ်က တစ်ကိုယ်ကြား ပုတီးစိပ်၍ ရွတ်ဖတ် သရဇ္ဈာယ်ပါက သတိ အရေးကြီးလှပါသည်။ ဂုဏ်တော်စကြာသည် ဂုဏ်တော်စကြာဟု ဆိုသည့်အတိုင်း ဂုဏ်တော်အစနှင့် ဂုဏ်တော်အဆုံးကိုတွဲ၍ စကြာသဘောမျိုး စီရင်ထားသည် ဖြစ်ပါသောကြောင့် ပုတီးစိပ်၊ ရွတ်ဖတ် သရဇ္ဈာယ်ကြရာတွင် ဂုဏ်တော်များကို အမှားမရှိရအောင် (၀၊) မမှားရအောင် အထူးဂရုစိုက် သတိကပ်ထားနေရသောကြောင့် သမာဓိတရားကို အလွန်ရလွယ်ပါလိမ့်မည်။ သတိတစ်ချက် လွတ်၍သွားသည်နှင့် ချက်ချင်းပင် ဂုဏ်တော်များ မှားယွင်း လာရတော့၏။ ထိုသို့ ရွတ်ဆိုမှု မှားယွင်းသွားသည်နှင့်တစ်ပြိုင်နက် ဂုဏ်တော်စကြာကို အစ ပထမကပင် ပြန်လည်၍စတင်ကာ ပြန်ရွတ်ဖတ် သရဇ္ဈာယ်နေရခြင်း ဖြစ်ရတတ်ပါသည်။ ထို့ကြောင့် ဂုဏ်တော်စကြာကို မမှားရလေအောင် ဂရုတစိုက် သတိကပ်ထားနေရမှုကြောင့် စိတ်တည်ငြိမ်ပြီး သမာဓိတရားကို အမြန်ဆုံးရရှိစေနိုင်ပါသည်။ သမာဓိတရားရရှိလာသည်နှင့်အမျှ အမရပူရခေတ်၊ ကုန်းဘောင်ခေတ်များတွင် သာသနာပြုတော်မူဖူးခဲ့သော သိဒ္ဓိအမျိုးမျိုး ပြီးစီး အောင်မြင်ကြသည့် မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်ကြီးများနှင့် တွေ့ဆုံရတတ်ပြီး ထိုပုဂ္ဂိုလ်များထံမှ ထူးဆန်းသော၊ ထူးခြားသော

ပညာရပ်များ၊ အတတ်ပညာများ၊ အသိပညာများ၊ အကျင့်ပညာ
ရပ်များကို ရရှိခံစားနိုင်ပေလိမ့်မည်ဟု မှတ်ယူသင့်ပါသည်။

(၈) ဂုဏ်တော် × သရဏဂုံတွဲ၍ ပွားများပုံ

(၁) သောဘဂဝါ ဣတိပိ အရဟံ
ဗုဒ္ဓံသရဏံ ဂစ္ဆामိ
သောဘဂဝါ ဣတိပိ အရဟံ
ဓမ္မံသရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ အရဟံ
သံဃံသရဏံဂစ္ဆာမိ။

(၂) သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
သံဃံသရဏံဂစ္ဆာမိ။

(၃) သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော
ဓမ္မံ သရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော
သံဃံ သရဏံ ဂစ္ဆာမိ။

(၄) သောဘဂဝါ ဣတိပိ သုဂတော
ဗုဒ္ဓံ သရဏံ ဂစ္ဆामိ
သောဘဂဝါ ဣတိပိ သုဂတော
ဓမ္မံ သရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ သုဂတော
သံဃံ သရဏံ ဂစ္ဆာမိ။

(၅) သောဘဂဝါ ဣတိပိ လောကဝိဒူ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ လောကဝိဒူ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ လောကဝိဒူ
သံဃံ သရဏံ ဂစ္ဆာမိ။

(၆) သောဘဂဝါဣတိပိ အနုတ္တရောပုရိသ
ဒမ္မသာရထိ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သောဘဂဝါဣတိပိ အနုတ္တရောပုရိသ
ဒမ္မသာရထိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သောဘဂဝါဣတိပိ အနုတ္တရောပုရိသ
ဒမ္မသာရထိ
သံဃံ သရဏံ ဂစ္ဆာမိ။

(၇) သောဘဂဝါ ဣတိပိ သတ္တာဒေဝမနုဿာနံ
ဗုဒ္ဓံ သရဏံ ဂစ္ဆामိ
သောဘဂဝါ ဣတိပိ သတ္တာဒေဝမနုဿာနံ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ သတ္တာဒေဝမနုဿာနံ
သံဃံ သရဏံ ဂစ္ဆာမိ။

(၈) သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ
သံဃံသရဏံ ဂစ္ဆာမိ။

(၉) သောဘဂဝါ ဣတိပိ ဘဂဝါ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ ဘဂဝါ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သောဘဂဝါ ဣတိပိ ဘဂဝါ
သံဃံ သရဏံ ဂစ္ဆာမိ။

ဤဂုဏ်တော် သရဏဂုံအကျင့်မြတ်ကို ၉ ရက် အဓိဋ္ဌာန်ဝင်၍လည်းကောင်း၊ ၁၈ ရက် အဓိဋ္ဌာန်ဝင်၍လည်းကောင်း၊ ၂၇ ရက် အဓိဋ္ဌာန်ဝင်၍လည်းကောင်း၊ ဝါတွင်း ၃ လ အဓိဋ္ဌာန်

ဝင်၍လည်းကောင်း မိမိစိတ်တိုင်းကျ၊ စိတ်ကြိုက်၊ အဓိဋ္ဌာန်ရက်၊ အကန့်အသတ်ဖြင့် ကျင့်ဆောင်ပွားများ အားထုတ်နိုင်ပါသည်။ မိမိဆန္ဒရှိသလိုလည်း နေ့စဉ်ပွားများ အားထုတ်နိုင်ပါသေးသည်။ နေ့စဉ် ပုတီး ၃ ပတ်ရအောင် ရွတ်စိပ်ခြင်း၊ နေ့စဉ် ပုတီး ၉ ပတ် ရအောင် ရွတ်စိပ်ခြင်း၊ နေ့စဉ် ပုတီး ၁၈ ပတ်ရအောင် ရွတ်စိပ်ခြင်း၊ နေ့စဉ် ပုတီး ၂၇ ပတ်ရအောင် ရွတ်စိပ်ခြင်း တို့ကိုလည်း မိမိစိတ်ကြိုက် အဓိဋ္ဌာန်ပြု၍ ပွာများအားထုတ်နိုင်ပါသေးသည်။

ထို့ထက်လွန်ကဲ၍ သတ္တဝါများ၏ အသက်၊ အသွေး၊ အသား၊ အရိုး၊ အဆီတို့ကို ရှောင်ကြဉ်၍ အသက်လွတ်၊ အသက်သတ်လွတ် အစားအစာများကိုသာ အဓိဋ္ဌာန်ပြု၍ စားသုံး၍ ဤဂုဏ်တော်သရဏာဂုံအကျင့်လမ်းကို ကျင့်ဆောင်ပွားများ ပါက သီဒွိအမျိုးမျိုး၊ တန်ခိုးအမျိုးမျိုး၊ အဘိညာဉ် ဝိဇ္ဇာဉာဏ်မျိုးကို အစိုးရ အောင်မြင်ပြီးစီးရ၏ဟု မှတ်ယူကြရပါမည်။

(၁) သီလကို ခံယူ၍ ဆောက်တည်၍ မိမိခံယူထားသော သီလတော်ကို လုံခြုံအောင်စောင့်ထိန်းခြင်း၊

(၂) အသက်သတ်လွတ် စားသုံး၍ ခန္ဓာကိုယ်သွေးသား စင်ကြယ်စေခြင်း၊

(၃) အဓိဋ္ဌာန် သစ္စာပြု၍ ဂုဏ်တော်သရဏာဂုံ အကျင့်ကို ကြိုးစားကျင့်ဆောင်ခြင်း။

ဤအချက် ၃ ချက်ကို အထူးသတိပြုပါလေ။ ဤအချက် ၃ ချက်နှင့်အညီ ကျင့်ဆောင် ပွားများ အားထုတ်ပါက အန္တရာယ် ကင်းဝေးခြင်း၊ ရန်ငါးပါးကင်းဝေးခြင်း၊ ရောဂါ၊ အနာ၊ ဝေဒနာ များမှ ကင်းဝေးခြင်း၊ အမှုကိစ္စအမျိုးမျိုးတို့ကို အနိုင်ရခြင်း၊ ရန်ပြေပျောက်ခြင်း၊ မာန်ပြေပျောက်ခြင်း၊ အပူသောက ကင်းဝေး ရခြင်း၊ အမြဲတမ်း ကိုယ်စိတ်ချမ်းသာရခြင်း၊ အမြဲတမ်း ကိုယ်စိတ် ငြိမ်းချမ်းရခြင်း၊ ကောင်းစွာအိပ်စက်ရခြင်း၊ ကောင်းသော အိပ်မက် များကိုသာ မြင်မက်ရခြင်း၊ အိပ်ရာမှကောင်းစွာ နိုးထရခြင်း၊ မကောင်း ကြံစည်မှု မှန်သမျှတို့သည် မိမိခန္ဓာကိုယ်တွင် ကောင်းကျိုးအဖြစ် ပြောင်းလဲ၍ ဖြစ်ပေါ်ပေးရခြင်း၊ လူ၊ နတ်၊ တိရစ္ဆာန်များ ချစ်ခင် မြတ်နိုးကြခြင်း၊ စုန်း၊ ကဝေ၊ တစ္ဆေ၊ မြေဘုတ်၊ ပြိတ္တာ၊ ဘီလူး၊ သဘက်များ ချစ်ခင်မြတ်နိုးရခြင်း၊ သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့် နတ်မင်းများ ချစ်ခင် မြတ်နိုးလာကြခြင်း၊ စည်းစိမ်ဥစ္စာရတနာ၊ ရွှေ၊ ငွေများ၊ တိုးတက် စည်ကားလာတတ်ခြင်း၊ ပြောဆို တောင့်တသမျှ ပြည့်စုံလာရ တော့၏။

မိမိ၏အသက်အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာရတနာ၊ အိမ်၊ ခြံ၊ မြေများကို သူတစ်ပါးမဖျက်ဆီးနိုင်ခြင်း၊ စီးပွားရေး အရောင်း အဝယ်များ တိုးတက်အောင်မြင်လာရခြင်း၊ ရာထူးအဆင့် မြင့်မား တိုးတက်ရခြင်း၊ သိဒ္ဓိအမျိုးမျိုး၊ တန်ခိုးအမျိုးမျိုးတို့ကို ရရှိစေ နိုင်ခြင်း၊ အကျိုးကျေးဇူးများကို ခံစားရရှိစေနိုင်ပါသည်။

(ဃ) ဂုဏ်တော် သရဏဂုံအကျင့်နှင့် သစ္စာပြုဆုတောင်းပုံ

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော် မူပေထသော အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်ကို အမှူးထား၍ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟု ဆိုအပ်သော ရတနာမြတ်သုံးပါးနတ်တို့ဘုရား ...

တပည့်တော်သည် အဓိဋ္ဌာန်ဝင်ထားသည့်အတိုင်း အဓိဋ္ဌာန် သစ္စာပြုထားသည့်အတိုင်း ယနေ့ ယခု အချိန်အခါမှစ၍ ဂုဏ်တော် ၂၇ ပါး၊ သရဏဂုံ ၂၇ ပါးတို့အား အစမှအဆုံးတိုင် ရွတ်ဖတ် သရဇ္ဈာယ်၍ဆုံးပါမှ ပုတီးတစ်လုံးချ၍ သို့မဟုတ် တစ်ခေါက်ဟု သတ်မှတ်၍ နေ့စဉ် ၁၀၈ လုံးပါသော ပုတီး တစ်ပတ်ရအောင် ပုတီးစိပ်ခြင်း (သို့မဟုတ်) ၁၀၈ ခေါက် ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ပါမည်ဟု၍ သစ္စာအဓိဋ္ဌာန်ပြုပါ၏ ဘုရား ...

ဤသို့လျှင် ဂုဏ်တော် ၂၇ ပါး၊ သရဏဂုံ ၂၇ ပါး တို့အား ၁၀၈ ခေါက်ရအောင် ပုတီးစိပ် ရွတ်ဖတ် သရဇ္ဈာယ် နေစဉ်အတွင်း ...

၁၀၈ ခေါက် မပြည့်မချင်း ထိုင်ရာမှ မထပါဘုရား။

၁၀၈ ခေါက် မပြည့်မချင်း နောက်သို့ လှည့်မကြည့်ပါ ဘုရား။

၁၀၈ ခေါက် မပြည့်မချင်း မှက်၊ ခြင်၊ ယင်၊ ပုရွက်ဆိတ် များ၊ တခြားသော အဟိတ် တိရစ္ဆာန်များ ကိုက်ခဲပါသော်လည်း မရိုက်၊ မပွတ်၊ မသတ်ပါဘုရား။

၁၀၈ ခေါက် မပြည့်မချင်း မည်သူ တစ်ဦးတစ်ယောက်က အသံပြုလိုမ်းခေါ်သည်ကို ပြန်လှန်၍ အသံပြု ပြန်ပေးပါ ဘုရား။ ဤမှန်ကန်သော သစ္စာအဓိဋ္ဌာန်ကို ဗုဒ္ဓဘုရားရှင် အမှူးထား၍ ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါး နတ်တို့၏ ရှေ့တော်မှောက်၌ မှန်ကန်သော သစ္စာကို ပြုပါ၏ ဘုရား။ ဤကဲ့သို့ မှန်ကန်သော သစ္စာကိုပြု၍ ဂုဏ်တော် ၂၇ ပါး၊ သရဏဂုံ ၂၇ ပါးတို့ကိုတွဲ၍ ၁၀၈ ခေါက်ရအောင် ပုတီးစိပ်၊ ရွတ်ဖတ်သရဇ္ဈာယ်ပါမည် ဟူ၍ သစ္စာအဓိဋ္ဌာန်ပြုပါ၏ ဘုရား။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရှေ့တော်တွင် ပရိကမ္မ ဆုတောင်းပုံ အမှုတို့ကို ဆောင်ရွက်ပြီးနောက် မိမိကျင့်ဆောင်ပွားများရည့် အဓိဋ္ဌာန်အကျင့်အတွက် ကြိုးတင်၍ ဆောင်ရွက်စရာရှိသော ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတို့ကို ဆောင်ရွက်စေပြီးနောက် အထက်ပါ အတိုင်း ဘုရားရှေ့တော်တွင် အဓိဋ္ဌာန်သစ္စာပြုပါလေ။ ထို့နောက် မိမိပြုထားသော သစ္စာအဓိဋ္ဌာန်များကို မကျိုးမပေါက်စေရန် အထူးသတိကပ်ထားပြီး ဂုဏ်တော်သရဏဂုံများကိုတွဲ၍ ကျင့်ကြံ ပွားများ အားထုတ်ကြရပါမည်ဟု အထူးသိမြင်တတ်ကြပါလေ။

သစ္စာအဓိဋ္ဌာန်ပြု၍ ဆုတောင်းရာ၌ မိမိအလိုရှိရာဆုကို အဓိဋ္ဌာန်ပြု ဆုတောင်းတတ်ကြပါစေ။ လိုတာကို အဓိဋ္ဌာန်ပြု ဆုတောင်းရမည်ဖြစ်ပြီး မလိုတာ၊ မလိုအပ်တာ၊ အရေးမကြီးတာ ကို အဓိဋ္ဌာန်ပြု ဆုမတောင်းဖို့ အရေးကြီးပါသည်။ ယခုပြသရန် ဖြစ်သော အဓိဋ္ဌာန်ပြု ဆုတောင်းပုံမှာလည်း လောကီ၊

လောကုတ္တရာ နှစ်မျိုးစလုံးကို ပြသထားမှာဖြစ်ပြီး မိမိလိုရာကို သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းတတ်ကြပါစေ။

သစ္စာအဓိဋ္ဌာန်ပြု၍ ဆုတောင်းပုံ

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူပေထသော သဗ္ဗညုဗုद्ध မြတ်စွာဘုရားရှင်အား အမှူးထား၍ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟုဆိုအပ်သော ရတနာမြတ်သုံးပါးနတ်တို့ဘုရား။ တပည့်တော်သည် အဓိဋ္ဌာန်ဝင်၍ သစ္စာပြုထားသည့်အတိုင်း ယနေ့ယခု အချိန်အခါ၌ ဂုဏ်တော် ၂၇ ပါးနှင့် သရဏဂုံ ၂၇ ပါးတို့အား အစမှအဆုံးတိုင် ရွတ်ဖတ် သရဇ္ဈာယ်ဆုံးမှ ပုတီးတစ်လုံးချစီပ်ခြင်းကို ၁ ခေါက်ဟူ၍ သတ်မှတ်ကာ ၁၀၈ လုံးပါသော ပုတီးကုံးဖြင့် ပုတီးတစ်ပတ်ရအောင် ပုတီးစိပ်ခြင်းနှင့် ၁၀၈ ခေါက်ရအောင် သစ္စာပြု၍ အဓိဋ္ဌာန်ပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါ၏ဘုရား။ (ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သောသစ္စာစကားကြောင့် ဤမှန်ကန်သော သစ္စာ၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း) တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များကိုပြု၍ ဂုဏ်တော် ၂၇ ပါးနှင့် သရဏဂုံ ၂၇ ပါးတို့အား ပုတီး ၁ ပတ် သို့မဟုတ် ၁၀၈ ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့်လည်းကောင်း၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များကိုပြု၍ ပုတီး **၁ ပတ်** သို့မဟုတ် ၁၀၈ ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ် ပုတီးစိပ်ခဲ့ရသော ဂုဏ်တော် ၂၇ ပါးနှင့်

သရဏာဂုံ ၂၇ ပါး အစုအပေါင်းတို့၏ တန်ခိုးတေဇော်အာနုဘော်တော်တို့ကြောင့် ...

(၁) တပည့်တော်၏ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၌လည်းကောင်း၊ တပည့်တော်၏ ခန္ဓာကိုယ် ၃၂ ကောဋ္ဌာသတို့၌လည်းကောင်း၊ အလုံးစုံသော အန္တရာယ်မှန်သမျှ၊ ဘေးမှန်သမျှ၊ ဒဏ်မှန်သမျှ၊ ရန်မှန်သမျှ၊ အနှောင့်အယှက်မှန်သမျှ၊ ရောဂါမှန်သမျှ၊ အနာမှန်သမျှတို့သည်လည်းကောင်း၊ အလုံး၊ အကြိတ်၊ အခဲ၊ အဖု၊ အကျိတ်၊ အနာအဆာ ရောဂါအားလုံးတို့သည်လည်းကောင်း၊ နှလုံးနှင့် ပတ်သက်သော ရောဂါအနာတို့သည်လည်းကောင်း၊ အဆုတ်နှင့် ပတ်သက်သော ရောဂါအနာတို့သည်လည်းကောင်း၊ အသည်းနှင့် ပတ်သက်သော ရောဂါအနာတို့သည်လည်းကောင်း၊ အစာအိမ်နှင့် ပတ်သက်သော ရောဂါအနာတို့သည်လည်းကောင်း၊ ဆီးလမ်းကြောင်းရောဂါ၊ ကျောက်ကပ်ရောဂါ အနာတို့သည်လည်းကောင်း၊ လေနှင့်ပတ်သက်သော ရောဂါအနာမှန်သမျှတို့သည်လည်းကောင်း၊ ကင်ဆာ၊ အမြစ်တွယ်အနာ၊ အမြစ်ပွားနာနှင့် ပတ်သက်သော ရောဂါအနာမှန်သမျှတို့သည်လည်းကောင်း၊ အဆစ်အမြစ် ကိုက်ခဲသော ရောဂါအနာမှန်သမျှတို့သည်လည်းကောင်း၊ ခါးအောက်ပိုင်း ခြေနှစ်ချောင်း၌ ထုံနာကျဉ်နာ ရောဂါမှန်သမျှသည်လည်းကောင်း၊ ပိန်းကြာဖက်ဖျား ရေမတင် လျှောကျဘိသကဲ့သို့ အပြီးတိုင်ကင်းရှင်းစွာ ပျောက်ကင်းချမ်းသာပါစေသတည်း။

ဤဆုတောင်းကား မိမိတွင် ခံစားနေရသော ရောဂါ အနာများအတွက်ဖြစ်စေ၊ သူတစ်ပါးတွင် ခံစားနေရသော ရောဂါ အနာများအတွက်ဖြစ်စေ သစ္စာအဓိဋ္ဌာန်ပြု၍ ဆုတောင်းခြင်းဖြင့် ရောဂါအနာများ သက်သာပျောက်ကင်းနိုင်ကြောင်းကို သတိပြုပါလေ။ မိမိတွင်ခံစားနေရသော ရောဂါ၏ အမည်၊ ဝေဒနာ၏အမည်ကို သေချာဂရုစိုက်စွာ ထည့်ဆို၍ သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းရမည်ဟု ဆိုလိုပါသည်။

(၂) ဘေးရန်အန္တရာယ်အတွက် ဆုတောင်းပုံနှင့် ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးမှုအတွက် ဆုတောင်းပုံ

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူပေထသော သဗ္ဗညု ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့်တကွ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါး နတ်တို့ဘုရား။

တပည့်တော်သည် အဓိဋ္ဌာန်ဝင်၍ အဓိဋ္ဌာန်ပြု၊ သစ္စာပြုထားသည်နှင့်အညီ ယနေ့ယခု အချိန်အခါ၌ ဂုဏ်တော် ၂၇ ပါး နှင့် သရဏ ဂုံ ၂၇ ပါးတို့အား အစမှအဆုံးတိုင် ရွတ်ဖတ်သရဇ္ဈာယ်မှုဆုံးမှ ပုတီး ၁ လုံးချ စိပ်ခြင်းကို ၁ ခေါက်ဟူ၍ သတ်မှတ်ကာ ၁၀၈ လုံးပါသော ပုတီးကုံးဖြင့် ပုတီးတစ်ပတ်ရအောင် ပုတီးစိပ်ခြင်းနှင့် (သို့မဟုတ်) ၁၀၈ ခေါက်ရအောင် သစ္စာပြု၊ အဓိဋ္ဌာန်ပြု၍ ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ပါ၏ ဘုရား။ (ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကားကြောင့် ဤမှန်ကန်သောသစ္စာတရား၏ တန်ခိုးဟောင်အာနုဘော်တော်

ကြောင့်လည်းကောင်း) တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ကိုပြု၍ ဂုဏ်တော် ၂၇ ပါးနှင့် သရဏာဂုံ ၂၇ ပါးတို့အား ပုတီးတစ်ပတ် သို့မဟုတ် ၁၀၈ ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များကိုပြု၍ ပုတီးတစ်ပတ် သို့မဟုတ် ၁၀၈ ခေါက် ရအောင် ရွတ်ဖတ် သရဇ္ဈာယ် ပုတီးစိပ်ခဲ့ရသော ဂုဏ်တော် ၂၇ ပါးနှင့် သရဏာဂုံ ၂၇ ပါး အစုအပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့် ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ်၊ အန္တရာယ်အပေါင်းတို့မှ ထာဝရ လွတ်မြောက်နေပါစေသတည်း။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ ဟူသော ရန်သူမျိုး ၅ ပါး အန္တရာယ်များမှ အမြဲတမ်း၊ ထာဝရ လွတ်ကင်းနေပါစေသတည်း။ အတိုက်အခံများ၊ အဖုအထစ်များ၊ ကိစ္စပြဿနာ အရှုပ်အထွေးများ၊ မနာလို မုန်းတားသူများ၊ မရှစိမ့် မကြည်ဖြူသူများတို့မှ အမြဲတမ်း ထာဝရ ကင်းဝေး ပယောက်နေပါစေသတည်း။ အကျွန်ုပ်၏ ကိုယ်၊ စိတ် နှစ်ပါးစလုံးသည် အမြဲတမ်း ထာဝရ တည်ကြည်အေးချမ်းနေပါစေသတည်း။ အကျွန်ုပ်၏ ကိုယ်စိတ်နှစ်ပါးစလုံးသည် အမြဲတမ်း ထာဝရ တည်ငြိမ်အေးချမ်းနေပါစေသတည်း။

အကျွန်ုပ်၏ ကိုယ်၊ စိတ် နှစ်ပါးစလုံးသည် အမြဲတမ်း ထာဝရ အေးချမ်းသာယာနေပါစေသတည်း။ အကျွန်ုပ်၏ ကိုယ်၊ စိတ် နှစ်ပါးစလုံးတို့သည် အမြဲတမ်းထာဝရ ငြိမ်းချမ်းသာယာနေပါစေသတည်း။ အကျွန်ုပ်၏ ကိုယ်၊ စိတ် နှစ်ပါးစလုံးတို့သည်

ဆင်းရဲမှု၊ သောက၊ ဗျာပါဒ၊ ပရိဒေဝ ဒုက္ခအပေါင်းတို့မှ အမြဲတမ်း ထာဝရ လွတ်မြောက်နေပါစေသတည်း။

(၃) စီးပွားရေး၊ ဝင်ငွေနှင့် လာဘ်လာဘအတွက် ဆုတောင်းပုံ

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူပေထသော အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားနှင့်တကွ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး နတ်တို့ဘုရား - တပည့်တော်သည် အဓိဋ္ဌာန်ပြု၊ သစ္စာပြုထားသည်နှင့်အညီ ယနေ့ယခုအချိန်အခါ၌ ဂုဏ်တော် ၂၇ ပါးနှင့် သရဏဂုံ ၂၇ ပါးတို့အား အစမှအဆုံးတိုင် ရွတ်ဖတ် သရဇ္ဈာယ်မှုဆုံးမှ ပုတီး ၁ လုံးချစိပ်ခြင်းကို တစ်ခေါက် ဟူ၍ သတ်မှတ်ကာ ၁၀၈ လုံးပါသော ပုတီးကုံးဖြင့် ပုတီး ၁ ပတ်ရအောင် ပုတီးစိပ်ခြင်းနှင့် (သို့မဟုတ်) ၁၀၈ ခေါက်ရအောင် သစ္စာပြု၍ အဓိဋ္ဌာန် ပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါ၏ဘုရား။ (ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကားကြောင့်၊ ဤမှန်ကန်သော သစ္စာ တရား၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း) တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ကိုပြု၍ ဂုဏ်တော် ၂၇ ပါးနှင့် သရဏဂုံ ၂၇ ပါးတို့အား ပုတီး ၁ ပတ် သို့မဟုတ် ၁၀၈ ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့်လည်းကောင်း၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန် များကို ပြု၍ ပုတီး ၁ ပတ် သို့မဟုတ် ၁၀၈ ခေါက်ရအောင်

ရွတ်ဖတ်သရဇ္ဈာယ် ပုဂီးစိပ်ခဲ့ရသော ဂုဏ်တော် ၂၇ ပါးနှင့် သရဏဂုံ ၂၇ ပါး အစုအပေါင်းတို့၏ တန်ခိုးတေဇော် အံ့နှော်တော်ကြောင့် စည်းစိမ်ဥစ္စာ၊ ရတနာ ရွှေငွေတို့သည် အရပ် ၄ မျက်နှာ၊ အရပ် ၈ မျက်နှာ၊ အရပ် ၁၀ မျက်နှာတို့မှ လျင်မြန်စွာ ဝင်လာမစဲ တသဲသဲ ဝင်ရောက်လာကြပါစေကုန်သတည်း။ ပိယသိဒ္ဓိ အပွင့်ဓာတ်များ၊ ဓနသိဒ္ဓိ အပွင့်ဓာတ်များ၊ လာဘသိဒ္ဓိ အပွင့်ဓာတ်များ၊ ဇေယျသိဒ္ဓိ အပွင့်ဓာတ်များ၊ စီးပွားလာဘ်လာဘများ၊ အရောင်းအဝယ်၊ အခွင့်အလမ်းများ လျင်မြန်စွာ စည်စည်ကားကား တိုးတက်လာကြပါစေသတည်း။ စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ စည်းစိမ်ဥစ္စာ၊ အိမ်၊ တိုက်၊ ခြံ၊ ကား စသော ဆယ့်တစ်ပါးသော လောကီချမ်းသာသုခတို့သည် ဝင်လာမစဲတသဲသဲ ဝင်ရောက်လာကြပါစေကုန်သတည်း။

ပြောတိုင်းဆိုတိုင်း၊ ကြံစည်တိုင်း၊ တောင့်တတိုင်း၊ ဆန္ဒရှိတိုင်း၊ ဆုတောင်းတိုင်း၊ တမ်းတတိုင်း၊ ရည်မှန်းတိုင်း၊ လျင်မြန်စွာ အောင်မြင်ပြီးစီးရပါစေသတည်း၊ ထိုမှတစ်ဖန် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားများကို ဆတက်ထမ်းပိုး လျင်မြန်စွာ ပြည့်စုံစွာ တိုးတက်၍ ခံစား၊ စံစားနိုင်ရပါလိုစ၏ဘုရား။

(၄) မဂ်ဖိုလ်နိဗ္ဗာန်အတွက် ဆုတောင်းပုံ

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူပေထသော အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်နှင့်

တကွ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှတ်တို့ဘုရား - တပည့်တော်သည် အဓိဋ္ဌာန်ပြု သစ္စာပြုထားသည်နှင့်အညီ ယနေ့ယခုအချိန်အခါ၌ ဂုဏ်တော် ၂၇ ပါးနှင့် သရဏဂုံတော် ၂၇ ပါးတို့အား အစမှအဆုံးတိုင် ရွတ်ဖတ်သရဇ္ဈာယ်မှုဆုံးမ ပုတီးတစ်လုံးချစီပ်ခြင်းကို တစ်ခေါက်ဟု သတ်မှတ်ကာ ၁၀၈ လုံးပါသော ပုတီးကုံးဖြင့် ပုတီး ၁ ပတ် ရအောင် ပုတီးစိပ်ခြင်း (သို့မဟုတ်) ၁၀၈ ခေါက် ရအောင် သစ္စာပြု အဓိဋ္ဌာန်ပြု၍ ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ပါ၏ဘုရား။

(ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကား ကြောင့်လည်းကောင်း၊ ဤမှန်ကန်သော သစ္စာတရား၏ တန်ခိုး တေဇော် အာနုဘော်တော်တို့ကြောင့်လည်းကောင်း) တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ကိုပြု၍ ဂုဏ်တော် ၂၇ ပါးနှင့် သရဏဂုံတော် ၂၇ ပါးတို့အား ပုတီး ၁ ပတ် သို့မဟုတ် ၁၀၈ ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ် ပုတီးစိပ်ခဲ့ရသော ဂုဏ်တော် ၂၇ ပါးနှင့် သရဏဂုံ ၂၇ ပါး အစုအပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊ အပါယ်လေးပါး၊ ရန်သူမျိုးငါးပါး၊ ဘေးရှစ်ပါး၊ ဒဏ်ဆယ်ပါး၊ အနာမျိုးကိုးဆယ့်ခြောက်ပါးတို့မှ ဘဝဆက်တိုင်းဆက်တိုင်း ကင်းလွတ်ငြိမ်းကြေကုန်သည်ဖြစ်၍ သမထတရားများကို ကျင့်ကြံပွားများ အားထုတ်ခဲ့သည်ရှိသော် ခဏိက သမာဓိ၊ ဥပစာရ သမာဓိ အပ္ပနာသမာဓိတရား စျာန်တရားတို့ကို အခက်အခဲမရှိ လွယ်ကူစွာ အောင်မြင်ပြီးစီးရပါစေသတည်းဘုရား။

ထို့ပြင်တစ်ဝ ဝိပဿနာတရားများကို လေ့ကျင့်ပွားများ အားထုတ်ရာ၌လည်း သမ္မသနဉာဏ်၊ နာမပရိစ္ဆေဒဉာဏ်၊ ရူပပရိစ္ဆေဒဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ် စသော ဝိပဿနာဉာဏ်တော်များကို အာဘစ်အင့ေါ်မရှိ အခက်အခဲမရှိ လွယ်ကူစွာ ချမ်းသာစွာ ရရှိ အောင်မြင်ပြီးစီးရ၍ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားများကို လျင်မြန်စွာ အာရုံပြု မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်သည် ဧကန်အမှန် ဖြစ်ရပါလို၏ အရှင်ဘုရား။

(၅) ဂုဏ်တော် သရဏဂုံတော်ဖြင့် စေတီတော်တည်ပုံ

သဗ္ဗဗုद्ध ါနုဘာဝေန ဂင်္ဂါဝါ၌ သဲစုမျှမက ပွင့်တော်မူကြပေကုန်သော အလုံးစုံသော သမ္မာသမ္ဗုद္ဓ၊ သဗ္ဗညုတ ဗုद္ဓဘုရားရှင် အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်လည်းကောင်း၊ သဗ္ဗမဂ္ဂာနုဘာဝေန၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ်ဟု ဆိုအပ်ကုန်သော ဆယ်ပါးသော တရားတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊ သဗ္ဗသံဃာနုဘာဝေန၊ အလုံးစုံကုန်သော မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာသံဃာတော်တို့နှင့်တကွ သမုတိထေရ် သံဃာတော်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း -

တပည့်တော်သည် သစ္စာအဓိဋ္ဌာန် ပြုထားသည့်အတိုင်း ယနေ့ယခုအချိန်အခါ၌ ဂုဏ်တော် ၂၇ ပါးနှင့် သရဏဂုံ ၂၇

ပါ:တို့အား အစမှအဆုံ:တိုင် ရွတ်ရှုဆုံ:မှ ပုတီ:တစ်လုံ:ချ ၄ ခြင်:ကို တစ်ခေါက်ဟုသတ်မှတ်ကာ ၁၀၈ လုံ:ပါသော ပုတီ:ကုံ:ဖြင့် ပုတီ:တစ်ပတ်ရအောင် ပုတီ:စိပ်ခြင်: (သို့မဟုတ်) ၁၀၈ ခေါက်ရအောင် သစ္စာအဓိဋ္ဌာန်များပြု၍ ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ပါ၏ဘုရား။

(ဤသစ္စာ မှန်ကန်ပါက ဤမှန်ကန်သော သစ္စာစကား ကြောင့် ဤမှန်ကန်သော သစ္စာတရား၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်:ကောင်:) တပည့်တော်သည် သစ္စာ အဓိဋ္ဌာန်ပြု၍ ဂုဏ်တော် ၂၇ ပါ:နှင့် သရဏဂုံတော် ၂၇ ပါ: တို့အား ပုတီ:တစ်ပတ် သို့မဟုတ် ၁၀၈ ခေါက်ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်:မှုအစုစုတို့ကြောင့် လည်:ကောင်:၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန်ပြု၍ ဂုဏ်တော် ၂၇ ပါ:နှင့် သရဏဂုံတော် ၂၇ ပါ:တို့အား ပုတီ:တစ်ပတ် သို့မဟုတ် ၁၀၈ ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်:မှု အစုအပေါင်:တို့သည်လည်:ကောင်:၊ တပည့် တော်သည် သစ္စာအဓိဋ္ဌာန်ကို ပြု၍ ပုတီ:တစ်ပတ် သို့မဟုတ် ၁၀၈ ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ဂုဏ်တော် ၂၇ ပါ:နှင့် သရဏဂုံတော် ၂၇ ပါ: အစုအပေါင်:တို့၏ သီဒ္ဓိတန်ခိုး၊ ပညာတန်ခိုး၊ မဟိဒ္ဓိတန်ခိုး၊ သစ္စာတန်ခိုး၊ မေတ္တာ တန်ခိုး အပေါင်:တို့သည်လည်:ကောင်:၊ တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များကိုပြု၍ ပုတီ:တစ်ပတ် သို့မဟုတ် ၁၀၈ ခေါက် ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ဂုဏ်တော် ၂၇

ပါးနှင့် သရဏဂုံတော် ၂၇ ပါးတို့၏ အစုအပေါင်းတို့သည်လည်းကောင်း၊ ဂုဏ်တော်တန်ခိုး အပေါင်းအစုတို့သည်လည်းကောင်း၊ သရဏဂုံတော်တန်ခိုး အစုအပေါင်းတို့သည်လည်းကောင်း တပည့်တော်၏ ဦးခေါင်းရတနာ မြတ်အင်္ဂါ အထက်၌ ပလွင်တော် အမှတ်ပြု၍ အမြဲထာဝရ ကျောင်းတော် အမှတ်ဖြင့် တန်ရုပ် တည်နေ ကိန်းဝပ်စံပယ် သီတင်းသုံးတော်မူကြပါစေကုန်သတည်း။

တပည့်တော်၏ လက်ဝဲ လက်ယာ ပခုံးနှစ်ဖက်၌ ပလွင်တော် အမှတ်ပြု၍ အမြဲထာဝရ ကျောင်းတော်အမှတ်ဖြင့် တန်ရုပ်တည်နေ ကိန်းဝပ်စံပယ် သီတင်းသုံးတော်မူကြပါစေကုန်သတည်း။

တပည့်တော်၏ အဆုဟာ၊ အသည်း၊ နှလုံးထဲ၌ ပလွင်တော် အမှတ်ပြု၍ အမြဲထာဝရ ကျောင်းတော်အမှတ်ဖြင့် တန်ရုပ်တည်နေ ကိန်းဝပ်စံပယ်၍ သီတင်းသုံးတော်မူကြပါစေကုန်သတည်း။ တပည့်တော်၏ အဆုတ်၊ အသည်း၊ နှလုံးထဲ၌ သရဏဂုံစေတီတော်၊ ဂုဏ်တော်စေတီတော်အဖြစ် အမြဲထာဝရ တန်ရုပ်တည်နေ ကိန်းဝပ်စံပယ်၍ သီတင်းသုံးတော်မူကြပါစေကုန်သတည်း။ တပည့်တော်၏ အဆုတ်၊ အသည်း၊ နှလုံးထဲ၌ တန်ခိုးဂုဏ်၊ သိဒ္ဓိဂုဏ်၊ မဟိဒ္ဓိဂုဏ်၊ ပညာဂုဏ်၊ သစ္စာဂုဏ်၊ မေတ္တာဂုဏ်တို့နှင့် ပြည့်စုံတော်မူပေသော သရဏဂုံစေတီတော်မြတ်အဖြစ်လည်းကောင်း၊ ဂုဏ်တော်စေတီတော်မြတ်အဖြစ်လည်းကောင်း၊ အမြဲထာဝရ တန်ရုပ်တည်နေ ကိန်းဝပ်စံပယ်

သီတင်းသုံးတော်မူကြပါစေကုန်သတည်း။ တပည့်တော်၏ အဆုတ်၊ အသည်း၊ နှလုံးအိမ်ထဲ၌ ဘုန်းတော်အနန္တ၊ ကံတော် အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ တန်ခိုးတော် အနန္တ တို့နှင့် ပြည့်စုံတော်မူပေသော သရဏဂုံတော် စေတီတော်မြတ် အဖြစ်သည်လည်းကောင်း၊ ဂုဏ်တော်စေတီတော်မြတ်အဖြစ် လည်းကောင်း အမြဲထာဝရ တန်ရပ်တည်နေ ကိန်းဝပ်စံပယ် သီတင်းသုံးတော်မူကြပါစေကုန်သတည်း။

(၁) ဗုဒ္ဓေါမေ ရက္ခန္တု နိစ္စံ၊ ဓမ္မောမေ ရက္ခန္တု သဒါ၊ သံဃောမေ ရက္ခန္တု ဒိနေ၊ ဒီဃာယုကော သတံ ဘဝေ။ (၉ ခေါက်)

(၂) ဗုဒ္ဓေါမေ သီသေ တိဋ္ဌတု နိစ္စံ၊ ဓမ္မောမေ သီသေ တိဋ္ဌတု သဒါ။ သံဃောမေ သီသေ တိဋ္ဌတု ဒိနေ၊ ဒီဃာယုကော သတံဘဝေ။ (၉ ခေါက်)

(၃) ဗုဒ္ဓေါမေ ဟဒယေ တိဋ္ဌတု နိစ္စံ၊ ဓမ္မောမေ ဟဒယေ တိဋ္ဌတု သဒါသံဃောမေ ဟဒယေ တိဋ္ဌတု ဒိနေ၊ ဒီဃာယုကော သတံဘဝေ။ (၉ ခေါက်)

ဂါထာတစ်ပုဒ်လျှင် ၉ ခေါက် ရွတ်ဖတ် သရဇ္ဈာယ် ရပါမည်။ ဂါထာ ၃ ပုဒ်ဖြစ်သောကြောင့် အခေါက်ရေတိုင်း ၂၇ ခေါက်တိတိ ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။ ဂါထာ သုံးပုဒ်၏ အနက်အဓိပ္ပာယ်မှာ မခက်ခဲတော့ဘဲ လွယ်ကူလှသည် ဖြစ်၍ အခြားအခြားသော ကျမ်းစာများ၊ စာစောင်များတွင် လေ့လာ မှတ်ယူနိုင်ကြပါသည်ဟု တင်ပြလိုက်ပါသည်။

၆။ အားထုတ်ပွားများ အကျင့်သမားများအတွက်

(က) သိမှတ်ဖွယ်ရာအဖြာဖြာ

အခြေခံ အဓိဋ္ဌာန်အကျင့်များ၊ အခြေခံ သစ္စာပြု အကျင့်များ အပါအဝင် သမထလမ်း အကျင့်များ၊ ဝိပဿနာလမ်းအကျင့်များ တို့သည် တိတိကျကျ ပြတ်ပြတ်သားသား ကျင့်ဆောင် ပွားများ အားထုတ်ဖို့ အရေးကြီးလှပါသည်။ စတင် အားထုတ်ပွားများစဉ် ကာလမှစ၍ စိတ်ဓာတ်ကျဆင်းနေခြင်း၊ သဒ္ဓါတရားအား မကောင်းခြင်း၊ ပေါ့တီးပေါ်ဆ အားယုတ်ပွားများခြင်း၊ ဗုဒ္ဓဘာသာ ဗုဒ္ဓတရားတော်မြတ်ကို ပေါ့ပေါ့ဆဆ သဘောထားပြီး ပြောင် သလို လှောင်သလို ပြက်ရယ်ပြု၍ သဘောထားခြင်း၊ ယနေ့မှ အားထုတ်မည်၊ နက်ဖြန်မှ အားထုတ်မည်၊ ယခုအပတ် မအား လပ်သေး၍ ရှေ့အပတ်မှအားထုတ်မည်။ အမှန်တကယ်ကျတော့

အားမထုတ်ဖြစ်ခဲ့ပေ။ အားထုတ် ကျင့်ဆောင်ဖို့အရေး (နေ့ရွှေ့ ညရွှေ့၊ ဟိုအပတ်ရွှေ့၊ ဒီအပတ်ရွှေ့၊ ဒီနှစ်ရွှေ့၊ နောက်နှစ်ရွှေ့) စသည်ဖြင့် လူပျင်းဘဝ သဘာဝအတိုင်း ဖြစ်နေတတ်ပါသည်။ ထို့ပြင် (အသက်ငယ်နေသေးလို့ အားမထုတ်သေးတာ၊ စီးပွားရေး မပြေလည်သေးလို့ အားမထုတ်ဖြစ်သေးတာ၊ မိန်းမနှင့်မို့လို့၊ အိမ်ထောင်နှင့်မို့လို့ အားမထုတ်နိုင်သေးတာပါ) ဟု ဆင်ခြေဆင်လက်တွေ ပေးနေတတ်ပြီး ချေးများနေတတ်ကြပါသည်။ ထိုသို့သော ပုဂ္ဂိုလ်များအဖို့ တရားမရ၊ တရားမပေါက်၊ အချိန်တွေ ကုန်ပြီး မည်သည့်အကျိုးကျေးဇူးကိုမှ မရရှိဘဲ လူဘဝ၊ လူ့လောကမှ ထွက်ခွာသွားရတတ်ပါသည်။ ထို့ကြောင့် သူတော်ကောင်းတရား ပွားများအားထုတ်ကြရာတွင်လည်းကောင်း၊ ကုသိုလ်ကောင်းမှု ပြုကြရာတွင်လည်းကောင်း မည်သည့်အခါမှ နှေးကွေးလေးလံမနေသင့်ပေ၊ နောက်ကျကျန်ရစ် မဖြစ်သင့်ပေ။ ဆင်ခြေဆင်လက်တွေ ပေးမနေသင့်ပေ၊ လက်နှေးမနေသင့်ပေ။

(ဥပမာဆိုပါဦးအုံ) လူများသည် ကျန်းမာရေး ကောင်းနေကြပါက ဆေးဝါးကိုသတိမရတတ်။ ဆေးဆရာ၊ ဆရာဝန်တို့ကို သတိမရ၊ ဂရုမစိုက်တတ်ကြပေ။ ပေါ့ပေါ့ဆဆပင် သဘောထားတတ်ကြပါသည်။ ထိုအခိုက် မိမိတို့တွင် တစ်ခုခုသော ရောဂါအနာ ရရှိကြသည့်အခါ ဆရာဝန်ကောင်းကောင်းကို တမ်းတမိခြင်း၊ ကောင်းသည့်ဆရာဝန်ကို လိုက်ရှာခြင်း၊ မြန်မြန် ပျောက်ကင်းစေမည့် ဆေးဝါးများကို လိုက်ရှာခြင်း၊ အရေးတကြီး ဂရုတစိုက် မဖြစ်မနေ ဆေးဝါးများကို လိုက်လံရှာဝယ်ခြင်းများ

ပြုတတ်ကြပါသည်။ ထိုဥပမာကဲ့သို့ပင် လူအများတို့သည် အသက်အန္တရာယ်နှင့် ကြုံတွေ့လာကြသည့်အခါ ဆရာဝန်ကောင်းကောင်းနှင့် ဆေးဝါးကောင်းကောင်းကို အလုအယက်၊ အင်နမ်းမရ၊ အရေးတကြီး၊ ဂရုတစိုက် လုပ်ကိုင်ဆောင်ရွက်တတ်ကြပါသည်။ ထို့အတူပင် လူအများတို့သည် မမျှော်လင့်ဘဲ အသက်အန္တရာယ်များနှင့် ရုတ်တရက်ကြုံတွေ့လာကြသည့်အခါ (ကုသိုလ်ကောင်းမှု မလုပ်ဖြစ်ခဲ့သည်များကို စိုးရိမ်စိတ်ဖြင့် နောင်တ ရရှိနေတတ်ပါသည်။ ထိုသို့ အသက်အန္တရာယ်နှင့် ကြုံတွေ့လာပါမှ သူတော်ကောင်းတရားများကို မပွားများမိခဲ့တာ မှားသွားပြီဟူ၍လည်းကောင်း၊ အမိုဠာန်အကျင့်၊ သစ္စာအကျင့်၊ သမထအကျင့်၊ ဝိပဿနာအကျင့်များကို အချိန်မီ အားမထုတ်မိခဲ့တာ မှားတာပဲဟု နောင်တရမိတာများကို စိုးရိမ်မှုများစွာ၊ သောကပရိဒေဝ များစွာနှင့် ရင်ဆိုင်ကြုံတွေ့စေရတတ်ပါသည်။ ထို့ကြောင့် အကျွန်ုပ် ကျမ်းပြုအရှင်၏ ဩဝါဒကို ထည့်သွင်းဖော်ပြရပါလျှင် -

(ကုသိုလ်ကောင်းမှုများကို ပြုကြရာ၌လည်းကောင်း၊ သူတော်ကောင်းတရားများကို ပွားများ အားထုတ်ကြရာ၌လည်းကောင်း၊ တစ်စက္ကန့်၊ တစ်မိနစ် အချိန်ကလေးရနေသည့်တိုင် စောင့်မနေဘဲ လက်မနှေးစေသင့်ပါ။ တစ်နာရီ အချိန်ရ၊ တစ်ရက် အချိန်ရရ၊ ရလာသည့် အခွင့်အရေးအတွက် လက်လွတ်မခံဘဲ ကုသိုလ်ကောင်းမှု တရားများကို အထူး ဂရုတစိုက် အားထုတ် ပွားများသင့်ပါသည်။ သူတော်ကောင်း

တရားများ၊ သမထ ဝိပဿနာတရားများတို့ကိုလည်း အထူး ဂရုတစိုက် ကျင့်ကြံပွားများ အားထုတ်ရမည်။ အားထုတ်သင့်သည်) ဟု ဆိုလိုပါသည်။ ထိုသြဝါဒကထာကို အကျွန်ုပ် ကျမ်းပြုအရှင်သည် ကျောင်းသို့ ရောက်လာသမျှသော ပရိသတ်များ ဒကာ၊ ဒကာမများအား အမြဲတမ်းလိုလိုပင် နေ့စဉ်လိုလိုပင် ပေးနေကျ သြဝါဒကထာပင်ဖြစ်ပါသည်။ ထို့ကြောင့် တရားဓမ္မ အားထုတ်ကြရာတွင် သစ္စာအဓိဋ္ဌာန်ပြု၍ ကျင့်ဆောင်ပွားများ အားထုတ်ကြရာတွင် သမထတရား၊ ဝိပဿနာတရားတို့ကို ကျင့်ကြံပွားများ အားထုတ်ကြရာတွင် (မိမိအသက်အား သေမင်း မခေါ်ခင်စပ်ကြား) ရတတ်သရွေ့ အချိန်ကာလကလေးကိုပင် ဂရုတစိုက် အားထုတ်ကြရမည်ဖြစ်ပါ၍ နေ့ရွေ့၊ ညရွေ့ အချိန်မဆွဲသင့်တော့ပေ။ ငယ်နေသေးသည်၊ ကြီးနေသေးသည်ဟူ၍ အချိန်မဆွဲနေသင့်တော့ပေ။ ဒီလမကောင်းသေးဘူး၊ ရှေ့လကျမှ အားထုတ်တော့မည်ဟူ၍လည်းကောင်း၊ ဤနှစ် မကောင်းသေးဘူး၊ မအားလပ်သေးဘူး၊ ရှေ့လာမည့်နှစ်ကျမှဟူ၍လည်းကောင်း အချိန်မဆွဲသင့်တော့ပေ။ (ဆင်ခြေဆင်လက် မပေးသင့်တော့ပေ၊ ချေးမများသင့်တော့ပေ)

ထို့အတူပင် (မိမိ၏ အသက် ဧဝိတိန္ဒြေအား မရဏာ. သေမင်း မခေါ်ခင် စပ်ကူးမတ်ကူးကာလ အချိန်ကလေးဌ်ပင်) အားထုတ်ခွင့်၊ ကျင့်ဆောင်ခွင့်၊ ကုသိုလ်ကောင်းမှုပြုခွင့်ရှိနေသည့် အတွက်ကြောင့် သမထတရားများ ဝိပဿနာတရားများ၊ သစ္စာ အဓိဋ္ဌာန်ကျင့်စဉ်များ၊ သူတော်ကောင်းတရားများအား အားထုတ်

ပွားများ ကျင့်ဆောင်ကြရာ၌ ပေါ့ပေါ့ဆဆ မလုပ်သင့်ပေ။ ပေါ့ပေါ့ဆဆ သဘောမထားသင့်ပေ။ ပြောင်သလို လှောင်သလို ပြက်ရယ်ပြုသလို မလုပ်သင့်တော့ပေ။ နေ့ရွှေ့၊ ညရွှေ့၊ လရွှေ့၊ နှစ်ရွှေ့ မလုပ်သင့်တော့ပေ။ အထူးဂရုတစိုက် ကျင့်ကြံပွားများ အားထုတ်သင့်လှတော့၏။ လေးလေးစားစား ကျင့်ဆောင်ပွားများ အားထုတ်သင့်လှတော့၏ဟု သတိပေးအပ်ပါတော့၏။

(ခ) အဓိဋ္ဌာန်အကျင့်၊ သစ္စာအကျင့်၊ ဂါထာတော် ပရိတ်တော် အကျင့်များ၊ အခြားအခြားသော သမထအကျင့်များ၊ ဝိပဿနာအကျင့်များ ကျင့်ဆောင်ပွားများ အားထုတ်ကြရာတွင် ဝိပဿနာ အကျင့်ကို သီးခြားဖယ်ထားပြီး ကျန်သောအကျင့်များကို ကျင့်ကြံပွားများ အားထုတ်ကြရာတွင် (ပွဲမဝင်ခင် အပြင်က ကျင်းပ) ဟူသော စကားပုံအတိုင်း မိမိသည် အနေတော် ကြာကြာထိုင်နိုင်အောင် ပထမဦးဆုံး လေ့ကျင့်ထားသင့်ပါသည်။ ပထမဦးစွာ အနည်းဆုံး (တစ်နာရီ မိနစ်သုံးဆယ်) ခန့် တစ်သမတ်တည်း ထိုင်နိုင်အောင်၊ တစ်ဆက်တည်း ထိုင်နိုင်အောင် လေ့ကျင့်ထားသင့်ပါသည်။ ထို (တစ်နာရီ မိနစ်သုံးဆယ်) အချိန်ရရှိအောင်၊ တစ်ထိုင်တည်း ထိုင်နိုင်အောင် လေ့ကျင့်မှုရရှိထားပြီးသော ပုဂ္ဂိုလ်သည် ဒုတိယ အဆင့်အနေဖြင့် တစ်ထိုင်တည်းနှင့် (သုံးနာရီ) ခန့်ကြာကြာ ထိုင်နိုင်အောင် လေ့ကျင့်ထားသင့်ပါသည်။ အမှန်တကယ်

အကျင့်အားကောင်းပြီး အမှန်တကယ် တိတိကျကျ ထက်ထက်မြက်မြက် ကျင့်ကြံ အားထုတ်တော့မည် ဆိုပါလျှင် အနည်းဆုံး သုံးနာရီ၊ အများဆုံး လေးနာရီခန့် ကြာကြာထိုင်နိုင်အောင် အထူးလေ့ကျင့်ထားပါ။ ထို့နောက် ဂါထာအကျင့်များ၊ ပရိတ်တော်အကျင့်များတွင် မိမိကျင့်ကြံ ပွားများသရဇ္ဈာယ်မည့် ပရိတ်တော် ဂါထာတော်များသည် အနည်းဆုံး (တစ်နာရီ မိနစ်သုံးဆယ်) အချိန်အတွင်း ပြီးစီးအောင် အဓိဋ္ဌာန်သစ္စာပြု၍ ကျင့်ဆောင်ပွားများ အားထုတ်နိုင်ရပါမည်။ ဆိုလိုသည့် အဓိပ္ပာယ်မှာ မိမိ အလေ့အကျင့်ရထားပြီးသား အချိန်နာရီအတွင်းသာ ပရိတ်တော် အကြိမ်ရေ၊ ဂါထာတော် အခေါက်ရေတို့ကိုချင့်ချိန်၍၊ ချိန်ကိုက်၍ သစ္စာအဓိဋ္ဌာန်ပြု၍ ကျင့်ဆောင်ပွားများ အားထုတ်ကြရမည်ဟု ဆိုလိုပါသည်။ မိမိသည် အနည်းဆုံး ၃ နာရီခန့်၊ အများဆုံး ၄ နာရီခန့် ကြာကြာထိုင်နိုင်အောင် လေ့ကျင့်ထားပြီးဖြစ်ပါက ထို အနည်းဆုံး ၃ နာရီ (အများဆုံး ၄ နာရီ) အချိန်ကာလအတွင်း၌ပင် မိမိရွတ်ဖတ်သရဇ္ဈာယ်မည့် ဂါထာတော် အခေါက်ရေများ၊ ပရိတ်တော် အခေါက်ရေများကို အချိန်ကာလနှင့် အခေါက်ရေ၊ အချိန်နာရီနှင့် အခေါက်ရေ အံဝင်ခွင်ကျ တိတိကျကျဖြစ်နေအောင် သစ္စာအဓိဋ္ဌာန်ပြု၍ ကျင့်ကြံပွားများ အားထုတ်သင့်သည်ဟု ဆိုလိုပါသည်။ (မိမိထိုင်နိုင်သည်က တစ်နာရီ မိနစ်သုံးဆယ်ခန့်သာပင်။ မိမိသစ္စာအဓိဋ္ဌာန်ပြု ရွတ်ဖတ်

သရဏ္ဍာယ်ရမည့် ပရိတ်တော် အခေါက်ရေက များများ သစ္စာအဓိဋ္ဌာန်ပြုထားပါလျှင် (ဝန်နှင့်အား မမျှတော့ဘဲ) (တင်သည့်ကုန်ပစ္စည်းနှင့် လျော်မမျှမတတော့ဘဲ) ခန္ဓာကိုယ်မှာ မခံမရပ်နိုင်တော့ဘဲ အမျိုးမျိုးသော ဝေဒနာများ၊ အခံရခက်သော ဝေဒနာများ တက်လာတတ်ပြီး အဓိဋ္ဌာန် သစ္စာပျက်စီးရသော အဖြစ်မျိုးကို ရောက်ရှိစေတတ်ပါသည်။ အထူးသတိထားကြပါကုန်လော့။ အချို့ဆိုလျှင် ရွတ်ဖတ်သရဏ္ဍာယ်နေရင်းဖြင့် ဇောချွေးများ ပြန်လာပြီး မူးမေ့လဲကျ သွားတတ်ပြီး မိမိပြုထားသော အဓိဋ္ဌာန်သစ္စာ အကျင့်များ ပျက်စီးသွားရသည်အထိ ဖြစ်တတ်ကြောင်းကို သတိထားကြပါလေ။

(ဥပမာ ပြဆိုပါဦးအုံ့) ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောတော်မူအပ်သော မဟာသမယသုတ်တော်ကို အဓိဋ္ဌာန် သစ္စာပြု၍ ရွတ်ဖတ်သရဏ္ဍာယ်မည်ဆိုပါလျှင် မဟာသမယသုတ်တော်ကြီးသည် ဂါထာအပုဒ်ရေများစွာ ပါဝင်သောကြောင့် ရွတ်ဖတ်သရဏ္ဍာယ်မည့် အကြိမ်ရေ၊ အခေါက်ရေများကို မိမိထိုင်နိုင်စွမ်းရှိသော အချိန်၊ နာရီနှင့် လိုက်လျောညီထွေ ကိုက်ညီသော ဂါထာ၊ ပရိတ်တော်၊ အခေါက်ရေ၊ အကြိမ်ရေကို သတ်မှတ်ပြီး အဓိဋ္ဌာန်ပြု သစ္စာပြု၍ ကျင့်ဆောင်ပွားများ အားထုတ်သင့်သည်ဟု ဆိုလိုပါသည်။

(ဥပမာ ဆိုပါဦးအုံ့) ဂါထာအပုဒ်ရေ များပြားလှသော ပရိတ်တော်များကို အဓိဋ္ဌာန် သစ္စာပြု၍ ကျင့်ဆောင်ပွားများ၊

သရဏ္ဍာယ်ပါလျှင် ဂါထာ အပုဒ်ရေများပြားလှသောကြောင့် မိမိ အဓိဋ္ဌာန် သစ္စာပြုမည့် အချိန်နာရီကိုကြည့်၍၊ ချိန်ကိုက်၍ ပရိတ်တော် အခေါက်ရေကို မများနိုင်ဘဲ နည်းစေရာ၏။ အနည်းထားပြီး အဓိဋ္ဌာန် သစ္စာပြု၍ ပွားများ သရဏ္ဍာယ်ကြရာ၏။ ဂါထာအပုဒ်ရေ နည်းပါးသော ပရိတ်တော်များကိုမူ အဓိဋ္ဌာန်၊ သစ္စာပြု၍ ကျင့်ဆောင်ပွားများ သရဏ္ဍာယ်ကြရာ၌ အချိန်နာရီကိုကြည့်၍ ချိန်ကိုက်၍ ပရိတ်တော်အခေါက်ရေကို များစွာ သစ္စာအဓိဋ္ဌာန်ပြု၍ ကျင့်ဆောင်ပွားများ သရဏ္ဍာယ်သင့်သည်ဟု ဆိုလိုပါသည်။ (မနိုင်သည့်ဝန်ကို မထမ်းဆောင်သင့်) ဟုဆိုလိုပါသည်။ (နိုင်နိုင်သည့်ဝန်ကိုသာ သစ္စာအဓိဋ္ဌာန်ပြု၍ ကျင့်ကြံပွားများ အားထုတ်သင့်ပါကြောင်း) အထူးသိမြင် တတ်ကြပါကုန်လော့။

(အထူးမှတ်ချက်)

နိဗ္ဗာန်ရောက်ကြောင်း၊ တစ်မဂ် တစ်ဖိုလ် ရရာရကြောင်း ကောင်းမြတ်သော ဝိပဿနာအကျင့်လမ်းသက်သက်ကိုမူ ပြဆိုထားသော ပရိကမ်နှင့် ဆုတောင်းပုံအတိုင်း ပရိကမ်ပြု၍ အဓိဋ္ဌာန်သစ္စာတို့ကို ကြိုက်နှစ်သက်သလို၊ စိတ်ဆန္ဒရှိသလို အဓိဋ္ဌာန်သစ္စာပြု၍လည်း ဝိပဿနာတရားကို ကျင့်ကြံပွားများ အားထုတ်နိုင်ပါသည်။ ထိုသို့ မဟုတ်မူ၍ မည်သည့်သစ္စာမျှ၊ အဓိဋ္ဌာန်မျှ မပြုဘဲ ရိုးရိုးပင် ဝိပဿနာတရားကို အကန့်အသတ်မရှိ၊ မိမိဆန္ဒရှိသလို၊ မိမိကြိုက်နှစ်သက်သလို ကျင့်ကြံပွားများ အားထုတ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ယခု ကျမ်းပြုဆရာအရှင် တင်ပြနေသော အကျင့်လမ်းများသည် အခြေခံ အကျင့်လမ်းများ၊ အခြေခံပုတီးစိပ်နည်းများ၊ အခြေခံသမထတရားအကျင့်များ၊ အခြေခံသစ္စာ၊ အဓိဋ္ဌာန်အကျင့်နည်းများ၊ အခြေခံ သစ္စာအဓိဋ္ဌာန်ပြု၍ ပရိတ်တော်၊ ဂါထာတော်များကို ပွားများ သရဇ္ဈာယ်နည်းများ ဖြစ်ကြောင်းကို အထူးသတိပြုကြပါလေ။

(ဂ) အကြံဉာဏ်ပေး၍ လမ်းညွှန်ချက်များ

ပရိတ်တော်များကို အဓိဋ္ဌာန်ပြု၊ သစ္စာပြု ရွတ်ဖတ် သရဇ္ဈာယ်ရမည့် အကျင့်လမ်းစဉ်များ၌ ဥပမာနမူနာအားဖြင့် မေတ္တာသုတ် ပရိတ်တော် အကျင့်လမ်းကိုလည်းကောင်း၊ ခန္ဓသုတ် ပရိတ်တော် အကျင့်လမ်းကိုလည်းကောင်း နမူနာပြု၍ ရေးသားခဲ့ပြီးဖြစ်ပါသည်။ ဤမေတ္တာသုတ် အကျင့်လမ်းများ၊ ခန္ဓသုတ် အကျင့်လမ်းများကို ကျင့်ဆောင်ပုံ၊ သစ္စာပြု ဆုတောင်းပုံတို့ကို စုံလင်စွာ ပြသခဲ့ပြီးလေပြီ။ ဤမေတ္တာသုတ်၊ ခန္ဓသုတ် ကျင့်ကြံပွားများနည်း၊ ဆုတောင်းသစ္စာပြုနည်းများကို သဘောပေါက် ကျင့်ဆောင်ပွားများ သရဇ္ဈာယ်တတ်ပြီဆိုပါက ကျန်သော ဝဋ္ဋသုတ် ပရိတ်တော်၊ အာဋာနာဋိယ ပရိတ်တော်၊ ဗောဇ္ဈင်သုတ် ပရိတ်တော်၊ မဟာသမယသုတ်ပရိတ်တော်၊ ပရိမိတ္တဇာလသုတ် ပရိတ်တော်၊ ဆဒိသပါလသုတ် ပရိတ်တော် စသည် စသည်များကိုလည်း မိမိတို့ဆန္ဒရှိသလို စိတ်တိုင်းကျ မေတ္တာသုတ်၊ ခန္ဓသုတ် အကျင့်လမ်းကဲ့သို့ပင် ဆောင်ရွက်ပွားများ အဓိဋ္ဌာန်ပြု

သစ္စာပြု၍ သရဏတရားယ် အားထုတ်နိုင်ပါကြောင်း အသိပေးရေးသားအပ်ပါသည်။

ဆုတောင်းပုံ ဆုတောင်းနည်းများ၊ အဓိဋ္ဌာန် ပြုပုံပြုနည်းများ၊ သစ္စာပြုပုံပြုနည်းများမှာ အတူတူပင် ဖြစ်ပါသည်။ ဘာမျှ မခက်ခဲနိုင်တော့ပေ။

(အထူးမှတ်ချက်များ)

ပါဠိတော်မူရင်းဌီလာသော အာဌာနာဌိယသုတ်တော်ကြီးသည်လည်းကောင်း၊ မဟာသမယသုတ်တော်ကြီးသည်လည်းကောင်း၊ မေတ္တာသုတ်တော်၊ ခန္ဓသုတ်တော်များသည်လည်းကောင်း၊ မဟာသရဏဂုံတော် ၃၆ ပါးသော အကျင့်သည်လည်းကောင်း၊ ပရိမိတ္တဇာလသုတ်တော်၊ ဆဒိသပါလသုတ်တော်များသည်လည်းကောင်း အလွန်တရာ နတ်များချစ်ခင်မြတ်နိုးတတ်ကြပေကုန်၏။ အထူးသဖြင့် ဘုမ္မစိုးနတ်များ၊ ရက္ခစိုးနတ်များ၊ အာကာသစိုးနတ်များ၊ တောတောင်စောင့်နတ်များ၊ သမ္ဘာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်မင်းများ၊ နတ်ဒေဝီများ၊ ဒေဝကညာတို့များ၊ ဒေဝကိန္နရီများ၊ ဒေဝစ္ဆရာများ၊ အထူးချစ်ခင် မြတ်နိုးတတ်ကြကုန်၏။ အထူးကြွလာတတ်ရောက်လာတတ်ကြလေကုန်၏။

အထူးသဖြင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော (မဟာသမယသုတ်တော်ကြီး) သည် ရွတ်ဖတ်သရဏတရားယ်

မိသည်နှင့် တစ်ပြိုင်နက် စကြဝဠာ အသီးသီးမှ အလုံးစုံသော နတ်ဒေဝါများ၊ စကြဝဠာစောင့်နတ်မင်းများ၊ အထူးသဖြင့် နတ်ပြည်ခြောက်ထပ် ဗြဟ္မာ့ဘုံ နှစ်ဆယ်တို့၌ ရှိကြပေကုန်သော နတ်၊ ဗြဟ္မာများ၊ အထူးချစ်ခင်လေးစားလာကြရကုန်၏။ အထူးချစ်ခင်မြတ်နိုးလာကြရကုန်၏။ အထူးလည်း ကြည်ရောက်၊ လာရောက် ချဉ်းကပ်လာကြရကုန်၏။ ထို့ကြောင့်ပင်လျှင် အလုံးစုံသော နတ်၊ ဗြဟ္မာအပေါင်းတို့ ချစ်ခင်မြတ်နိုးတတ်ကြ ပေကုန်သောကြောင့် မဟာသမယသုတ်တော်တို့ကို သစ္စာပြု၊ အဓိဋ္ဌာန်ပြု ရွတ်ဖတ်သရဇ္ဈာယ်လျှင်လည်းကောင်း၊ မဟာ အာဋာနာဋိယသုတ်တော်တို့ကို သစ္စာပြု၊ အဓိဋ္ဌာန်ပြု ရွတ်ဖတ် သရဇ္ဈာယ်ကြလျှင်လည်းကောင်း၊ ပရိမိတ္တာဇာလသုတ် ဆဒိသ ပါလသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ် အစရှိသော သုတ်တော်၊ ပရိတ်တော်များကို သစ္စာပြု၊ အဓိဋ္ဌာန်ပြု ပွားများ သရဇ္ဈာယ် ကြလျှင်လည်းကောင်း အဖျက်အဆီး များပြားတတ်ပါသည်။ စိတ်ဓာတ်မခိုင်သော ပုဂ္ဂိုလ်များ၊ အမျိုးသမီးများနှင့်မသင့်တော်၊ မလျော်ကန်လှပါ။ အကျင့်မရှိဘဲ မကျင့်ကြံ အားမထုတ်ဖူးသော ပုဂ္ဂိုလ်များ၊ လန့်တတ်၊ ကြောက်ရွံ့တတ်သော မိန်းမငယ်များ၊ အားငယ်တတ်ပြီး နှလုံးရောဂါ၊ သွေးတိုးရောဂါရှိထားသော အမျိုးသမီးများနှင့် လားလားမှ မသင့်တော် မလျော်ကန်လှပါ။

အလေ့အကျင့်ရပြီးသား ပုဂ္ဂိုလ်များ၊ သီလ၊ သမာဓိ ရှိပြီးသား ပုဂ္ဂိုလ်များ၊ စိတ်ဓာတ်ခိုင်မာပြီးသော ပုဂ္ဂိုလ်များနှင့်သာ သင့်တော် လျော်ကန်ပါလိမ့်မည်ဟု အထူးသိမှတ်ထားရာ၏။

ပူးတတ်၊ ကပ်တတ်သော မိန်းမများနှင့်မူ လုံးဝပင် မအပ်စပ်တော့ပေ။ ဤအကျင့်များကို မကျင့်သင့်ဟု မှတ်ကြရာ၏။

အချို့ဟင်္ဂလိပ်များ၊ ယောကျ်ားများသည် ဤအကျင့်လမ်းကို ကျင့်ကြံအားထုတ်ပါက သူတစ်ပါးမယား၊ သူတစ်ပါးမိန်းမ သို့မဟုတ် မိန်းမဖျိုများကို အထူးသတိဝိရိယထားပြီး ရှောင်ရှားသင့်ပါသည်။ မရှောင်နိုင်တာက များပြားလှပါသည်။ မရှောင်နိုင်ပါက အကျင့်ပျက်သီလပျက်၊ သမာဓိပျက်၍ ဘဝပျက်သည် အထိ ဖြစ်စေနိုင်ကြောင်းကို အထူးသိရှိထားကြပါလေ။

သူတစ်ပါး သားမယား သားပျို၊ သမီးပျိုများကို အထူးသဖြင့် ရှောင်ရှားပြီး မိမိ၏ အကျင့်၊ သီလ၊ သမာဓိတရားကို အားကိုးအားထားပြုကာ မဟာသမယသုတ်တော် အကျင့်များကိုလည်းကောင်း၊ အာဠာနာဋိယသုတ်တော် အကျင့်များကိုလည်းကောင်း၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ ပရိမိတ္တဇာလသုတ်၊ ဆဒိသပါလသုတ်တော် အကျင့်များကိုလည်းကောင်း နမူနာ ဥပမာများဖြင့် ပြသထားသည့်အတိုင်း အထူးကျင့်ကြံပွားများ အားထုတ်ပါက မိမိအားထုတ်ပွားများ သရဏျာယ်ခဲ့သော ပရိတ်တော်သုတ်တော်တို့၌ စောင့်ရှောက်ကုန်သော သမ္မာဒေဝနတ်များ၊ လောကပါနတ်များ၊ ရက္ခစိုး၊ ဘုမ္မစိုးနတ်များ၊ အထူးချစ်ခင်လာ၊ စောင့်ရှောက်လာကြရကုန်တော့၏။ ဣဏ္ဍာသယ လိုတရတော့၏။ မိမိစိတ်က ကြံစည်တာမှန်သမျှ၊ တောင့်တသည်မှန်သမျှ အကုန်လုံးပင် ရရှိခံစားကြရကုန်တော့၏။ စီးပွားရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ လျင်မြန်စွာ တိုးတက်ကြီးပွားလာ

ရတော့၏။ ခုနစ်ရက်သား၊ ခုနစ်ရက်သမီးများ ချစ်ခင်လေးစား လာရကုန်၏။ သားရဲတိရစ္ဆာန်များပင် ချစ်ခင် လေးစားလာ ကုန်၏။

သွားလေရာ၊ လာလေရာ၊ နေလေရာတွင် ဘေးရန်မှန်သမျှ ကင်းဝေးပြီးဖြစ်ရတော့၏။ အန္တရာယ်မှန်သမျှ ကင်းဝေးပြီး ဖြစ်လာရတော့၏။ အသက်ရှည်၍၊ အနာရောဂါများ ကင်းဝေး၍ တက်သစ်စ နေလုလင်ကဲ့သို့ ဖြစ်ကြရကုန်တော့၏။

(၁) ရှည်လွန်း၍ ဂါထာပုဒ်ရေ များပြားစွာ ပါဝင်သော မဟာ သမယသုတ်တော်၊ မဟာအာဠဝကသုတ်တော်များကိုမူ သစ္စာပြု အဓိဋ္ဌာန်ပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ပါလျှင် **(တစ်ထိုင်တည်းနှင့် ၉ ခေါက် ရအောင်သာ ရွတ်ဖတ် သရဇ္ဈာယ်သင့်၏)** ထို့ထက်ပိုမို၍ အခေါက်ရေများလျှင် မနိုင်မနင်း ဖြစ်စေနိုင်ပါကြောင်း သတိပြုပါ။

(၂) မရှည်လွန်း၊ မတိုလွန်းသော၊ ဂါထာပုဒ်ရေ မများလွန်း၊ မနည်းလွန်းသော မေတ္တာသုတ်၊ ဆဒိသပါလသုတ်၊ ပရိမိတ္တာဇလသုတ်များ ကိုမူ သစ္စာပြု၊ အဓိဋ္ဌာန်ပြု ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ပါလျှင် **(တစ်ထိုင်တည်းနှင့် ၁၈ ခေါက်၊ အများဆုံး ၂၇ ခေါက်ရအောင်သာ သရဇ္ဈာယ်ပွားများသင့် ပါသည်)** ထို့ထက်ပိုမို၍ အခေါက်ရေများပြားနေပါလျှင် မနိုင်မနင်းဖြစ်စေနိုင်ပါသည်။

(၃) အတိုဆုံးဖြစ်သော၊ ဂါထာအပုဒ်ရေ အနည်းဆုံး ဖြစ်သော သမ္ဘုဒ္ဓေဂါထာ၊ သိရသွီဂါထာ၊ ခန္ဓသုတ်တော်၊ ဝဋ္ဋသုတ်တော်၊ အဂ္ဂိလိမာလသုတ်တော်၊ ဗုဒ္ဓဘုရား ဂုဏ်တော် ၉ ပါးများ၊ တရားဂုဏ်တော် ၆ ပါးများ၊ သံဃာ့ဂုဏ်တော် ၉ ပါးများ၊ ဂုဏ်တော်ကွန်ချာများ စသည်များကို သစ္စာပြု၊ အဓိဋ္ဌာန်ပြု ရွတ်ဖတ်သရဇ္ဈာယ်ပါလျှင် (**တစ်ထိုင်တည်းနှင့် ၁၀၈ ခေါက်၊ အများဆုံး အခေါက်ရေ ၁၀၀၀ စေ့အောင် ရွတ်ဖတ် သရဇ္ဈာယ်ပွားများသင့်၏**) ထို့ထက်ပိုမို၍ အခေါက်ရေ များပြား နေပါလျှင် စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်ပြီး မနိုင်မနင်း ဖြစ်စေနိုင်ကြောင်းကို အထူးသတိထားသင့်ပါသည်။

(ဃ) သူတော်ကောင်းတရားများ အခြေခံ ဂုဏ်တော်အကျင့်၊ သရဏာဂုံအကျင့်၊ ပရိတ်တော်အကျင့်များကို ကျင့်ကြံ ပွားများ အားထုတ်ကြရာတွင် ရိုးရိုးနေ့စဉ်ရွတ်ဖတ် သရဇ္ဈာယ်ခြင်းသည် ကာမာဝစရ မဟာကုသိုလ်ကောင်းမှု များကို များစွာဖြစ်စေသည်။ ထိုမှတစ်ဆင့် ဂုဏ်တော် အကျင့်၊ သရဏာဂုံအကျင့်၊ ပရိတ်တော်၊ ဂါထာတော် အကျင့်များကို များစွာဖြစ်စေသည်။ ထိုမှတစ်ဆင့် ဂုဏ်တော်အကျင့်၊ သရဏာဂုံအကျင့်၊ ပရိတ်တော် ဂါထာတော်အကျင့်များကို ကျင့်ဆောင်ပွားများ အားထုတ် ကြရာတွင် သစ္စာပြု၍ အားထုတ်ခြင်း၊ အဓိဋ္ဌာန်ပြု၍

အဓိဋ္ဌာန်ဝင်၍ အားထုတ်ခြင်း၊ ထိုသစ္စာတရား၊ အဓိဋ္ဌာန် သစ္စာတရားကိုပင် တိုင်တည်၍၊ သစ္စာဆို၍ လိုရာဆုကို ဆောင်ခြင်းဖြင့် ကာမာဝစရ မဟာကုသိုလ်အပြင် ဆုတောင်းတိုင်းဖြစ်လာစေတတ်သော ပညာသိဒ္ဓိ အကျိုး များကို ခံစားရရှိနိုင်ပါသည်။ ထို့ကြောင့် ဂါထာတော်များ၊ ပရိတ်တော်များ၊ ဂုဏ်တော်များ၊ သရဏဂုံတော်များကို ကာမာဝစရ မဟာကုသိုလ်တရားအပြင် ဆုတောင်းတိုင်း၊ ပြည့်စုံစေတတ်သောပညာ၊ ဆုတောင်းတိုင်း ဖြစ်လာစေ တတ်၊ ရောက်လာစေတတ်သော သိဒ္ဓိမျိုးကို ရရှိခံစား လာစေရန်အတွက် သစ္စာတရားကို အားကိုး အားထားပြု၍ သစ္စာအဓိဋ္ဌာန်ပြု၍ ပွားများခြင်း အားထုတ်ခြင်း၊ သရဏာယ်ခြင်းတို့ကို အထူးကြိုးစား၍ ဆောင်ရွက်သင့် ပါသည်။

ဤကျမ်းစာ၌ သစ္စာ ၃ မျိုး၊ စွမ်းအား ၃ မျိုးတို့ကို ရှေးဦးစွာ ပြဆိုပါဦးအုံ့။ ထိုသစ္စာသုံးမျိုးတို့မှာ (၁) **ဤသစ္စာ မှန်ကန်ပါက၊ (၂) ဤမှန်ကန်သော သစ္စာစကားကြောင့်၊ (၃) ဤမှန်ကန်သော သစ္စာတရား၏ တန်ခိုးတော်၏ အာနုဘော် တော်ကြောင့်။** ဤသစ္စာသုံးချက်ကို အချုပ်အနှေအားဖြင့် ပြသ ထားပါသည်။ သူတော်ကောင်းတရားများကို သစ္စာအဓိဋ္ဌာန်ပြု၍ အားထုတ်ပါ။ ကျင့်ဆောင်ပါ။ ပြီးလျှင် အထက်ပါသစ္စာ သုံးချက်ဖြင့် ချုပ်ဆို၍ လိုအပ်သောဆုကိုတောင်းရာ၏။ ဤသို့ ကြိမ်ဖန်များစွာ အားထုတ် ကျင့်ဆောင် ပွားများခြင်းဖြင့် မိမိ

အားထုတ်ပွားများနေသော သူတော်ကောင်း တရားများသည် စုစည်းမိပြီး၊ စုဆောင်းမိစေပြီး မိမိ၏ ခန္ဓာငါးပါး ရုပ်နာမ်တရား တို့၌လည်းကောင်း၊ မိမိ၏ ဟဒယဝတ္ထု အသည်းနှလုံးအိမ်၌ လည်းကောင်း၊ မိမိ၏ စက္ခု သောတ ဃာန၊ ဇိဝှာ၊ ကာယမန တို့၌လည်းကောင်း မိမိကျင့်ဆောင်ခဲ့သော သူတော်ကောင်း တရား အစုအပေါင်းတို့သည် မပျောက်မပျက် စွဲမြဲစွာ တည်တံ့ ခိုင်မြဲ၍ ကိန်းဝပ်တည်နေတော်မူကြကုန်တော့၏။

(၁) **ဤသစ္စာ မှန်ကန်ပါက ...**
ဤသစ္စာသည်လည်း စွမ်းအားတစ်ခုဖြစ်၏။

(၂) **ဤမှန်ကန်သော သစ္စာစကားကြောင့် ...**
ဤသစ္စာသည်လည်း စွမ်းအားတစ်ခုဖြစ်၏။

(၃) **ဤမှန်ကန်သော သစ္စာတရား၏ တန်ခိုးတော်၏ အာနုဘော်တော်ကြောင့် ...**
ဤသစ္စာသည်လည်း စွမ်းအားတစ်ခုဟု သိမှတ်ကြ ရာ၏။

ထို့ကြောင့် သစ္စာ ၃ ချက် စွမ်းအား ၃ ချက်ဟု သိမှတ် ထားသင့်၏။ သူတော်ကောင်းတရား အကျင့်များကို တစ်ခုခုကို ကျင့်ကြံပွားများ အားထုတ်ပြီးတိုင်း **ဤသစ္စာ ၃ ချက်ဖြင့် ချပ်ဆိုဆုတောင်းတတ်ကြရပါမည်။** ထို့အတူ ဂုဏ်တော်အကျင့် မဟာသရဏဂုံအကျင့် ပရိတ်တော် သုတ်တော် အကျင့်များ၊ အစွမ်း ထက်မြက်သော ဂါထာမန္တာန်အကျင့်များတို့ကိုလည်း

မိမိနှစ်သက်ရာ တစ်မျိုးမျိုးကို ကျင့်ဆောင် ပွားများပြီးတိုင်း ဤသစ္စာစွမ်းအား ၃ ချက်ဖြင့် ချုပ်ဆိုဆုတောင်းတတ်ကြရမည်ဟု အထူးမှတ်ကြပါကုန်လော့။ ထိုသို့သစ္စာစွမ်းအား ၃ ချက်ဖြင့် ချုပ်၍ဆုတောင်း၍ အားထုတ်တတ်ပါလျှင် ထိုသစ္စာစွမ်းအား ၃ ချက်ဖြင့် ချုပ်၍ စုဆောင်းလာခဲ့သည့်အတိုင်း အားထုတ် ပွားများလာခဲ့သော အကျင့်တရား အစုအပေါင်းတို့သည် စုဆောင်းမိ၊ စုစည်းမိပြီး မိမိ၏ခန္ဓာငါးပါး၊ ရုပ်နာမ်တရားများ၌ လည်းကောင်း၊ မိမိ၏ အဆုတ်၊ အသည်း၊ နှလုံးအိမ်ထဲ၌လည်းကောင်း **မပျောက်မပျက်ဘဲ အရှည်ထာဝရ တည်တံ့ခိုင်မြဲနေ လေတော့၏။** ပလွင်တော်အမှတ်ဖြင့်၊ **ကျောင်းတော်အမှတ်ဖြင့်၊ စေတီတော်အမှတ်ဖြင့် အမြဲထာဝရ စွဲမြဲစွာ ကိန်းဝပ်တည်နေ သီတင်းသုံးနေတော်မူကြကုန်တော့၏။** ဤသို့ဖြင့် မိမိကျင့်ကြံ ပွားများ သရဏွာယ်ခဲ့ရသော ကာမာဝစရ မဟာကုသိုလ်တရားများကို စည်းမဲ့ ကမ်းမဲ့ ပြန့်ကျဲမနေစေဘဲ တစ်စုတည်း တစ်လုံးတည်း စုပေါင်းညီညာစွာ သစ္စာစွမ်းအား ၃ ချက်ဖြင့် ချုပ်စေ၍ မိမိလိုလားတောင့်တအပ်သောဆုကို တောင်းခြင်းဖြင့် လိုရာအကျိုး၊ လိုရာ တန်ခိုး၊ လိုရာပညာမျိုးကို ရရှိစေနိုင်သော ကျင့်နည်းဖြစ်ပါသည်။

(ဥပမာ နမူနာပြပါဦးအုံ့)

အကျွန်ုပ် ကျမ်းပြုအရှင်၏ ဆရာသခင်တစ်ပါး ဖြစ်တော်မူ ပေသော **မမွှေသိဒ္ဓိ ပါရဂူ လေးကျွန်းပိုင် ဆရာတော်ဘုရားကြီး** သည် မင်းကင်း ကလေးမြို့အနီး မဟာမြိုင် တောကြီးထဲတွင်

ခုနစ်နှစ်တိုင်တိုင် တရားအားထုတ်လာခဲ့သော အတွေ့အကြုံ အဖြစ်အပျက်တစ်ခုကို အကျွန်ုပ်အားပြောပြ အမှန်ရှိခဲ့ဖူးပါသည်။ ထိုအဖြစ်အပျက်တစ်ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(အစပထမတော့ မဟာမြိုင်တောထဲ ရောက်လာတော့ အားထုတ်ဖို့နေရာကောင်းကောင်း ရှာရတယ်ကွဲ့။ သစ်ပင်ကြီးကြီး အောက်ခြေ သစ်အခေါင်းပါတာကို လိုက်ရှာရတယ်။ တွေ့တဲ့ အခါကျတော့ ထိုသစ်ခေါင်းအပေါက်ကို လူတစ်ကိုယ် နေစရာ ရအောင် ထွင်းရတာပေါ့ကွာ။ ပြီးတော့လည်း ကိုယ်က ဘာတစ်ခုမှ မပြီးသေး၊ မအောင်မြင်သေးတော့ မြွေလဲကြောက်ရ၊ ကျားလည်း ကြောက်ရ ဆိုတော့ အထဲထဲကို လူဝင်နေရင် အပြင်ဘက် ဘယ်သူမှဝင်၍မရအောင်၊ အထူးသဖြင့် ကျားတို့၊ ကျားသစ်တို့၊ ဝက်ဝံတို့ ဝင်၍ မရအောင် (ဝါးကပ်) ကိုယက်ပြီး ကာထားရတယ်ဟေ့။ ကာပြီးရင် အထဲက သစ်သားတစ်ချောင်းနဲ့ အနေတော် လှမ်းပြီးထောက်ထားရတာပေါ့ကွာ။ ဒါဆိုလျှင် အပြင်ဘက်က ကျားတို့၊ ဝက်ဝံတို့ ရုတ်တရက် မဝင်နိုင်တော့ဘူး ပေါ့ကွာ။

ဒါနဲ့ ငါဆရာတော်လည်း နေ့ခင်းဘက်ကို သမ္ဘုဒ္ဓေဂါထာ များကို အစထားပြီး ဂါထာ (တစ်ထောင်) ရအောင် ရွတ်စိပ်တယ်ဟေ့။ ညဘက်ကိုရောက်ရင်တော့ မဟာသရဏဂုံ ၃၀ ကို ညလုံးပေါက် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရတယ်ကွဲ့။ ဒီအတိုင်း နေ့စဉ်၊ ညစဉ် အပင်ပန်းခံပြီး ရက်မပျက်ဘဲ ရွတ်ဖတ်သရဇ္ဈာယ် အားထုတ်ခဲ့ပါတယ်ကွာ။ တောထဲတောင်ထဲဆိုတော့ အသက်

သတ်လွတ် စားရတော့ပေါ့ကွာ။ အသက်သတ်လွတ်စားတယ် ဆိုတာ မီးနဲ့ထင်းနဲ့၊ ဆီနဲ့ ချက်ပြုတ်မနေတော့ဘူး၊ ဒီလို အချိန်လည်း မရခဲ့ဘူး။ ဒီတော့ စားကောင်းတဲ့ သစ်ရွက်တွေခူး၊ သစ်သီးတွေ ရှာကြံခူးပြီး ဆားနဲ့တို့ပြီးစားခဲ့ရတယ်ကွဲ့။ ဆားကတော့ ကိုယ့်ဟာကိုယ် ဝါးရွက်တွေကို ဆားချက်ထားရ တာပေါ့ကွာ။ ဒါက အစောကြီးထဲက လုပ်ထားရတာပါပဲ။ ဒီလိုနဲ့ မဟာမြိုင်တောကြီးထဲမှာ တစ်ပါးတည်း အားထုတ် ပွားများလာရာမှာ နှစ်ပေါင်း ၄ နှစ်တိတိ ကြာသွားတဲ့အခါ ဘာမှမအောင်မြင်၊ ဘာမှလည်းမသိ၊ ဘာမှလည်းမမြင်၊ ဘာဝိဇ္ဇာ အတတ်တစ်ခုကိုမှမရ။ ရိုးရိုးသာမန်လူလိုပဲ၊ သာမန်ရဟန်းလိုပဲ ဖြစ်နေခဲ့တော့ ကြာလာတော့ ငါလည်း စိတ်ပျက်စပြုလာခဲ့ပြီ။ ဒီလောက် ၄ နှစ်သာကြာအောင် အားထုတ်သရဏျာယ်လာခဲ့တာ ဘာတစ်ခုမှ မဖြစ်လာကောင်းလားဟု စိတ်ထဲမှာ ရေရွတ်နေရင်း နဲ့ တော်ပြီ ငါရပ်တော့မယ်၊ ဒီလောက် ၄ နှစ်ကြာအောင် အားထုတ်လာခဲ့တာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ အစားဆင်းရဲ၊ အနေဆင်းရဲတာဘဲ အဖတ်တင်တယ်။ ကံကောင်းလို့ ကျားစာ မဖြစ်သေးတာ။ ဆရာတော်လည်း ငါ မန္တလေး ပြန်ပြီးတော့ သံဃာတွေကို စာချနေတာပဲကောင်းတော့တယ်ဟုဆိုပြီး အခုည တစ်ညအိပ်ပြီးရင် မနက်ဖြင့် မဟာမြိုင်တောကထွက်တော့မယ်။ မန္တလေးမြို့ဘက်ကို ငါပြန်ကြွတော့မယ်ဟု ဆုံးဖြတ်ပြီး သစ်ခေါင်းထဲမှာ ဘာမှမလုပ်တော့ဘဲ သက်နိုးခြုံပြီး အိပ်စက် တော့တယ်ကွာ။

မေးခန့် အိပ်အပျော် ထင်ထင်ရှားရှား အိပ်မက်တစ်ခု မြင်မက်တော့တယ်ဟေ့။ အိပ်မက်ထဲမှာ အခု ငါအိပ်စက်နေတဲ့ သစ်ပင်ကြီးက စောင့်နေတဲ့ ရက္ခစိုးနတ်က ငါ့ကိုလာပြီး ပြောပြနေတာဟေ့ (ကိုယ်တော်က ဝီရိယလည်းကောင်းတယ်။ အပင်ပန်းလည်း ခံနိုင်တယ်၊ ခွဲလည်းရှိတယ်။ ဒါပေမဲ့ တစ်သက်လုံး ကြာသွားအောင် ကိုယ်တော်အားထုတ်လည်း ဘာမှပြီးမှာ မဟုတ်ဘူး၊ ဘာမှလည်း ရမှာမဟုတ်ဘူး၊ ဘာတစ်ခုမှ အောင်မြင်မှာလည်း မဟုတ်ဘူးဟု အိပ်မက်ထဲမှာပြောဆို လျှောက်ထားနေပါတော့တယ်။) ပြီးတော့ ရက္ခစိုးနတ်က ဆက်ပြီး ငါ့ကို လျှောက်ထားသေးတယ်ဟေ့။

(ကိုယ်တော်က သမ္ဗုဒ္ဓေတို့ သရဏဂုံတို့ကို အားသာအားထုတ်တာ၊ စုမှ မစုဆောင်းတတ်တာ။ သိမ်းမှ မသိမ်းတတ်တာ။ စုမှ မစုတတ်တာ။ ဘယ်ပေါက်မြောက်နိုင်မှာလဲ။ ဒီအတိုင်းသာကျင့်နေ၊ ကိုယ်တော်ပျံ့လွန်တော်မူတာတောင် ဘာတစ်ခုမှ အောင်မြင်မှာမဟုတ်ဘူး။ အောင်မြင်ချင်ရင် ကိုယ်တော့်ကို နည်းတစ်ခုပေးရဦးမယ်။ မည်သည့်အကျင့်ကိုပဲ ကျင့်ကျင့်၊ ဂုဏ်တော်ပဲကျင့်ကျင့်၊ သရဏဂုံပဲကျင့်ကျင့်၊ ပရိတ်ပဲရွတ်ရွတ်၊ သစ္စာအဓိဋ္ဌာန်ပြု၍ရွတ်၊ သစ္စာအဓိဋ္ဌာန်နှင့်ချုပ်၍ မိမိအကျင့်တွေကို စုစည်း၍၊ စုဆောင်း၍ မိမိ၏ခန္ဓာငါးပါးမှာ သိမ်းဆည်းထားတတ်ပါစေ။ လိုရာဆုတောင်းလျှင်လည်း ပြုထားသည့် သစ္စာအတိုင်း၊ အဓိဋ္ဌာန်အတိုင်း၊ သစ္စာပြု၊ အဓိဋ္ဌာန်ပြု၍ ဆုတောင်းတတ်ပါစေ။ ဒီလိုသာ ကိုယ်တော် အားထုတ်သွားလျှင်

မကြာခင်မှာဘဲ သိဒ္ဓိမှန်သမျှ၊ တန်ခိုးမှန်သမျှ ပညာစခန်းပါ ကိုယ်တော်အောင်မြင်ပြီးစီးပါလိမ့်မယ်။ မန္တလေးကို ပြန်မကြွ ပါနှင့်ဦး။ အခု တပည့်တော် လျှောက်ထားတဲ့အတိုင်း ကိုယ်တော် အားထုတ်သရဇ္ဈာယ်ကြည့်ပါဦး)

ဟု ရက္ခစိုးနတ်က အိပ်မက်ထဲမှာ လျှောက်ထားပြီး ပျောက်ကွယ်သွားပါတော့၏။

(ဒါနဲ့ ဆရာတော်လည်း မဟာမြိုင်တောကြီးထဲမှာ နောက်ထပ် ၃ နှစ်ဆက်တိုက် အားထုတ်သရဇ္ဈာယ်ခဲ့တယ်ဟေ့။ ဒီတော့မှ ငါလည်း လောကီပညာစခန်းများ၊ ဝိဇ္ဇာဉာဏ်တန်ခိုး များ အောင်မြင်ပြီးစီးခဲ့တော့တယ်ကွဲ့)

ဆက်လက်ပြီး ဓမ္မသိဒ္ဓိ ပါရဂူ လေးကျွန်းပိုင် ဆရာတော် ကြီးသည် ဆက်လက် အမိန့်ရှိခဲ့သည်မှာ -

(ရက္ခစိုးနတ် အိပ်မက်ထဲမှာ လျှောက်ထားသည့်အတိုင်း ၃ နှစ်တိတိ နေ့စဉ်ရက်ဆက် ပွားများ အားထုတ်လာတော့မှ သိဒ္ဓိပညာ၊ မဟိဒ္ဓိပညာများ၊ ရက္ခစိုး၊ ဘုမ္မစိုးနတ်များ၏ ပညာများ၊ အသိအမြင်ပညာများ အောင်မြင်ပြီးစီးလာရတော့ တယ်ကွဲ့။ ဒီတော့မှ ညဘက်အမျှအတန်းပေးဝေလျှင် မဟာမြိုင် တောကြီးထဲမှာ လူတစ်ယောက်မှ မရှိပါဘဲနှင့် တစ်တောလုံး သာဓုခေါ်သံများ ကျယ်လောင်စွာ ကြားလာရတော့၏။ တောထဲမှာ တစ်ပါးတည်း ဆွမ်းခံကြွခဲ့လျှင်လည်း လူသူ ပရိသတ် မရှိဘဲနှင့် သစ်ပင်အနီးမှာ ဆွမ်းခံလျှင် သပိတ်ထဲသို့

သစ်သီးများ အလိုလိုရောက်ရှိပြီး ရက္ခစိုးနတ်များက သစ်သီးဆွမ်းများ ဆက်ကပ်ကြောင်း သိလာရတော့၏။

သုံးနှစ်တိတိ အားထုတ်ရှတ်ဖတ် သရဇ္ဈာယ်ပြီးနောက် ညဘက်များတွင် အမျှပေးဝေရာ၌ လူသူလေးပါး တစ်ဦး တစ်ယောက်မှ မရှိဘဲ၊ မမြင်ရဘဲနှင့် တစ်တောလုံး၊ တစ်တောင်လုံး အသံကျယ်လောင်စွာဖြင့် သာဓုခေါ်သံများ ကြားသိခဲ့ရပြီးနောက် တစ်တောလုံး၊ တစ်တောင်လုံးမှ အသံကျယ်လောင်စွာဖြင့် **ဓမ္မသိဒ္ဓိ ပါရဂူ လေးကျွန်းပိုင်ဆရာတော်** ဟုယနေ့ကစ၍ ဘွဲ့အမည်တွင်ပါစေဟု အော်ဟစ် ကြွေးလာကြရတာကို ကြားသိလာခဲ့တယ်။ ဒီအချိန်ကစ၍ ငါလည်း အကျင့်စခန်း၊ သစ္စာအမိဋ္ဌာန် အကျင့်လမ်းဟာလည်း အောင်မြင်ပြီးစီးလာရတော့တယ်ဟော့) ဟု ၁၉၆၄ ခုနှစ်ထဲတွင် ဓမ္မသိဒ္ဓိ ပါရဂူ လေးကျွန်းပိုင် ဆရာတော်ကြီးက အကျွန်ုပ်ကျမ်းပြုအရှင်အား အမိန့်ရှိခဲ့ဖူးသော မဟာမြိုင်တောအတွင်း အကျင့်စခန်းနှင့် ပတ်သက်၍ အဖြစ်အပျက်တစ်ခုအဖြစ် မှတ်တမ်းတင်မိပါသည်။

ဤဓမ္မသိဒ္ဓိပါရဂူ လေးကျွန်းပိုင်ဆရာတော်ကြီး၏ ဘွဲ့တော်မှာ မဟာမြိုင်တောကြီးထဲတွင် တရားအားထုတ်ပြီးနောက် မဟာမြိုင်တောကြီးထဲမှ နတ်များက အသံကျယ်လောင်စွာဖြင့် ပေးအပ်ခဲ့သော၊ နတ်များက သမုတ်ပေးလိုက်သော ဘွဲ့တော်ဖြစ်သည်ဟု သိမှတ်ကြရ၏။ ယခုပြဆိုထားသော အကျွန်ုပ်ကျမ်းပြုအရှင်၏ ဆရာအရင်းဖြစ်တော်မူသော ဓမ္မသိဒ္ဓိပါရဂူ လေးကျွန်းပိုင် ဆရာတော်ကြီးပင်လျှင် (မဟာမြိုင်တောကြီး)

ထဲတွင် တစ်ပါးတည်း ကျင့်ဆောင်ပွားများ အားထုတ်ရာ၌ပင် မိမိရွတ်ဖတ် သရဇ္ဈာယ် ပွားများ အားထုတ်နေသော မဟာသရဏဂုံတော် အကျင့်နှင့် သမ္ဘုဒ္ဓေဂါထာအကျင့်များကို သစ္စာသုံးချက်ဖြင့် မထိန်းချုပ်တတ်ခြင်း၊ ထိုပြုအပ်သော သစ္စာသုံးချက်ဖြင့် လိုရာသိဒ္ဓိ လိုရာမဟိဒ္ဓိမြောက်အောင် ဆုမတောင်းခဲ့ခြင်းကြောင့် မဟာမြိုင်တောကြီးထဲတွင် ပထမ ၄ နှစ်သည် ကုသိုလ်သာရရှိခဲ့၍ အကျိုးကား မပြီးခဲ့ပေ။

ရက္ခစိုးနတ်က အိပ်မက်ထဲတွင် နှည်းပေး လမ်းပြ လျှောက်ထားလာတော့မှ နောက်ဆုံး ၃ နှစ်တိုင်တိုင် ကျင့်ကြံအားထုတ်လာခဲ့သည့်အခါ ကုသိုလ်အားလည်း ပြည့်ပြီး၊ အကျိုးလည်း ခံစားရရှိတော့၏။ ထို့ကြောင့် သူတော်ကောင်းအကျင့်လမ်းများကို ကျင့်ကြံပွားများ အားထုတ်ကြကုန်သော သူတော်ကောင်းအပေါင်းတို့သည်လည်းကောင်း အခြေခံကျကျ ဂုဏ်တော်အကျင့် သရဏဂုံအကျင့်နှင့် ပရိတ်တော်၊ ဂါထာတော်အကျင့်လမ်းများကို အားထုတ်ပွားများ သရဇ္ဈာယ်နေကြကုန်သော ပုဂ္ဂိုလ်မှန်သမျှတို့သည်လည်းကောင်း ဓမ္မသိဒ္ဓိ ပါရဂူ လေးကျွန်းပိုင် ဆရာတော်ကြီး၏ ကျင့်ဆောင်ပုံ၊ ဖြစ်ပျက်ပုံတို့ကို နမူနာယူ၊ အတုယူ၍ ...

(၁) မှန်ကန်သော အကျင့်၊ မှန်ကန်သော ကိစ္စ၊ မှန်ကန်သော လုပ်ငန်း၊ မှန်ကန်သော ပွားများမှု ဖြစ်စေရပါမည်။ (**မမှန်မကန်မဖြစ်စေရ၊ မလိမ်မညာရ၊ ပရိယာယ် မပါစေရ။** ရိုးသားပါ)

(၂) ထိုအခါ မှန်ကန်သော သစ္စာအဓိဋ္ဌာန်တို့ကိုပြု၍ သစ္စာတရား၊ အဓိဋ္ဌာန်တရားတို့ကို (မိမိမိတ်ဆွေသဖွယ်) အားကိုးပါ ၊ ယုံကြည်ပါ၊ သက်သေပြုပါ၊ လေးစားပါ။

(၃) ထိုအခါ မိမိကျင့်ကြံပွားများ အားထုတ်လာခဲ့သော အကျင့်များ၊ သရဏေယ် ရွတ်ပွားမှုများတို့သည် စုဆောင်းမိ၊ သိုမှီးစုစည်းမိပြီး မိမိ၏ခန္ဓာအတွင်း၌ သမထ ဘာဝတိုက်၊ ဝိပဿနာ ဘာဝတိုက် (တစ်နည်း) သရဏဂုဏ်ဘာဝတိုက်၊ ဂုဏ်တော်ဘာဝတိုက်၊ ပရိတ်တော်ဘာဝတိုက်၊ ဂါထာတော် ဘာဝတိုက် ဖြစ်လာရတော့၏။ မည်သည့်အခါမျှ မပျောက်ပျက်တော့ပေ။ လျော့မသွားတော့ပေ။ မှေးမှိန်မသွားတော့ပေ။ (ခန္ဓာကိုယ်အတွင်း၌ ဘာဝတိုက်သဖွယ်) စုမိ၊ ဆောင်းမိ၊ သိုမှီးသိမ်း ဆည်းမိလာတော့၏။

(၄) ထိုနည်းဖြင့် နေ့စဉ်ရက်ဆက် သို့မဟုတ် လပေါင်း နှစ်ပေါင်းများစွာ ကြာမြင့်လာအောင် အားထုတ် ပွားများ သရဏေယ်လာခဲ့သည်ရှိသော် မိမိ၏ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၌လည်းကောင်း၊ မိမိ၏ ဘဝရှေ့ရေး ဖြစ်လာနိုင်သမျှသော ဘဝတို့၌လည်းကောင်း၊ မိမိ၌ (ကာမဝစရ ကုသိုလ်ဘာဝတိုက်၊ မဟာကုသိုလ်ဘာဝတိုက်၊ လောကီ ကုသိုလ် ဘာဝတိုက်အဖြစ်လည်းကောင်း၊ လောကုတ္တရာ ကုသိုလ်ဘာဝတိုက်အဖြစ်လည်းကောင်း) အားထုတ်ရင်း အားထုတ်ရင်းဖြင့်၊ ပွားများရင်း၊ ပွားများ

ရင်းဖြင့် ကျင့်ကြံရင်း၊ ကျင့်ဆောင်ရင်းဖြင့် တစ်နှစ်ထက် တစ်နှစ် မြင့်သထက် မြင့်လာခဲ့ပြီး တစ်ဘဝပြီး တစ်ဘဝ ပါရမီကုသိုလ်ရင့်သထက်ရင့် တစ်ဆင့်ပြီး တစ်ဆင့် တက်သထက် တက်လာခဲ့ခြင်းဖြင့် ဘဝ၏ အထွဋ်သံသရာ၏ထွက်ပေါက် အေးငြိမ်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်အထိ အောင်မြင် ပြီးစီးရတော့၏ဟု မှတ်သားသင့်တော့၏။

(၅) ယခုပြဆိုခဲ့သော နည်းလမ်းများ၊ အကျင့်လမ်းများသည်၊ သစ္စာပြုအဓိဋ္ဌာန် အကျင့်လမ်းများသည် ဘဝတစ်ခုအတွက် ကုသိုလ်ကောင်းမှု များများစားစား ရရှိလာအောင်၊ စုစည်းမိလာအောင် အောက်ခြေမှစ၍ အခြေခံကျကျ သမထတရား၏ ပထမ အစပိုင်းများအဖြစ် သဘောပေါက်နားလည်ထားရပါမည်။ ထိုမှတစ်ဆင့်တက်လျှင် သမထလမ်း၊ ကသိုဏ်းဆယ်ပါးလမ်း စျာန်တရားများကို ဒုတိယအဆင့်အနေဖြင့် တက်လှမ်း၍ ကျင့်ဆောင်ပွားများ အားထုတ်ခြင်းဖြင့် သမာဓိတရား၊ စျာန်တရား၊ အဘိညာဉ်များကို အောင်မြင် ပြီးစီးလာရတော့၏။ ထိုမှတစ်ဆင့် ဘုံ ၃၁ မှလွတ်ရာလွတ်ကြောင်း၊ သံသရာဝဋ်ဒုက္ခ အပေါင်းမှ ထွက်ရာထွက်ကြောင်းအတွက် တစ်ဆင့်တက်မိလာခဲ့သော် ဝိပဿနာလမ်းဘက်သို့ ကူးပြောင်း၍ စာတွေ့၊ လက်တွေ့၊ ကိုယ်တွေ့ ပေါက်မြောက်အောင် အားထုတ် ပွားများလာခဲ့ဖူးသော၊ (ပရိယတ်၊ ဝဋ္ဋိပတ်)

တို့တွင် အထူး ကျမ်းကျင်လိမ္မာသော ဆရာကောင်း၊ ဆရာထူး၊ ဆရာမြတ်တို့ထံ နည်းနီသယခံယူ၍ အနီးကပ် ကြီးကြပ်ကွပ်ကဲစေ၍ ဝိပဿနာတရားများကို အထူး ကြိုးစား အားထုတ်ခြင်းဖြင့် နောက်ဆုံးတွင် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားများကို လက်ဆုပ်လက်ကိုင် ပြီးစီး အောင်မြင်နိုင်တော့၏ဟု သိမြင်ကြကုန်ရာ၏။

(၆) (သစ္စာနှုတ်သီး၊ မန္တန်ကြီးက သေပြီးသော်မှ ရှင်ပြန်ရ၏) ဟူသော ရှေးရှေးသောအရိယာ သူတော်ကောင်းတို့၏ စကားပုံလင်္ကာကို ရှင်းပြဆိုပါဦးအံ့။ ဤသစ္စာနှုတ်သီး၊ **မန္တန်ကြီးက သေပြီးသော်မှ ရှင်ပြန်ရ၏** ဟူသော သစ္စာ လင်္ကာ ဆောင်ပုဒ်ကို အကျွန်ုပ်ကျမ်းပြုအရှင် မှတ်မိသရွေ့ တောင်ဖီလာဆရာတော်ဘုရားကြီး လက်ထက်တော်က စတင်မိန့်ဆိုခဲ့သော ဩဝါဒ၊ လင်္ကာဟု ရှေးကျမ်းစာ များတွင် တချို့တစ်ဝက် တွေ့မြင်ခဲ့ဖူး၏။ ထို့နောက် ပထမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး အစဉ်အဆက် ဤသစ္စာဆောင်ပုဒ်ကိုပင် လက်ကိုင်ထား၍ အကျင့်ပဋိပတ်နှင့် ပတ်သက်၍ ဩဝါဒကထာ မိန့်ဆိုခဲ့ ဖူး၏။ ထို့နောက်မှ အစဉ်အဆက် ပထမ ယဂ္ဂနိုး စင်တောင် ဆရာတော်ကြီး ဦးသြဘာသ၊ ဒုတိယ ယဂ္ဂနိုး စင်တောင် ဆရာတော်ကြီး ဇင်ဗျူး ဦးဥဂ္ဂသ၊ ထို့နောက် နောက်ဆုံး ဓမ္မသိဒ္ဓိပါရဂူ လေးကျွန်းပိုင် ဆရာတော်ကြီး အထိ ဤသစ္စာလင်္ကာ ဆောင်ပုဒ်အတိုင်း ဩဝါဒကထာ

မိန့်ကြားပြီး ပဋ္ဌိပတ်အကျင့်တရားများကို ပွားများ အားထုတ်လာခဲ့ကြပါသည်။

ဤ 'သစ္စာနှုတ်သီး၊ မန္တန်ကြီးက သေပြီးသော်မှ ရှင်ပြန်ရ၏' ဟူသော ဤသစ္စာလက်ာ ဆောင်ပုဒ်၏ အဓိပ္ပာယ် အပြည့်အစုံမှာ အောက်ပါအတိုင်း ဆရာ့ဆရာဟော်ကြီးများ၏ သြဝါဒကထာအတိုင်း ရှင်းလင်းပြသထားပါသည်။

အဓိပ္ပာယ် ရှင်းလင်းချက်များမှာ သစ္စာနှုတ်သီး ဟူရာ၌ နှုတ်ကြမ်းခြင်း၊ နှုတ်မှ ဆဲရေးတိုင်းထွာမှု အလေ့အကျင့်များခြင်း၊ မိမိနှုတ်မှ ကြမ်းတမ်းသောစကား၊ သိမ်ဖျင်းသောစကား၊ ဟာသစကား၊ လိမ်ညာလှည့်ဖြားသော စကား၊ ပေါ့ပျက်သောစကား၊ အကျိုးမဲ့သောစကားများကို ပြောဆိုခြင်းမှ အထူး ထိန်းထိန်းသိမ်းသိမ်း ရှိစေ၍ ရှောင်ကြဉ်ကြရာ၏။

နေ့စဉ်နေ့တိုင်း ရွာသူတို့၏ဝလေ့၊ ရွာသူတို့၏ အလေ့အထ၊ အမှုအကျင့်များဖြစ်သော ကြမ်းတမ်းသောစကားများကို ပြောဆိုနေခြင်း၊ သိမ်ဖျင်းသောစကားများကို ပြောဆိုနေခြင်း၊ ရယ်ရွှင်ဖွယ်ရာ ဟာသစကားများကို ပြောဆိုနေခြင်း၊ လိမ်ညာလှည့်ဖြားသောစကားများကို ပြောဆိုနေခြင်း၊ ပေါ့ပျက်သောစကားများတို့ကိုသာ ပြောဆိုနေခြင်း၊ မိမိအတွက်၊ သံသရာအတွက်၊ လောကုတ္တရာအတွက် မဟုတ်မှု၍ ကျေးဇူးမဲ့၊ အကျိုးမဲ့စကားများကိုသာ ပြောဆိုနေခြင်းသည် သူတော်ကောင်းအလုပ်မဟုတ်၊ အရိယာတို့၏ အလုပ်မဟုတ်။ ရွာသူတို့၏အလုပ်၊

ရှာသူတို့၏ဝေလ၊ အမှုအရာများသာဖြစ်စေရာ၏။ ထိုအမှုအရာ၊ အမှုအကျင့်များသည် (သစ္စာနှုတ်သီး) မဟုတ်နိုင်၊ သစ္စာနှုတ်သီး မဖြစ်နိုင်။ (ရှာသူနှုတ်သီး၊ လူယုတ်မာတို့၏နှုတ်သီး၊ အကုသိုလ်တရားများ၏နှုတ်သီး၊ လောဘနှုတ်သီး။ ဒေါသနှုတ်သီး၊ မောဟနှုတ်သီး၊ ရာဂနှုတ်သီးတို့သာ ဖြစ်နိုင်ကြရာ၏။ မကောင်းသော ဒုစရိုက်နှုတ်သီးမျိုးသာ ဖြစ်နေကြရာ၏။ မိမိသည် ဒါနတရားနှင့် ပြည့်စုံစေရာ၏။ အကျင့်သီလတရားနှင့် ပြည့်စုံစေရာ၏။ သမထတရား ဝိပဿနာတရား၊ ဘာဝနာနှင့်သာ ပြည့်စုံစေရာ၏။ ထိုပုဂ္ဂိုလ်မျိုး၏နှုတ်ခမ်း (ပါးစပ်) သည် (သစ္စာနှုတ်သီး) သစ္စာပါးစပ် ဖြစ်ရတော့၏။

တစ်နည်းဆိုပါဦးအုံ၊ နေ့စဉ်နေ့တိုင်း၊ ဗုဒ္ဓဂုဏ်တော်များအား သစ္စာအဓိဋ္ဌာန်ပြု၍ ရွတ်ဖတ် သရဇ္ဈာယ်ခြင်းအားဖြင့် ဂုဏ်တော်သစ္စာနှုတ်သီး ဖြစ်လာရတော့၏။ ထို့အတူ သရဏဂုံတော် ၃ ပါးနှင့်တကွ မဟာသရဏဂုံတော်ကြီးများ၊ အတုလသရဏဂုံတော်များ၊ စိန္တာမယ သရဏဂုံတော်များအား အထပ်ထပ် သစ္စာအဓိဋ္ဌာန်ပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကြောင့်လည်း သရဏဂုံတော်ကြောင့် သစ္စာနှုတ်သီးဖြစ်ရတော့၏။ ထိုနည်းတူစွာဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ပရိတ်တော်များ၊ သုတ်တော်များကို သစ္စာအဓိဋ္ဌာန်ပြု၍ ရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့်လည်း (ပရိတ်တော် သစ္စာနှုတ်သီး) ဖြစ်မှန်းမသိ ဖြစ်လာကြရတော့၏။

ထိုနည်းတူစွာပင် သရဏဂုံတော်များကိုလည်းကောင်း၊ ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော်၊ သံဃာဂုဏ်တော်များတို့ကို

လည်းကောင်း၊ ပရိတ်တော်၊ ဂါထာတော်၊ သုတ်တော်များကို လည်းကောင်း အထပ်ထပ် သစ္စာအဓိဋ္ဌာန်ပြု၍ နေ့စဉ်ပွားများ ရွတ်ဖတ်သရဇ္ဈာယ်စေခြင်းဖြင့် (သစ္စာနှုတ်သီး) ဖြစ်မှန်းမသိ ဖြစ်လာကြရကုန်တော့၏။

သစ္စာနှုတ်သီးဖြစ်ပြီဆိုပါက မိမိ၏နှုတ်ဖျားမှ ထွက်သော စကားမှန်သမျှ၊ ဂါထာမှန်သမျှ၊ ပရိတ်တော်မှန်သမျှသည် တန်ခိုးရှိသော၊ သိဒ္ဓိတန်ခိုးနှင့် ပြည့်စုံသော မန္တန်တော်အဖြစ် ရရှိလာစေပြီး နှုတ်ပါးစပ်မှ (ဟောက်ကင်းပါစေ) ဟု ဆိုရုံဖြင့် အမှန်တကယ် ရောဂါအနာမှန်သမျှ ကင်းဝေး ပပျောက်စေရတော့၏။ (ကြီးပွားချမ်း သာပါစေ) ဟု နှုတ်ကမြွက်ဆိုရုံဖြင့် မကြာမြင့်မီပင် အမှန်တကယ် ကြီးပွားချမ်းသာလာရတော့၏။ ထိုကြောင့် သစ္စာနှုတ်သီး မန္တာန်ကြီးဟုဆိုလိုပါသည်။ နှုတ်က ပြောဆိုသမျှ၊ ပြောတိုင်း အောင်မြင်ပြီးစီးလာရတော့၏။ နှုတ်ကပြောသမျှ ဖြစ်လာရတော့၏။ ထို့ကြောင့် နှုတ်ကထွက်သမျှ၊ ပြောသမျှသည် အောင်မြင်ပြီးစီးစေတတ်သော မန္တန်နှင့် တူလှသောကြောင့် **သစ္စာနှုတ်သီး မန္တန်ကြီးကဟု ဆိုလိုရင်း ဖြစ်ပါသည်။**

ရှေးအခါ ဝဇ္ဇသုတ်၊ ဇုံးမင်းပရိတ် စသည်တို့တွင် သစ္စာဆို၍ ဆုတောင်းခြင်းကြောင့် မီးတောက်မီးလျှံများ၊ ဝေးကွာလွင့်ထွက်သွားပြီး မီးမလောင်ဘဲ မီးကွင်းစေရာဘီသက္ခဲသို့လည်းကောင်း၊ ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်တော်၌ ဝေသာလီပြည်ကြီးတွင် ကပ်သုံးပါးဆိုက်ပြီး မြို့သူမြို့သား လူအများ အသေအပျောက်များပြားလှပြီး တိုင်ပြည်ပျက်စီးခမန်း ဖြစ်လျက်

ရှိသည်တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် နောက်ပါ သံယာတော်များဖြင့် ကြွရောက်တော်မူပြီး ညီတော်အာနန္ဒာအား သစ္စာမန္တာန်ကြီး ဖြစ်သော ရတနသုတ်တော်ကို ညလုံးပေါက် တစ်ညလုံး ရွတ်ဖတ်သရဇ္ဈာယ်စေခြင်းဖြင့် ဝေသာလီပြည်ကြီးသည် ကပ်သုံးပါးမှ လွတ်ကင်းစေပြီး မြို့သူမြို့သားများ အသက်ဘေးမှ ချမ်းသာရရှိကြကုန်တော့၏။ **ထို့ကြောင့် ရတနသုတ်တော်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သစ္စာမန္တန်အစစ် ဖြစ်တော့၏။**

ထိုနည်းတူစွာပင် သုဝဏ္ဏသာမ ဇာတ်တော်၌လည်း သုဝဏ္ဏသာမသည် မြားဆိပ်တက်ပြီး သေလုမျောပါးဖြစ်နေသည်ကို ဘဝအတိတ်မှ မယ်တော် တော်ခဲ့ဖူးသော နတ်သမီးသည်လည်းကောင်း၊ သိကြားမင်းသည်လည်းကောင်း၊ ယခုဘဝ မယ်တော်၊ ခမည်းတော်တို့သည်လည်းကောင်း၊ အသီးသီး သစ္စာဆိုပြီ သစ္စာတရားကို လက်ကိုင်ထား၍ သစ္စာပြုကြရာတွင် သုဝဏ္ဏသာမသည် အသက်မသေဘဲ အသက်ဘေးမှ လွတ်မြောက်စေ၍ အသက်ထက်ဆုံး မိဘနှစ်ပါးအား လုပ်ကျွေးပြုစုသည် ဟူ၏။ **(ထို့ကြောင့် သစ္စာနှုတ်သီး မန္တန်ကြီးကသေပြီးသော်မှ ရှင်ပြန်ရ၏)** ဟု သစ္စာလက်ဆောင်ပုဒ် ဖြစ်ပေါ်လာရပေတော့၏။

(၇) (ဘဏ်) ဟူသည်မှာ တရားသဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ရွှေ၊ ငွေ၊ ရတနာ၊ ပစ္စည်းဥစ္စာများကို စုဆောင်းခြင်း၊ သိုမှီးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြဋ္ဌာန်းထား

သော တရားဥပဒေများနှင့် အညီ တိုးပွားအောင် ဆောင်ရွက်ခြင်း၊ ထုတ်ယူခွင့်၊ အကျိုးခံစားခွင့်ပြုစေခြင်းကို (ဘဏ်) ဟု ခေါ်ပါသည်ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါသည်။ ဘဏ်ကိုလည်းကောင်း၊ ဘဏ်တိုက်ကိုလည်းကောင်း၊ ဘဏ္ဍာဟူ၍လည်းကောင်း၊ လောက၊ ကမ္ဘာ အရပ်ရပ်တို့တွင် အမျိုးမျိုးဥပမာပြု၍လည်းကောင်း၊ တင်စား၍လည်းကောင်း၊ အမွမ်းတင်၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲလျက်ရှိနေတတ်ပါသည်။

ရှေးရှေးအခါက တိုင်းပြည်အုပ်ချုပ်သော ရှင်ဘုရင်များ၏ အသုံးအဆောင်များ၊ ရွှေ၊ ငွေ ရတနာများ၊ ကျောက်မျက်ရတနာများ၊ စည်းစိမ်ဥစ္စာ အဆောင်အယောင်များကို စနစ်တကျ ဖွဲ့စည်း၍ သိုမှီးစုဆောင်းထားခြင်းကို ဘုရင့်ဘဏ္ဍာတိုက်၊ ဘုရင့်ဘဏ္ဍာတော် ဟုခေါ်ဝေါ်ကြရကုန်၏။ ပိဋကတ်သုံးပုံ၊ ဓမ္မခန္ဓာ ရှစ်သောင်းလေးထောင်သော တရားတော်မြတ်များကို ထိန်းသိမ်းထားရာ၊ စုဆောင်းထားရာ၊ အာဂုံလေ့ကျင့်မှတ်သားထားရတာမျိုးကိုမူ ဓမ္မဘဏ္ဍာ၊ တရားဘဏ်တိုက်၊ ပိဋကတ်ဘဏ်တိုက် ဟူ၍ ခေါ်ဝေါ် သုံးစွဲကြရကုန်၏။ ဗုဒ္ဓမြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌မူ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ညီတော်ဖြစ်တော်မူသော ရှင်အာနန္ဒာမထေရ်မြတ်ကြီးကိုမူ တရားဘဏ္ဍာစိုး၊ ဓမ္မဘဏ္ဍာစိုးဟူ၍လည်းကောင်း၊ တရားတော်မြတ်တို့၏ ဘဏ်တိုက်ကြီးသဖွယ် ဖြစ်တော်မူပေသော ရှင်အာနန္ဒာမထေရ်

ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲကြကုန်သေးသည်။ **တရား ဘဏ္ဍာစိုး၊ ဓမ္မဘဏ္ဍာစိုး ဖြစ်တော်မူပေသော ရှင်အာနန္ဒာ** မထေရ်မြတ်သည် ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲတတ်ကြ သေး၏။ ဥပမာပြဆိုပါဦးအုံ့။

ဌေများ စုဆောင်းထားရှိသောဘဏ်ကို ဌေစုဘဏ်ဟု ခေါ်ဝေါ်သုံးစွဲသကဲ့သို့ ထို့အတူပင် မိမိ၏ခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့၌လည်းကောင်း၊ မိမိ၏ စက္ခု၊ သောတ၊ ঘာန၊ ဇိဝှာ၊ ကာယ၊ မနဟူဆိုအပ်သော ၆ ဌာနတို့၌လည်းကောင်း၊ မိမိ၏အဆုတ်၊ အသည်း၊ နှလုံးအိမ်ထဲ၌လည်းကောင်း ဂုဏ်တော် များကို စုဆောင်း သိုမှီး ထိန်းသိမ်းထားခြင်းကို **ဂုဏ်တော် ဘဏ်တိုက်၊ ဂုဏ်တော်များ၏ဘဏ္ဍာတော်တိုက်**ဟူ၍ဆိုအပ်၏။ သရဏဂုံတော်များကို စုဆောင်းသိုမှီး ထိန်းသိမ်းထားခြင်းကို **သရဏဂုံတော်ဘဏ်တိုက် (သို့မဟုတ်) သရဏဂုံများ၏ ဘဏ္ဍာတော်တိုက်**ဟု ခေါ်ဆိုထိုက်၏။ ထို့အတူပင် ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ ဟောကြားတော်မူအပ်သော ပရိတ်တော်များ၊ သုတ်တော်များကို စုဆောင်းသိုမှီး ထိန်းသိမ်းထားခြင်းကိုလည်း **ပရိတ်တော်များ၏ဘဏ်တိုက်၊ သုတ်တော်များ၏ဘဏ်တိုက်** စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲနိုင်ပါသည်။ ထို့အတူပင် သမ္ဘဒ္ဓေ ဂါထာများကို ထိန်းသိမ်းထားခြင်း၊ စုဆောင်းသိုမှီးထားခြင်းသည် **သမ္ဘဒ္ဓေဘဏ်တိုက်**၊ ပဋ္ဌာန်း ၂၄ ပစ္စည်း ပါဠိ၊ နိဿယ စသည်များကို ထိန်းသိမ်းထားခြင်း၊ စုဆောင်းသိုမှီးထားခြင်း သည်လည်း **ပဋ္ဌာန်း၏ ဘဏ်တိုက် (၀ါ) ပဋ္ဌာန်းဘဏ်တိုက်**ဟု

ခေါ်ဝေါ်သုံးစွဲပုံ၊ ဥပမာ တင်စား၍၊ အမွမ်းတင်၍ ခေါ်ဝေါ်ပုံ များကို အထူးသိရှိထားသင့်တော့၏။

ထို့ကြောင့်ပင်လျှင် မိမိတို့၏ ဒကာ၊ ဒကာမအပေါင်း တို့သည် သူတော်ကောင်းတရားများကို ပွားများအားထုတ်ကြရာ၌ ဖြစ်စေ၊ သရဏဂုံများ၊ ဂုဏ်တော်များ၊ ပဋ္ဌာန်းတရားများ၊ ပရိတ်တော်များတို့ကို ပွားများ ရွတ်ဖတ်သရဇ္ဈာယ်ကြရာ၌ ဤကျမ်းစာ၏ ရှေ့ပိုင်းများမှ ပြဆိုရေးသားထားသည့်အတိုင်း (ဂုဏ်တော်၊ သရဏဂုံတော်ဖြင့် စေတီတော်တည်ပုံ) တို့ကို လည်းကောင်း၊ (မဟာသရဏဂုံတော်ဖြင့် စေတီတော်တည်ပုံ) များကို ဥပမာ နမူနာများဖြင့် ပြသထားပြီးဖြစ်ပါသည်။ ထို စေတီတော် တည်ဆောက်ပုံများသည် (ဘဏ္ဍာတိုက် (၀ါ) ဘဏ်တိုက်) အဖြစ် စုဆောင်းခြင်း၊ သိုမှီးခြင်း၊ ထိန်းသိမ်း စုစည်းခြင်းသာဖြစ်ကြောင်းတို့ကို အထူးလေ့လာမှတ်သားထားပြီး လျှင် မိမိ၏ခန္ဓာကိုယ်အတွင်း ပရိတ်တော်ဘဏ်တိုက်အဖြစ်၊ သရဏဂုံဘဏ်တိုက်အဖြစ်၊ ဂုဏ်တော်ဘဏ်တိုက်အဖြစ် ကြိုးစား၍၊ ဝိရိယစိုက်ထုတ်၍ ပွားများသရဇ္ဈာယ်တတ်ကြကုန်ရာ၏။ မိမိတို့၏ နှလုံးသား၊ နှလုံးအိမ်တို့၌ သရဏဂုံတော် စေတီတော် တည်နိုင်အောင်၊ ဂုဏ်တော် စေတီတော် တည်တတ်အောင်၊ ပရိတ်တော် စေတီတော် တည်ရှိတတ်အောင်၊ သမ္ဘုဒ္ဓေဂါထာ တော်ဖြင့် စေတီတော်တည်တတ်အောင်၊ ပဋ္ဌာန်း ၂၄ ပစ္စည်း ပါဠိတော်ဖြင့် ခန္ဓာကိုယ်အတွင်း မနောဓာတ်နှလုံးအိမ်၌ စေတီတော် တည်တတ်အောင် အထူးလေ့လာ မှတ်သားကြပြီး

လျှင် အထူးကြိုးစားရ၍လည်း သစ္စာပြု၊ အဓိဋ္ဌာန်ပြု၍ အထူး ကြိုးစားအားထုတ်၍ ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်ရာ၏။

(ဤတွင် အားထုတ်ပွားများ အကျင့်သမားများအတွက်)
(သိမှတ်ဖွယ်ရာ အဖြာဖြာ ဤတွင်ပြီးစီး၏)

၇။ အဆင်မြင့် အားထုတ်ပုံ၊ သရဏ္ဌာယ်ပုံများ

လောကုတ္တရာသက်သက်အတွက်မူ အထူး မလိုအပ်တော့ပေ။ လောကီအတွက်မူ လောကီရေးရာကိစ္စ အဖြာဖြာအတွက် အထူးလိုအပ်ရာများအား ဆက်လက်ပြဆိုပါဦးအုံ့။

(က) ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ အနန္တဂါးပါးအား ရည်မှန်း၍၊ ရည်စူး၍ ဆွမ်း ၅ ပွဲ၊ ရေ ၅ ခွက်၊ ဖယောင်း ၅ တိုင်ထွန်း၍၊ ကပ်လှူ ပူဇော်၍ ဆုတောင်းပတ္တနာပြုအပ်၏။

(ခ) ထို့ထက်လွန်၍ တတ်စွမ်းနိုင်သော ပုဂ္ဂိုလ်များ ဖြစ်ပါက ရခိုင်ငှက်ပျောဖီး ၅ ဖီး၊ အုန်းသီးကောင်းကောင်း ၁ လုံးနှင့် သာသနာဂါးထောင် ကန်တော့ပွဲ တစ်ပွဲပြင်၍ ဗုဒ္ဓဘုရားရှင်ရှေ့တော်တွင် ပြင်ဆင်ထားစေရပါမည်။

ထိုပွဲထဲတွင် ကွမ်းယာ ၅ ယာထည့်၊ လက်ဖက် ၅ ကန်တော့ထည့်၊ မြင့်မြတ်သောပန်း ၅ ပွင့်ထည့်၊ အမွှေးတိုင် တစ်ထုပ်၊ ဖယောင်းတိုင် တစ်ထုပ်ထည့်၍ (ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာ မြတ်သုံးပါးနတ်တို့အား အဓိက ဦးထိပ်ထား၍ ဘုရား၊ တရား၊ သံဃာ၊ ဆရာသမား၊ မိဘနှစ်ပါး စသော အနန္တော အနန္တ ငါးပါးတို့ကို ရည်မှန်း၍ ဤငှက်ဟော ၅ ဖီး၊ အုန်းသီး ၁ လုံး၊ ပန်း၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ အမွှေးတိုင်၊ ဖယောင်းတိုင်ထုပ်များ ထည့်ဝင်၍ ဤအနန္တ ၅ ပါး သာသနာပွဲဖြင့် ဆက်ကပ် လှူဒါန်း ပူဇော်ကန်တော့ပါ၏။ **၅ ခေါက်ဆိုပါ။ ဆုတောင်းပုံမှာ -** ဤကောင်းမှု၊ ဤကုသိုလ်ကြောင့် ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ အနန္တငါးပါး ပုဂ္ဂိုလ်များတို့သည် တပည့်တော်အား တပည့်အရင်း၊ သားရင်းသမီးရင်း၊ မြေးအရင်းကဲ့သို့ ထင်ရှားဇကန် စောင့်ရှောက်ကြပါစေ ကုန်သတည်း။ သာသနာ ၅၀၀၀ ကို စောင့်ရှောက်ကုန်သော သာသနာတော်စောင့်နတ်မင်းများ၊ သမ္ဘာဒေဝနတ်မင်းများ အပါအဝင် သိကြားမင်းနှင့်တကွ ၃၃ ကျိပ်သော နတ်မင်းများတို့သည်လည်း ထင်ရှားဇကန် အမြဲထာဝရ ကူညီမစ စောင့်ရှောက်ကြပါစေကုန်သတည်း။ ပိဋ္ဌကတ် ၃ ပုံ၊ ဗေဒင် ၄ ပုံ၊ ဓမ္မကွန်ရာ ရှစ်သောင်းလေးထောင် ကျမ်းအစောင်စောင်တို့ကိုလည်း လျှင်မြန်စွာ

ကုန်စင်အောင် တတ်သိမြင်နိုင်သော ပုဂ္ဂိုလ်သည် ဧကန်အမှန် ဖြစ်ပါစေသတည်း။ ဆယ်ပါးသော သိဒ္ဓိ၊ ဝိဇ္ဇာ မဟိဒ္ဓိ အတတ်တို့ကိုလည်းကောင်း၊ ဝိဇ္ဇာဉာဏ် ၆ ပါး၊ အဘိညဉ် ၆ ပါး၊ သမာပတ် ၈ ပါး၊ သမာပတ် ၉ ပါးတို့ကိုလည်းကောင်း၊ လျှင်မြန်စေစွာ တတ်မြောက်အောင်မြင်ပြီးစီးရန် မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး နိဗ္ဗာန်တရားတော်မြတ်ကို အာရုံပြုမျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်မြတ်တို့သည် ဧကန်အမှန် ဖြစ်ပါစေသတည်းဘုရား။

(ဂ) သရဏာဂုံ ၃ ပါးနှင့်တကွ ၅ ပါးသော သီလတော်မြတ်တို့ကို အသက်ထက်ဆုံး စောင့်ထိန်းပါ၊ ရိုသေပါ၊ လေးစားပါ၊ အားကိုးပါ၊ ယုံကြည်ပါ။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သရဏာဂုံ ၃ ပါးနှင့်တကွ ၅ ပါးသော သီလတော်မြတ်တို့ကို ရိုသေစွာ ခံယူဆောက်တည်ပါ။ **ဤအဆင့်မြင့် အားထုတ်ပုံ ကျင့်စဉ်များ၌ (သရဏာဂုံ သုံးပါးနှင့်တကွသော ငါးပါးသော သီလတော်မြတ်တို့ကို)** အထူးလုံခြုံအောင် ဂရုတစိုက် စောင့်ရှောက်ပါ၊ စောင့်ထိန်းပါ။ ဤ သရဏာဂုံသုံးပါးနှင့် ငါးပါးသီလတော်မြတ်ကို မလုံခြုံဘဲ၊ လုံခြုံအောင် မထိန်းသိမ်း မစောင့်ရှောက်နိုင်ပါဘဲလျက် အဆင့်မြင့် အားထုတ်ပုံ အကျင့်များကို မအောင်မြင်နိုင်ကြောင်းကို သတိပြုကြပါလေ။ ထို့ကြောင့် သရဏာဂုံ ၃ ပါးနှင့် ၅ ပါးသော သီလတော်မြတ်တို့ကို အထူးလုံခြုံအောင် ထိန်းသိမ်း

စောင့်ရှောက်ရမည်ဟု သဘောပေါက်အောင် နားလည်ကြ စေကုန်သတည်း။

(ဃ) ရိုးရိုးကျင့်ကြံ အားထုတ်သော ပုဂ္ဂိုလ်တို့၌ အသက်သတ်လွတ် စားစရာမလို၊ ပုံမှန် ကြံ့ဖြိုလို ကျသလို စားသွားပြီး ကျင့်ဆောင်အားထုတ်နိုင်ပါသည်။ သို့သော် အဆင့်မြင့်အားထုတ်ပုံကျင့်စဉ်အရ အထက်တန်းကျကျ အားထုတ်လိုသူများမှာမူ အသက်သတ်လွတ်စားခြင်း၊ အဓိပ်အနေနည်းပါးခြင်း အကျင့်ကို အဓိကအားထားခြင်း၊ အစားအသောက်ကို မမက်မောခြင်း၊ ခြိုးခြံချွေတာစွာ ကျင့်သုံးခြင်း၊ အားနေတတ်သည့် အချိန်များတွင် မေတ္တာ အထူးပို့သပြီး အမျှပေးဝေခြင်းတို့ကို ဂရုတစိုက် ပြုကျင့် အားထုတ်စေရပါမည်။ အဓိပ္ပာယ်မှာ သစ်တစ်ပင်အောက်၊ ဝါးတစ်ပင်အောက် ရှေးအခါက အရိယာသူတော်စင်တို့ ရသေ့သူတော်မြတ်တို့ အားထုတ်ပုံအတိုင်း ကျင့်ဆောင် အားထုတ်ကြရမည်ကို အထူးသတိပြုကြပါလေ။

(c) ရွာသူတို့၏ ဓလေ့အမူအရာများ၌လည်းကောင်း၊ မြို့သူတို့၏ ဓလေ့အမူအရာများထဲ၌လည်းကောင်း အားမထုတ်ဘဲ၊ မကျင့်ဆောင်ဘဲ ရွာနှင့်ဝေးရာ၊ မြို့နှင့်ဝေးရာ လူသူလေးပါး အရောက်အပေါက် နည်းပါးရာ တော၊ တောင်၊ သစ်ပင် တစ်နေရာရာတို့တွင် တစ်ကိုယ်တည်း၊ တစ်ပါးတည်းသာ အားထုတ်ပွားများကြရမည်ကို သတိပြုကြပါလေ။ အချို့ အကျင့်ပဋိပတ်သမားများသည် လူသူ

အရောက်အပေါက် နည်းပါးသော တောတောင်အနီးနှင့် တည်ရှိသော တန်ခိုးကြီးမားသည့်ဘုရား၊ စေတီများတွင် အမှီပြု၍ ၁ားထုတ် ပွားများကြကုန်သည်ကိုလည်း တွေ့မြင်ခဲ့ရဖူး၏။

(စ) ဆန်းတစ်ရက်၊ ဆုတ်တစ်ရက် ရှစ်ရက် ဥပုသ်၊ လပြည့်၊ လကွယ်နေ့များတွင်မူ ဗုဒ္ဓမြတ်စွာဘုရား အမှူးထား၍ ဘုရား၊ တရား၊ သံဃာ၊ ဆရာသမား၊ မိဘနှစ်ပါးစသော အနေန္တော အနန္တ ၅ ပါးတို့အား ရည်စူး၍၊ ရည်မှန်း၍ ဆွမ်းပွဲကြီး ၅ ပွဲ၊ အသက်သတ်လွတ် ဖြစ်ပါစေ၊ ရေ ၅ ခွက်၊ ဖယောင်းတိုင် ၅ တိုင်ထွန်း၊ အမွှေးတိုင် ၅ ချောင်းထွန်း၊ လက်ဖက် ၅ ပွဲ၊ ကွမ်းယာ ၅ ယာ၊ ယိုမျိုးစုံ ၅ ပွဲတို့ကို ကပ်လှူပူဇော် ကန်တော့ပါ။ လိုအပ်သော ဆုကိုလည်း လိုအပ်သလို ၅ ခါဆို၍ ဆုတောင်းပတ္ထနာပြုအပ်ရပါမည်ဟု မှတ်သားကြပါလေ။ နေ့စဉ်နေ့တိုင်း၊ ညစဉ်ညတိုင်း ပြုပြုသမျှသော ကုသိုလ်ကောင်းမှုမှန်သမျှတို့ကို နတ်ကောင်း နတ်မြတ်တို့အား၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့အား အမျှပေးဝေကြပါလေ။ မေတ္တာကိုလည်း အထူးပို့သ၊ ပို့ပေးကြပါလေ။

(မှတ်ချက်) လောကုတ္တရာသက်သက် အလိုရှိသောပုဂ္ဂိုလ်များ၊ လောကီအတွက်မလို၊ လောကီကိုပယ်၍ တစ်မက်၊

တစ်ဖိုလ်အတွက်၊ သန္ဓီသုခနိဗ္ဗာန်အတွက် အလို ရှိသော ပုဂ္ဂိုလ်များမှာ၊မူ အထက်ပါ လောကီ ကိစ္စများအတွက် ဆောင်ရွက်စရာ မလိုအပ်တော့ဘဲ လောကုတ္တရာတရားသက်သက် သမထဝိပဿနာ တရားများကိုသာ တစ်ကိုယ်ရေ တစ်ကာယ လေ့ကျင့် ပွားများ အားထုတ်နိုင်ကြပါစေကုန် သတည်း။

(ဤတွင် အဆင့်မြင့်အားထုတ်ပုံ သရဏ္ဌာယ်ပုံများ ပြီးစီး၏)

၈။ မေတ္တာပို့ အမျှပေးဝေပုံများ
(မနောမယသိဒ္ဓိကျမ်းလာ)

ရှေးရှေးသော အရိယာပုဂ္ဂိုလ်များ သူတော်ကောင်းပုဂ္ဂိုလ်များ၊ အရည်ဝါသီ တောရပ်မှီသော ပုဂ္ဂိုလ်ကြီးများတို့၏ မေတ္တာပွားများပုံများနှင့် ကုသိုလ်အဖို့ အမျှပေးဝေပုံများအတိုင်း ရေးသားထားပါသည်။ ပညာလိုလား အမျိုးကောင်းသားများ၊ အမျိုးကောင်း သမီးများ အထူးလေ့ကျက်ပွားများ အားထုတ်ကြကုန်ရာသတည်း။

(က) ပုဂ္ဂိုလ် ၁၂ ယောက် မေတ္တာပွားများပုံ

ပထမဦးဆုံး မရည်ညွှန်းအပ်သော အနောဒိသ ပုဂ္ဂိုလ် ၎င်းယောက်

(၁) သဗ္ဗေ စကြဝဠာမြေပြင် ကောင်းကင်မကြွင်း ခပင်းဉသုံ အလုံးစုံ၌ တည်နေကြကုန်သော သတ္တာ သုံးဘုံအတွင်း၌ မကင်းဘဝ သတ္တဝါဟူသမျှ အပေါင်းတို့သည် အဝေရ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြကုန်သည် ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း၊ အဗျာပဇ္ဇာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း၊ အနီဃာ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ဘေးဒုက္ခ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (၀၊) ကိုယ်စိတ် နှစ်ဖြာ ချမ်းချမ်းသာသာ အတ္တာနံ မိမိကိုယ်ကို ပရိဟရန္တု သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ ဆင်းရဲအပေါင်းမှ (၀၊) သံသရာ တည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ မုစ္စန္တု ကင်းလွတ်ချမ်းသာကြပါစေကုန်သတည်း။

(၂) သဗ္ဗေ စကြဝဠာမြေပြင် ကောင်းကင်မကြွင်း ခပင်းဉသုံ အလုံးစုံ၌ တည်နေကြကုန်သော ပါဏာ ထွက်သက် ဝင်သက် ဣန္ဒြေနှစ်ချက်ဖြင့် အသက်ရှည်ကာ နေကြရာသော သတ္တဝါအပေါင်းတို့သည် အဝေရ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း၊ အဗျာပဇ္ဇာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း၊ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း၊ အနီဃာ ဆင်းရဲငြိုငြင်

ပင်ပန်းခြင်း ဘေးဒုက္ခ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (၀ါ) ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ အတ္တာနံ မိမိ၏ကိုယ်ကို ပရိဟရန္တု သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း၊ ဒုက္ခာ ဆင်းရဲအပေါင်းမှ (၀ါ) သံသရာ တည်းဟူသော ဝဋ္ဋ ဆင်းရဲအပေါင်းမှ မုစ္စန္တု ကင်းလွတ်ချမ်းသာကြပါစေကုန်သတည်း။

(၃) သဗ္ဗေ စကြဝဠာမြေပြင် ကောင်းကင်မကြွင်း ခပင်းဉသုံ အလုံးစုံ၌ တည်နေကြကုန်သော ဘူတာ ကိုယ်ကောင်ထင်ရှား ဖြစ်ပွားပေလတ် ဥပပတ် သတ္တ၀ါအပေါင်းတို့သည် အဝေရာ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန် ခပ်သိမ်း ကင်းဝေးကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း၊ အဗျာပဇ္ဇာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ ဆင်းရဲဝေ့ဝှေ့ခြင်း ပင်ပန်းခြင်း ဘေးဒုက္ခ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (၀ါ) ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ အတ္တာနံ မိမိကိုယ်ကို ပရိဟရန္တု သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ ဆင်းရဲအပေါင်းမှ (၀ါ) သံသရာ တည်းဟူသော ဝဋ္ဋဆင်းရဲအပေါင်းမှ မုစ္စန္တု ကင်းလွတ်ချမ်းသာကြပါစေကုန်သတည်း။

(၄) သဗ္ဗေ စကြဝဠာမြေပြင် ကောင်းကင်မကြွင်း ခပင်းဉသုံ အလုံးစုံ၌ တည်နေကြကုန်သော ပုဂ္ဂလာ ဆင်းရဲစုပုံ ငရဲဘုံသို့ ကဲ့ကုန်ပစ်ချ သက်လျောက်ကျသော ဒုက္ခဘုံသား ပုဂ္ဂိုလ်ဟူသမျှအပေါင်းတို့သည် အဝေရာ ကိုယ်တွင်း ကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြ ကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း၊ မရှိကြ ကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ဘေးဒုက္ခ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (ဝါ) ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ အတ္တာနံ မိမိ ကိုယ်ကို ပရိဟရန္တု သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကုန် သတည်း။ ဒုက္ခာ ဆင်းရဲအပေါင်းမှ (ဝါ) သံသရာ တည်း ဟူသော ဝဋ်ဆင်းရဲအပေါင်းမှ မုစ္စန္တု ကင်းလွတ်ချမ်းသာကြ ပါစေကုန်သတည်း။

(၅) သဗ္ဗေ စကြဝဠာမြေပြင် ကောင်းကင်မကြွင်း ခပင်းဉသုံ အလုံးစုံ၌ တည်နေကြကုန်သော အတ္တဘာဝပရိယာပန္နာ ခန္ဓာဟူသော အတ္တဘောတွင်း အကြွင်းဝဋ်လျက် သုံးခွင် ဘုံမှာ ဖြစ်ကြရာသည့် သတ္တဝါအပေါင်းတို့သည် အဝေရာ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း၊

မရိုကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အနိဿာ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ဘေးဒုက္ခ မရိုကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (၀ါ) ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ အတွေးနှံ့ မိမိကိုယ်ကို ပရိဟရန္တု သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ ဆင်းရဲအပေါင်းမှ (၀ါ) သံသရာ တည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ မုစ္စန္တု ကင်းလွတ်ချမ်းသာကြပါစေကုန်သတည်း။

(အနောဒိဿ ပုဂ္ဂိုလ် ၅ ယောက် ပြီး၏)

(ခ) ရည်ညွှန်းအပ်သော သြဒိဿပုဂ္ဂိုလ်ခုနစ်ယောက် မေတ္တာ ပွားပုံ

(၆) [illegible] သုံးဆယ့်တစ်ထပ် လောကဓာတ်အပြင် ဘုံတခွင်၌ တည်နေကြကုန်သော ဣတ္ထိယော လူမိန်းမ၊ နတ်မိန်းမ၊ တိရစ္ဆာန်မိန်းမ၊ ဘီလူးမိန်းမ၊ ဥစ္စာစောင့်မိန်းမအပေါင်းတို့သည် အဝေရာ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း၊ မရိုကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အနိဿာ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ဘေးဒုက္ခမရိုကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (၀ါ) ကိုယ်စိတ်နှစ်ဖြာ

ချမ်းချမ်းသာသာ အတ္တာနံ မိမိကိုယ်ကို ပရိဟာရ၍ သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ (၀၊) သံသရာ တည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ မုစ္စန္တု ကင်းလွတ် ချမ်းသာကြပါစေကုန်သတည်း။

(၇) သဗ္ဗေ သုံးဆယ့်တစ်ထပ် လောကဓာတ်အပြင် ဘုံတစ်ခွင်၌ တည်နေကြကုန်သော ပုရိသာ လူယောကျ်ား၊ နတ်ယောကျ်ား၊ တိရစ္ဆာန် ယောကျ်ား၊ ဘီလူးယောကျ်ား၊ ဥစ္စာစောင့် ယောကျ်ားအပေါင်းတို့သည် အဝေရာ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း၊ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ဘေးဒုက္ခမရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (၀၊) ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ အတ္တာနံ မိမိကိုယ်ကို ပရိဟာရ၍ သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ (၀၊) သံသရာတည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ မုစ္စန္တု ကင်းလွတ်ချမ်းသာကြပါစေကုန်သတည်း။

(၈) သဗ္ဗေ သုံးဆယ့်တစ်ထပ် လောကဓာတ်အပြင် ဘုံတစ်ခွင်၌ တည်နေကြကုန်သော အရိယာ မဂ္ဂဋ္ဌာန် လေးယောက်၊

ဖလဌာန်လေးယောက်ဟု ဆိုအပ်ကုန်သော ရှစ်ယောက်သော အရိယာ ပုဂ္ဂိုလ်အပေါင်းတို့သည် အဝေရ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း၊ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းဘေးဒုက္ခ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (၀ါ) ကိုယ်စိတ်နှစ်ဖြာ် ချမ်းချမ်းသာသာ အတ္တာနံ မိမိကိုယ်ကို ပရိဟရန္တု သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ ဆင်းရဲအပေါင်းမှ (၀ါ) သံသရာတည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ မုစ္စန္တု ကင်းလွတ်ချမ်းသာကြပါစေကုန်သတည်း။

(၉) သဗ္ဗေ သုံးဆယ့်တစ်ထပ် လောကဓာတ်အပြင် ဘုံတစ်ခွင်၌ တည်နေကြကုန်သော အနရိယာ အရိယာမဟုတ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်အပေါင်းတို့သည် အဝေရာ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ဘေးဒုက္ခမရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (၀ါ) ကိုယ်စိတ်

နှစ်ဖြာ ချမ်းချမ်းသာသာ အတ္တာနံ မိမိကိုယ်ကို ပရိဟာရ၏ သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ (၀၊) သံသရာတည်းဟူသော ဝဋ္ဋဆင်းရဲ အပေါင်းမှ မုစ္စန္တု ကင်းလွတ် ချမ်းသာကြပါစေကုန်သတည်း။

(၁၀) သဗ္ဗေ သုံးဆယ့်တစ်ထပ် လောကဓာတ်အပြင် ဘုံတစ်ခွင်၌ တည်နေကြကုန်သော ဒေ၀ါနတ်အပေါင်းတို့သည် အ၀ေရ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အဗျာ ပဇ္ဇာ စိုးရိမ်နှောင့်ရှိကြောင့်ကြခြင်း၊ တောင့်တခြင်း၊ မရှိကြ ကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ဘေးဒုက္ခမရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (၀၊) ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ အတ္တာနံ မိမိကိုယ် ကို ပရိဟာရ၏ သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကုန် သတည်း။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ (၀၊) သံသရာတည်း ဟူသော ဝဋ္ဋဆင်းရဲအပေါင်းမှ မုစ္စန္တု ကင်းလွတ်ချမ်းသာကြ ပါစေကုန်သတည်း။

(၁၁) သဗ္ဗေ သုံးဆယ့်တစ်ထပ် လောကဓာတ်တစ်ခွင် ဘုံအပြင်၌ တည်နေကြကုန်သော မနုဿာ ရဟန်းရှင်လူ ခုနစ်ရက် သား၊ ခုနစ်ရက်သမီး အပေါင်းတို့သည် အ၀ေရ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း

ကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အဗျာ ပဋ္ဌာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း၊ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အနိဿာ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ဘေးဒုက္ခ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (၀ါ) ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ အတွာန် မိမိကိုယ်ကို ပရိဟရန္တု သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ ဆင်းရဲအပေါင်းမှ (၀ါ) သံသရာ တည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ မုစ္စန္တု ကင်းလွတ်ချမ်းသာကြပါစေကုန်သတည်း။

(၁၂) သဗ္ဗေ သုံးဆယ့်တစ်ထပ် လောကဓာတ်တစ်ခွင် ဘုံအပြင်၌ တည်နေကြကုန်သော ဝိနိပါတိကာ၊ ဝိနိပါတိက အသူရာ နတ်မင်းကြီးနှင့်တကွ အသူရာနတ်သား၊ နတ်သမီးအပေါင်း တို့သည် အဝေရာ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန် ခပ်သိမ်း ကင်းငြိမ်းကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဋ္ဌာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အနိဿာ ဆင်းရဲငြိုငြင်ပင်ပန်းခြင်း ဘေးဒုက္ခ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (၀ါ) ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ အတွာန် မိမိကိုယ်ကို ပရိဟရန္တု သယ်ပိုးရွက်ဆောင်နိုင်ကြ ပါစေကုန်သတည်း။ ဒုက္ခာ ဆင်းရဲအပေါင်းမှ (၀ါ)

သံသရာ တည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ မိုစွန့်
ကင်းလွတ် ချမ်းသာကြပါစေကုန်သတည်း။

(ဩဒီဿပုဂ္ဂိုလ်ခုနစ်ယောက် မေတ္တာပို့ ပြီး၏)

(ဂ) (မေတ္တာပို့ အချုပ်) ရှေးမူဟောင်းအနှစ်တစ်ရာကျော်မှ

(၁) ဥဒ္ဒံ အထက်ဌယာဝ ဘဝဂ္ဂါစ ဘဝဂ်ဟု ဆိုအပ်သော
နေဝသညာ နာသညာယတနဘုံတိုင်အောင်လည်းကောင်း၊
အဓောအောက်ဌ ယာဝ အဝီစိတောစ အဝီစိငရဲကြီးတိုင်
အောင်လည်းကောင်း၊ သမန္တာ ထက်ဝန်းကျင်သောအရပ်မှ
စတ္တာဝါဌေသု စကြဝဠာအနန္တတို့ဌ ဝသန္တာ တည်နေကြ
ကုန်သော ပထဝီစရာမြေဌ ကျင်လည်ကျက်စားကြကုန်
သော ယေသတ္တာ အကြင်သတ္တဝါတို့သည် သန္တီ ရှိကြ
ကုန်၏။ တေသတ္တာ ထိုသတ္တဝါတို့သည် အဗျာပဇ္ဇာစ
စိုးရိမ်နှောင့်ရှိ ကြောင့်ကြခြင်း၊ တောင့်တခြင်း မရှိကြ
ကုန်သည်လည်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း၊
နိဝေရာစ ဘေးရန်ခပ်သိမ်း ကင်းဝေးကြကုန်သည်လည်း
ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ နိဒုက္ခာစ ဆင်းရဲဝေဒနာ
ပင်ပန်းခြင်းဘေးဒုက္ခ မရှိကြကုန်သည်လည်း ဟောန္တု
ဖြစ်ကြပါစေကုန်သတည်း။ နုပ္ပဒ္ဒဝါစ နှစ်ဆယ့်ငါးပါးသော
ဘေး၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ မရှိကြကုန်
သည်လည်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။

(၂) ဥဒ္ဒံ အထက်၌ ယာဝဘဝဂ္ဂါစ ဘဝဂ်ဟု ဆိုအပ်သော နေဝသညာ နာသညာ ယတနဘုံတိုင်အောင်လည်းကောင်း၊ အဓော အောက်၌ ယာဝအဝီစိတောစ အဝီစိငရဲကြီးတိုင် အောင်လည်းကောင်း၊ သမန္တာ ထက်ဝန်းကျင်သောအရပ်မှ စက္ကဝါဠေသု စကြဝဠာအနန္တတို့၌ ဝသန္တာ တည်နေကြကုန်သော ဥဒကေစရာ ရေ၌ ကျက်စားကြကုန်သော ယေသတ္တာ အကြင်သတ္တဝါတို့သည် သန္တိ ရှိကြကုန်၏။ တေသတ္တာ ထိုသတ္တဝါတို့သည် အဗျာပဇ္ဇာစ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း မရှိကြကုန်သည်လည်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း၊ နိဝေရာစ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြကုန်သည်လည်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ နိဒုက္ခါစ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ဘေးဒုက္ခ မရှိကြကုန်သည်လည်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ နုပ္ပဒ္ဒဝါစ နှစ်ဆယ့်ငါးပါးသောဘေး၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ မရှိကြကုန်သည်လည်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။

(၃) ဥဒ္ဒံ အထက်၌ ယာဝဘဝဂ္ဂါစဘဝဂ်ဟု ဆိုအပ်သော နေဝသညာ နာသညာ ယတနဘုံတိုင်အောင်လည်းကောင်း၊ အဓော အောက်၌ ယာဝအဝီစိတောစ အဝီစိငရဲကြီးတိုင် အောင်လည်းကောင်း၊ သမန္တာ ထက်ဝန်းကျင်သော အရပ်မှ စက္ကဝါဠေသု စကြဝဠာ အနန္တတို့၌ ဝသန္တာ တည်နေကြကုန်သော အာကာသေစရာ ကောင်းကင်၌ ကျင်လည်

ကျက်စားကြပေကုန်သော ယေသတ္တာ အကြင်သတ္တဝါတို့သည် သန္တိ ရှိကြပေကုန်၏။ တေသတ္တာ ထိုသတ္တဝါတို့သည် အဗျာပဇ္ဇာစ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း မရှိကြကုန်သည်လည်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ နိဝေရာစ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြကုန်သည်လည်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ နိဒုက္ခါစ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းဘေးဒုက္ခ မရှိကြကုန်သည်လည်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ နုပ္ပဒ္ဒဝါစ နှစ်ဆယ့်ငါးပါးသောဘေး၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ မရှိကြကုန်သည်လည်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။

(၄) ယံကုသလံ အကြင်သရဏာဂုံ ပဋ္ဌသီလခံယူ ဆောက်တည်ခြင်း၊ ရတနာမြတ်သုံးပါးအပေါင်းတို့အား ညွှတ်တွားရိုကျိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ခြင်း၊ ပရိတ်၊ မေတ္တာ၊ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းရွတ်ဖတ်သရဇ္ဈာယ်ခြင်း အစရှိသော ကုသိုလ်အဖို့သို့ ပတ္တံဂတံ ရောက်အပ်လတ်ပြီး တဿကုသလဿ ထိုကုသိုလ်၏ အာနုဘာဝေန တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် သဗ္ဗေ အလုံးစုံသော ပါဏိနော သတ္တဝါအပေါင်းတို့သည် သဒ္ဓမ္မရာဇသ သူတော်ကောင်းတို့တရားကြောင့် မင်းဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏ သုခါဝဟံ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကိုဆောင်ပေတတ်သော ဓမ္မံ နိဗ္ဗာန်

ရောက်ကြောင်း ကောင်းမြတ်သောတရားကို တွာ ထင်ထင်မြင်မြင် မှန်ကန်စွာသိ၍ ဝိသုဒ္ဓါယ ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်စေခြင်းငှာ သုခါယ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြစေခြင်းငှာ ပဋိပတ္တိယာ မိမိကိုယ်ကို ကောင်းစွာကျင့်ကြသဖြင့် အသောက် စိုးရိမ်ခြင်း မရှိထသော အနုပါယာသံ သက်ကြီးရှိုက်ငင် ပြင်းစွာပင်ပန်းခြင်း မရှိထသော ဥတ္တမ် အလွန်တရာ မြတ်စွာထသော နိဗ္ဗာနသုခံ နိဗ္ဗာန်တည်းဟူသော ချမ်းသာရာသို့ ပါပုဏ္ဏ လျင်စွာထုတ်ခြောက် ရောက်ကြပါစေကုန်သတည်း။

(၅) သဒ္ဓမ္မော သူတော်ကောင်းတရားသည် စိရံ စိရကာလ ရှည်မြင့်စွာသော ကာလပတ်လုံး တိဋ္ဌတု တည်ပါစေသတည်း။ သဗ္ဗေပိပါဏိနော အလုံးစုံသော သတ္တဝါ အပေါင်းတို့သည်လည်း သဒါ အခါခပ်သိမ်း ဓမ္မေ သူတော်ကောင်းတရားတော်၌ သဂါရဝါ ရိုသေလေးမြတ်ခြင်း ရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ ကာလေန ရွာသင့်ရွာထိုက်သော စိုက်ပျိုးချိန်ကျ မိုးကာလ၌ သမ္မာ ကောင်းစွာ (ဝါ) ငါးရက်၊ ဆယ်ရက်၊ လခွဲထက် မလွန်စေဘဲ ဒေဝေါ ဝလာဟက နာမတ္တွင်ခြင်း၊ မိုဃ်းနှတ်မင်းသည် ပဝဿတု မိုးရည်သီးထန် ပြင်းပြစွာ ရွာပါစေသတည်း။

(၆) ပေါရာဏာ မဟာသမ္မတ အစမပျက် ရှေးအစဉ်အဆက် ဖြစ်ကုန်သော သုရာဇာနော မင်းကောင်းမင်းမြတ်တို့သည်

ပဇ ဟိုင်းနိုင်ငံသူ လူ၊ ရှင်၊ ရဟန်းအပေါင်းကို ရုက္ခ သုယထာ ရာဇမေမ္ဘဖြင့် နိစ္စ စောင့်ရှောက်ဘိသကဲ့သို့ တထေဝ ထိုရှေးမင်းတို့လား ပုံမခြားသာလျှင် ရာဇာဝိ မြေရေပိုင်သ ဘဝသနင်း ပြည့်ရှင်မင်းသည်လည်း ဣမံပဇ ဤတိုင်းနိုင်ငံသူ လူ၊ ရှင်၊ ရဟန်းအပေါင်းကို အတ္တနော၊ မိမိ၏ ပဇဝ ရင်ခွဲမွေးဖွားမြတ်သော သားကဲ့သို့ ဓမ္မေန မင်းတို့ကျင့်ရာ ဆယ်ဖြာဓမ္မ မြတ်ပုညနှင့် သမေန ညီညွတ်သဖြင့် ရက္ခတု ကောင်းစွာမသွေ စောင့်ရှောက်တော်မူပါ စေသတည်း။

(ဃ) အမျှဝေ ဆုတောင်းခန်း
(ရှေးမူဟောင်း အနှစ်တစ်ရာကျော်မှ)

သဗ္ဗေ သုံးဆယ့်တစ်ထပ် လောကဓာတ်အပြင် ဘုံတစ်ခွင် ၌ တည်နေကြကုန်သော ဒေဝတာဒယော ကိုယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အိမ်စောင့်နတ်၊ အာရာမ်စောင့်နတ်၊ ရွာစောင့်နတ်၊ နယ်စောင့်နတ်၊ ပယ်စောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်၊ ကမ္ဘာစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ စတုလောကပါလနတ်၊ နေနတ်သား၊ လနတ်သား၊ မိုးနတ်သား၊ လေနတ်သား၊ သိကြားမင်း၊ ဓတရဋ္ဌ၊ ဝိရူဠက၊ ဝိရူပက္ခ၊ ကုဝေရ၊ မာတလိ၊ ဝိသကြ္ခ၊ မဏိမေခလာ၊ အလောင်းတော်နတ်မင်းကြီး နှင့်တကွ သူတော်ကောင်း သူမြတ်လောင်း အပေါင်းတို့သည်

လည်းကောင်း၊ သင္ဃဏော်ဂီ တပသီ၊ ဝိဇ္ဇာဝိုရ်၊ မုနိ မနောမယ သိဒ္ဓိပုဂ္ဂလာ ပေါက္ကဲ့ရှင်ကြီး ရှင်မထီး၊ ရှင်အဇ္ဇဂေါဏ၊ ဓမ္မစေတီမင်းခေါင် ဦးအောင်ရသေ့၊ ဆံရှည်ဆရာတော် ဦးဓမ္မစာရီ၊ ဦးဝါသဝ၊ ဦးအာသဘ၊ ဦးသြဘာသ၊ ဦးဥဂ္ဂံသ၊ ဦးအာဒိစ္စ အစရှိကုန်သော လူဝိဇ္ဇာဝိုရ်၊ နတ်ဝိဇ္ဇာဝိုရ်၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓာရီဝိဇ္ဇာ၊ မဟိဒ္ဓိဝိဇ္ဇာ၊ လောကိယဝိဇ္ဇာ၊ လောကုတ္တရာ ဝိဇ္ဇာ၊ အရိယာဝိဇ္ဇာ၊ မနောမယသိဒ္ဓိ ပေါက်ဝိဇ္ဇာဝိုရ် အမျိုးမျိုး တို့သည်လည်းကောင်း ...

မေမမ အကျွန်ုပ်၏ ပုည် အနုမတဂ္ဂ သံသရာမှစ၍ ယခုယနေ့တိုင်အောင် ပေးလှူသော ဒါန၊ ဆောက်တည်သော သီလ၊ ပွားများအပ်သော ဘာဝနာ၊ ပို့သွင်းအပ်သော မေတ္တာ အဟုန်၊ ပြုပြုသမျှသော ကောင်းမှုအလုံးစုံတို့၏ အဖို့ကို ဂဏ္ဍ ခံယူတော်မူကြပါကုန်လော။ အနုမောဒန္တု ဝမ်းမြောက်တော်မူကြ ပါကုန်လော့။ အဝေရာ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း၊ မရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ ဆင်းရဲငြိုငြင်ပင်ပန်းခြင်း ဘေးဒုက္ခမရှိကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ သုခီ ချမ်းသာစွာ (ဝါ) ကိုယ်စိတ် နှစ်ဖြာ ချမ်းချမ်းသာသာ အတွေးနှံ မိမိကိုယ်ကို ပရိဟရန္တု သယ်ပိုးရွက်ဆောင်နိုင်ကြပါစေ ကုန်သတည်း။ ဒုက္ခာ ဆင်းရဲအပေါင်းမှ (ဝါ) သံသရာ တည်းဟူ

သော ဝဋ္ဌဆင်းရဲအပေါင်းမှ မုစ္စန္တု ကင်းလွတ်ချမ်းသာကြပါစေ ကုန်သတည်း။ ဝဏ္ဏဝန္တော တစ်နေ့တခြား ထွန်းလင်းတောက်ပသော အရောင်အဆင်းနှင့် ပြည့်စုံကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ ဗလဝန္တော တစ်နေ့တခြား ကြီးမားသန်စွမ်းသော ကာယဗလ၊ ဉာဏဗလနှင့် ပြည့်စုံကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။

သိရိမန္တော တစ်နေ့တခြား ကြီးမား မြင့်မြတ်သော ဘုန်းကျက်သရေအပေါင်းနှင့် ပြည့်စုံကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ ဣဒ္ဓိမန္တော တစ်နေ့တခြား ကြီးပွားတိုးတက်သော ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ ယသဿိနော တစ်နေ့တခြား တိုးပွားမြောက်မြားသော ခြွေရံသင်းပင်း ကျော်စောခြင်းနှင့် ပြည့်စုံကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ ကာမကာမိနော ကောင်းမြတ်ဖြူစင်သော လိုအင်ဆန္ဒဟူသမျှတို့နှင့် လုံးဝပြည့်စုံကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း၊ မေမမ အကျွန်ုပ်၏ မာတုဋ္ဌာနိယာ အမိအရာ၌ တည်ကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ မေမမ အကျွန်ုပ်၏ ပိတုဋ္ဌာနိယာ အဖအရာ၌ တည်ကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ မေမမ အကျွန်ုပ်၏ ဘာတုဋ္ဌာနိယာ အစ်ကို၊ အစ်မ၊ ညီ၊ နှမအရာ၌ တည်ကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ မေမမ အကျွန်ုပ်၏ ညာတိဋ္ဌာနိယာ ဆွေရင်းမျိုးရင်းအရာ၌ တည်ကြကုန်သည် ဟောန္တု ဖြစ်ကြပါစေကုန်

သတည်း။ မေမမ အကျွန်ပ်၏ မိတ္တာဌာနိယာ မိတ်ကောင်း ဆွေကောင်းအရာ၌ တည်ကြကုန်သည် ဟောလ္ဝ ဖြစ်ကြပါစေ ကုန်သတည်း။

မာတာ အမိသည် ဧကပုတ္တံ တစ်ယောက်တည်းသော သားငယ်ကို ရက္ခတိဂ္ဂုဝ စောင့်ရှောက်ဘိသကဲ့သို့ တုမ္မေ ကိုယ်စောင့်နတ်၊ ပယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အိမ်စောင့်နတ်၊ အာရာမ်စောင့်နတ်၊ ရွာစောင့်နတ်၊ နယ်စောင့်နတ်၊ ပယ်စောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်၊ ကမ္ဘာစောင့်နတ်၊ သာသနာစောင့်နတ်၊ စတုလောကပါလနတ်၊ နေနတ်သား၊ လနတ်သား၊ မိုးနတ်သား၊ လေနတ်သား၊ သိကြောမင်း၊ ဓတရဋ္ဌ ဝိရူဠ္ဃ ဝိရူပက္ခ ကုဝေရ မာတလိ ဝိသကြံ့ မဏိမေခလာ အလောင်းတော်နတ်မင်းကြီးမှစ၍ သူတော်ကောင်း သူမြတ်လောင်းနှင့်တကွ သဗ္ဗဓော်ဂျီ တပသီ၊ ဝိဿာမိုရ်၊ မုနိ မနောမယ သိဒ္ဓိပုဂ္ဂလာ ပေါက္ကံ့ရှင်ကြီး ရှင်မထီး၊ ရှင်အဋ္ဌဂေါဏ၊ ဓမ္မစေတီ မင်းဂေါင် ဦးအောင်ရသေ့၊ ဆံရှည်ဆရာတော် ဦးဓမ္မာရိ၊ ဦးဝါသဝ၊ ဦးအာသဘ၊ ဦးသြဘာသ၊ ဦးဥဂ္ဂံသ၊ ဦးအာဒိစ္စ အစရှိကုန်သော လူဝိဿာမိုရ်၊ နတ်ဝိဿာမိုရ် အစရှိကုန်သော အလုံးစုံသော ဝိဿာ ဓော်ဂျီ၊ တပသီ ပုဂ္ဂိုလ်များ၊ လောကိယဝိဿာ၊ လောကုတ္တရာဝိဿာ၊ အရိယာဝိဿာ၊ မနောမယ သိဒ္ဓိပေါက် ဝိဿာမိုရ် အမျိုးမျိုးတို့သည် မံ အကျွန်ပ်ကို ဒိနေ ဒိနေ နေ့တိုင်း နေ့တိုင်း မေတ္တာ စိတ္တေ နှ မေတ္တာစိတ်ဖြင့် သြလောကေန္တု ကြည့်ရှု

စောင့်ရှောက်ကြပါစေကုန်သတည်း။ မေမမ အကျွန်ုပ်၏ သမ္ဘာသက်ပွဲ ကောင်းမြတ်ဖြူစင် အလွန်လျှင် မွန်မြတ်သော သမထ ဝိပဿနာ တရားလုပ်ငန်းနှင့်တကွ အကြံအစည် လိုအင် ဆန္ဒ ဟူသမျှတို့ကို ဝဒ္ဓိပတ္တဲ့ ကြီးပွား ချမ်းသာခြင်းသို့ရောက်လေ အောင် ကတ္တာ မရှောင်ကြဉ်၍ စောင်မ ကြည့်ရှုခြင်း ပြုလုပ်ကြ ကုန်လျက် အနုရက္ခန္တ အစဉ်သဖြင့် ခရီးမဖင့်ရလေအောင် ချီးမြှင့်စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

(c) ပတ္တိဒါန အမျှပေးဝေရန်

အကျွန်ုပ်သည် အနုမတဂ္ဂ သံသရာမှစ၍ ယခုယနေ့ တိုင်အောင် ပေးလှူအပ်သော ဒါန၊ ဆောက်တည်အပ်သော သီလ၊ ပွားများအပ်သော ဘာဝနာ၊ ပို့သွင်းအပ်သော မေတ္တာ အဟုန်၊ ပြုလုပ်သမျှသော ကုသိုလ်ကောင်းမှု အလုံးစုံတို့ကို ကျေးဇူးမြင်းမိုရ် နှိုင်းဆိုမက အလွန်တရာ ကြီးမြတ်လှပေကုန် သော မိခင်၊ ဖခင်၊ ဆရာအရှင်အပေါင်းတို့အား အမျှပေးဝေပါ ကုန်၏။ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်မှ စ၍ အထက်ဘဝဂ်၊ အောက်အဝီစိ ဖီလာထုတ်ချင်း အကြွင်းအကျန် မရှိသောအားဖြင့် နှစ်သိန်းလေးသောင်း အထုရှိသော ဝသုန္ဓရေ မြေစောင့်နတ်မင်း ကြီးနှင့်တကွ အနန္တ စကြဝဠာအတွင်း၌ ရှိရှိသမျှသော လူ အပေါင်း၊ နတ်အပေါင်း၊ ဗြဟ္မာအပေါင်း၊ ဝိဇ္ဇာမိုရ်ဆရာကြီး အပေါင်း၊ သတ္တဝါဝေနေယျ အပေါင်းတို့အား အမျှ အမျှ ပေးဝေပါကုန်၏။ သုံးဆယ့်တစ်ဘုံ အလုံးစုံ၌ တည်နေကြပေ

ကုန် သော ဝေနေယျ သုခိတာ၊ ဒုက္ခိတာ သတ္တဝါ အပေါင်းတို့အား အမျှ အမျှ ပေးဝေပါကုန်၏။ အကျွန်ုပ်ပြုလုပ်သမျှသော ကုသိုလ်ကောင်းမှုအဖို့တို့ကို အမျှရကြ၍ သံသရာတည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်ချမ်းသာကြသည် ဖြစ်ကြပါစေ ကုန်သတည်း။ အကျွန်ုပ်အားလည်း တစ်နေ့တခြား ကိုယ်စိတ် နှစ်ဖြာ ချမ်းသာစွာဖြင့် ကောင်းသောတရား၊ ကြီးစား အားထုတ် နိုင်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ သုံးဆယ့် တစ်ခွင် ဘုံအပြင်၌ တည်နေကြကုန်သော သူတော်ကောင်း၊ သူမြတ်လောင်း အပေါင်းတို့က ပေးလှူအပ်သော ဒါန၊ ဆောက်တည်အပ်သော သီလ၊ ပွားများအပ်သော ဘာဝနာ၊ ပို့သွင်းအပ်သော မေတ္တာအစု ကောင်းမှုအဟုန် အလုံးစုံတို့ကို လည်း အကျွန်ုပ်ကိုယ်တိုင်ကိုယ်ကျ ပြုအပ်ဘိသကဲ့သို့ နှစ်သက် ရွှင်လန်း ဝမ်းမြောက်ခြင်းနှင့်တကွ သာဓု အနုမောဒနာ ခေါ်ယူပါ ကုန်၏။ သာဓု သာဓု သာဓု။

(အမိ၊ အဘ၊ ဆရာသမား၊ အမိဟောင်း၊ အဘဟောင်းများ ကိုလည်း ၄င်းအတိုင်း မိမိပြုလုပ်သမျှသော ကုသိုလ်ကောင်းမှု တို့ကို အမျှပေးဝေပါလေ)

ဤမေတ္တာပို့ အမျှဝေ စာသားများသည် ရှေးနှစ်ပေါင်း တစ်ရာကျော် နှစ်ရာခန့်က ထွက်ပေါ်လာခဲ့သော ရှေးရှေးသော မနောမယသိဒ္ဓိကျမ်းလာ စာသားများ အမျှပေးဝေပုံများ မေတ္တာပို့သပုံများသာဖြစ်ကြောင်းကို အထူးသိရှိထားတတ်ကြ ပါလေ။

(၈) ဤကျမ်းစာ၏ အနှစ်ချုပ် ရှင်းလင်းချက် အဓိပ္ပာယ်များ

ဤသူတော်ကောင်း အကျင့်လမ်းများကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော သူတော်စင်၊ သူတော်ကောင်းအပေါင်းတို့သည် ကျင့်စဉ်လမ်း အားထုတ်ပုံ၊ အကျင့်လမ်း၏ အနှစ်သာရ အချုပ်ကို တိုတိုနှင့်လိုရင်းရောက်အောင် အကျဉ်းချုပ်ပြဆိုပါဦးအုံ။

ပညာလိုလား အမျိုးကောင်းသားတို့သည် အထူးလေ့လာမှတ်သား၍ သဘောပေါက်အောင် ရှင်းလင်းစွာ သိမြင်ကြစေရန် အထူးကြိုးစား မှတ်သားကြပါ၊ကုန်လော့။

(၁) သရဏာဂုံ ၃ ပါးနှင့် ၅ ပါးသော သီလတော်မြတ်များကို နံနက်၊ နေ့၊ ည ခံယူ ဆောက်တည်ပါ။ မိမိခံယူဆောက်တည်ထားသည့်အတိုင်း လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ပါ။ ထိုသရဏာဂုံ ၃ ပါးနှင့် ၅ ပါးသော သီလတော်မြတ်တို့ကို ရိုသေပါ။ လေးစားပါ၊ အားကိုးပါ၊ ယုံကြည်ပါ။ အထူးသဖြင့် အလေးဂရုပြု၍ ထိန်းသိမ်းစောင့်ရှောက်ရပါမည်။

(၂) ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘတို့အား ထိုက်သင့်သလို တတ်စွမ်းသရွေ့ လျှုဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်ပါ။ လျှုဒါန်းပါ။ ပူဇော်ကန်တော့ပါ (အထူးမမေ့အပ်ပေ)။

(၃) မိမိရွတ်ဖတ် သရဇ္ဈာယ်မည့် ပရိတ်တော်၊ ဂါထာတော်၊ သုတ်တော်များ၏ အကြိမ်ရေ၊ အခေါက်ရေများနှင့်, မိမိ

ပုတီးစိပ်မည့် ပုတီးပတ်ရေ၊ ပုတီးအခေါက်ရေ၊ ပုတီးလုံးရေ များကို ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ ရှေတော် မှောက်၌ မှန်မှန်ကန်ကန် သင့်တင့်လျောက်ပတ်စွာ သစ္စာ အဓိဋ္ဌာန်ပြုပါ (၀၊) သစ္စာအဓိဋ္ဌာန် ဆောက်တည်ပါ။

(၄) မိမိသည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး နတ်တို့ထံတွင် သစ္စာအဓိဋ္ဌာန်ပြု၍ သစ္စာအဓိဋ္ဌာန် ဆောက်တည်ထားသည့်အတိုင်း မှန်မှန်ကန်ကန် ရွတ်ဖတ် သရဇ္ဈာယ်ပေးပါ။ အမှန်ကန်ဆုံးဖြစ်အောင် ပုတီးစိပ် ပွားများ၊ သရဇ္ဈာယ်ပေးရပါမည်။

(၅) မိမိသည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး နတ်တို့ထံတွင် သစ္စာအဓိဋ္ဌာန်ပြု၍ သစ္စာအဓိဋ္ဌာန် ဆောက်တည်ထားသည့်အတိုင်း မှန်မှန်ကန်ကန် ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ် ရွတ်ဖတ်ခြင်းကိစ္စများ ပြီးစီးအောင် ကျင့်ဆောင် သရဇ္ဈာယ်ပြီးနောက် ထိုဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး နတ်တို့ထံတော်တွင်ပင် မိမိသစ္စာ အဓိဋ္ဌာန်ပြု ဆောက်တည် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော အကျင့်တရားများ၊ အကျင့်တရားများ၏ ကုသိုလ်ကောင်းမှု များ၊ အကျင့်တရားများ၏ တန်ခိုးတေဇော် အာနုဘော်များ တို့ကို သစ္စာ ၃ ချက်တို့ဖြင့် မိမိ၏ခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့၌ စွဲမြဲစွာ တည်တံ့ခိုင်မြဲ ကိန်းဝပ် စံပယ်နေအောင် ထိန်းသိမ်းပါ၊ ထိန်းချုပ်ပါ၊ စုဆောင်းသိမ်းဆည်းပါ။

(၆) ထိုသို့ မိမိကျင့်ကြံပွားများအားထုတ်ခဲ့သော သရဏဂုံများ၊ ဂုဏ်တော်များ၊ ပရိတ်တော်များ၊ သူတော်ကောင်း အကျင့်တရားများအား မိမိ၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့တွင် မယှောက်ယှက်ဘဲ ထာဝရ တည်တံ့ခိုင်မြဲ ကိန်းဝပ် စံပယ်နိုင်အောင် (သစ္စာ ၃ ချက်) ဖြင့် သိမ်းဆည်းစုဆောင်း ထိန်းသိမ်းပြီးနောက် မိမိ ကျင့်ကြံပွားများ အားထုတ် သရဇ္ဈာယ်လာခဲ့သော သရဏဂုံအကျင့်များ၊ ဂုဏ်တော်အကျင့်များ၊ ပရိတ်တော်အကျင့်များအား ဤသစ္စာသုံးချက်ဖြင့် သစ္စာပြု၍ မိမိဆန္ဒရှိရာ အလို ရှိရာတို့ကို ၅ ခါဆို၍ ဆုတောင်းရပါမည်။

(၇) ထိုသို့ မိမိကျင့်ကြံပွားများ အားထုတ်လာခဲ့သော သူတော်ကောင်း အကျင့်များ၏ အဖို့ဘာဂကိုလည်းကောင်း၊ သရဏဂုံအကျင့်များ၊ ဂုဏ်တော်အကျင့်များ၊ ပရိတ်တော်အကျင့်များတို့၏ အဖို့ဘာဂများတို့ကိုလည်းကောင်း၊ မိမိပွားများ အားထုတ်ခဲ့ရသော ကုသိုလ်ကောင်းမှုများ၏အဖို့ဘာဂဟူသမျှတို့ကိုလည်းကောင်း၊ အလုံးစုံသော အမိအာများ၊ ဆရာသမားများ၊ နတ်ကောင်းနတ်မြတ်များ၊ ဝိဇ္ဇာကောင်း၊ ဝိဇ္ဇာမြတ်များ၊ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များအားလည်းကောင်း၊ ဘုံသုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော သတ္တဝါ ဝေနေယျအပေါင်းတို့အားလည်းကောင်း၊ ကုသိုလ်၏ အဖို့ဘာဂတို့ကို (အမျှ) ပေးဝေကြပါလေ၊ အမျှရကြရ၍လည်း (သာဓု) သုံးကြိမ်ခေါ်ဆိုနိုင်ကြပါစေ။

ဤအချက် ၇ ချက်နှင့် ညီညွတ်အောင်၊ ကိုက်ညီအောင် ကြိုးစားအားထုတ် ပွားများကြရမည်ဟု မှတ်သားကြပါလေ။ ဤယခုပြဆိုထားသော အချက် ၇ ချက်နှင့် ညီညွတ်အောင်၊ ကိုက်ညီအောင် ကျင့်ကြံပွားများအားထုတ်လာခဲ့သည်ရှိသော် စိတ်သွားတိုင်းကိုယ်ပါ လိုရာခရီးရောက်ကြပေလိမ့်မည်။ စိတ္တရစျာန်ရသော ပုဂ္ဂိုလ်ကဲ့သို့ ဖြစ်လာပေလိမ့်မည်။ မနောမယပတ္တမြား ရတနာ ရရှိထားသကဲ့သို့ ဖြစ်ပေလိမ့်မည်။ မနောမယသိဒ္ဓိ အောင်မြင်ပြီးစီးသကဲ့သို့ မိမိဘဝတွင် ထင်ပေါ်ခြင်း၊ ကျော်ကြားခြင်း၊ တောက်ပခြင်း၊ အောင်မြင်ခြင်း၊ ပြီးစီးခြင်း၊ တောင့်တသမျှ ပြည့်စုံရခြင်း၊ တက်သစ်စ နေလလှင်ကဲ့သို့ တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်း တင့်တင့်တယ်တယ် ရှိလိမ့်မည်မှာ မလွဲကောန် အမှန်ပင်တည်း။

၉။ သမ္မုဒ္ဓေဂါထာ အကျင့်လမ်းကိုပြခြင်း

သမ္မုဒ္ဓေ အဋ္ဌဝိသဋ္ဌ ဒ္ဝါဒသဋ္ဌ သဟဿကေ
ပဋ္ဌသတ သဟဿာနိ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံမမ္ပဋ္ဌ သံဃဋ္ဌ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန ဟိတ္ဝါသဗ္ဗေ ဥပဒ္ဒဝေ
အနေက အန္တရာယာပိ ဝိနသ္သန္တု ဒုသေ သတေ။

တစ်ထိုင်တည်းနှင့် ဣရိယာပုသ် တစ်ပါးတည်းဖြင့် ဂါထာတစ်ထောင်ပြည့်အောင် ရွတ်ဖတ် သရဇ္ဈာယ်နိုင်ပါက ဗုဒ္ဓတစ်ခွင် အာဂယောဂျား ငါတကားဟုပင် ကျော်ကြားထင်၏ ဟု ဆိုရလောက်အောင်ပင် တန်ခိုးကြီးမား၏၊ အာဏာကြီးမား၏။ သိဒ္ဓိကြီးမား၏။ ပညာကြီးမားရ၍ ထာဝရ အသက်ရှည်ခြင်း၊

အနာရောဂါကင်းဝေးခြင်း၊ ဘေးရန်မှန်သမျှ ကင်းဝေးခြင်း၊ အပူသောကမှန်သမျှ ကင်းဝေးခြင်း၊ ရန်သူမျိုးငါးပါး အန္တရာယ်များမှ ကင်းဝေးခြင်း၊ အပူသောက မှန်သမျှ ကင်းဝေးခြင်း၊ ရန်သူမျိုးငါးပါး အန္တရာယ်များမှ ထာဝရ ကင်းဝေး ပယ်ဖျောက်ပြီးဖြစ်ရတော့၏။

ထိုသို့ တစ်ထိုင်တည်းနှင့်၊ ဣရိယာပုသ် တစ်ပါးတည်းနှင့် သမ္မုဒ္ဓေဂါထာတော်ကို တစ်ထောင်ပြည့်အောင် မတတ်နိုင်ပါက တစ်ထောင်ကို တစ်ဝက် ဝက်၍ ဂါထာငါးရာစီကို သစ္စာအဓိဋ္ဌာန်ပြု၍လည်း ပွားများ အားထုတ် သရဇ္ဈာယ်သင့်သည်ဟု မှတ်ပါလေ။ (သို့မဟုတ်) နံနက်ပိုင်းကို သမ္မုဒ္ဓေဂါထာ ၅၀၀ စေ့အောင် အဓိဋ္ဌာန်ပြု ဆုတောင်း၍ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပြီးလျှင် နေ့ဆွမ်းစား၊ လူဖြစ်လျှင် မနက်စာ စားသောက်ပြီးမှ နေ့လယ်မှစ၍ ကျန်သော သမ္မုဒ္ဓေဂါထာ ၅၀၀ ကို သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်း၍ ရွတ်ဖတ်သရဇ္ဈာယ် ပွားများ အားထုတ်နိုင်ပါသည်။

မည်သည့်နည်းနှင့်မဆို တစ်ရက်အတွက် သမ္မုဒ္ဓေဂါထာ ပေါင်း ၁၀၀၀ စေ့အောင် ရွတ်ဖတ် သရဇ္ဈာယ်ကြရမည်ကို အထူးသတိပြုကြပါလေ။ ပုံမှန်ကျင့်ခါစ၊ အားထုတ်ခါစ အလေ့အကျင့် မရှိသေးပါက သမ္မုဒ္ဓေဂါထာတော်ကို တစ်ရက်အတွက် ၁၀၈ ခေါက် မှန်မှန် သစ္စာအဓိဋ္ဌာန်များပြု၍ နေ့စဉ် ရွတ်ပွား သရဇ္ဈာယ်ကြပါလေ။ ထိုသို့ ရက်ပေါင်း၊ လပေါင်းများစွာ ရရှိလာအောင် နေ့စဉ် ၁၀၈ ခေါက်နှုန်း ရွတ်ဖတ်သရဇ္ဈာယ်၍

အလေ့အကျင့် ရလာပြီ ဆိုပါမှ တဆင့်တက်၍ နံနက်ပိုင်း သမ္မုဒ္ဓေ ၅၀၀၊ နေ့လယ်ပိုင်း သမ္မုဒ္ဓေ ၅၀၀ ရရှိအောင် နှစ်ပုံခွဲ၍ ရွတ်ဖတ် သရဇ္ဈာယ် ပွားများ အားထုတ်ရာ၏။ ထိုသို့ နံနက်ပိုင်း ၅၀၀၊ နေ့လယ်ပိုင်း ၅၀၀ စေ့အောင် ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာ အားထုတ် သရဇ္ဈာယ်လာခဲ့၍ အလေ့အကျင့် ရလာပြီဆိုပါမှ တစ်ထိုင်တည်း နှင့် ဣရိယာပုတ် တစ်ပါးတည်းဖြင့် အပြီးနေ့စဉ် သမ္မုဒ္ဓေဂါထာ တော်ကို တစ်ထောင် (၁၀၀၀) ပြည့်အောင် ရွတ်ဖတ် သရဇ္ဈာယ် ပွားများရသည်ဟု မှတ်ပါလေ။ အားထုတ်ပုံ၊ အဓိဋ္ဌာန်ပြုပုံ၊ သစ္စာပြု ဆုတောင်းပုံများမှာ ယခင်ရှေ့ပိုင်းမှာ ပြဆိုခဲ့သည့် အတိုင်းပင် အတူတူပင် ဖြစ်ပါသည်။ သို့ပင်သို့ငြားလည်း ကျွမ်းကျင်မှုရှိအောင် လိမ္မာမှု ရှိလာအောင် အထပ်ထပ် မလပ်အောင် ပြဆိုနေခြင်း ဖြစ်ပါသည်။

(၁) ပထမဦးစွာ ဗုဒ္ဓဘုရား အမှူးထား၍ ရတနာသုံးပါး၊ ဆရာသမား၊ မိဘတို့အား တတ်စွမ်းသရွေ့ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်၊ ဖယောင်းတိုင်မီး၊ အမွှေးတိုင်မီး၊ မန်း၊ ရေချမ်းများဖြင့်ကပ်လှူပူဇော် ကန်တော့ရပါမည်။ ပြီးလျှင် ပရိကမ္မ ဆုတောင်းဖြစ်သော ပရိကမ်ပြုဆုတောင်းအတိုင်း ရွတ်ဆို၍ ပရိကမ်ပြုအပ်၏။

(၂) သစ္စာအဓိဋ္ဌာန်ပြုရမည်မှာ အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရား အမှူးထား၍ ဘုရားရတနာ၊ တရား

ရတနာ၊ သံဃာရတနာ စသော ရတနာမြတ်သုံးပါး နတ်တို့ ဘုရား၊ တပည့်တော်သည် သမ္မဒ္ဓေဂါထာတော်အား နေ့စဉ် ပုတီး ၁၀ ပတ် သို့မဟုတ် ဂါထာတစ်ထောင် ရွတ်ဖတ် သရဇ္ဈာယ်ခြင်း တည်းဟူသော အဓိဋ္ဌာန် အကျင့်ကို ရက်ပေါင်း ၅၄ ရက်တိုင်တိုင် အဓိဋ္ဌာန်ဝင်၍ ရွတ်ဖတ် သရဇ္ဈာယ် ပုတီးစိပ်ပါမည်ဟူ၍ သစ္စာအဓိဋ္ဌာန်ပြုပါ၏ ဘုရား။ ထိုသို့ ရက်ပေါင်း ၅၄ ရက်တိုင်တိုင် အဓိဋ္ဌာန် သစ္စာပြု၍ အဓိဋ္ဌာန်ဝင်ထားသည်နှင့်အညီ တပည့်တော် သည် ယနေ့ယခု အချိန်မှစ၍ သမ္မဒ္ဓေဂါထာတော်အား ဂါထာအစမှအဆုံးတိုင် ရွတ်ဆို၍ ဆုံးတိုင်း ပုတီးတစ်လုံးချ စိပ်၍ ပုတီး ၁၀ ပတ်ရအောင် (၀၊) သမ္မဒ္ဓေဂါထာတော် ပေါင်း တစ်ထောင်စေ့အောင် ရွတ်ဖတ် သရဇ္ဈာယ်၊ ပုတီး စိပ်ပါမည်ဟူ၍ သစ္စာအဓိဋ္ဌာန် ပြုပါ၏ဘုရား။ ဤသို့ သစ္စာအဓိဋ္ဌာန်ပြု၍ သရဇ္ဈာယ်နေစဉ်အတွင်း -

သမ္မဒ္ဓေဂါထာတော် တစ်ထောင်မပြည့်မချင်း ထိုင်ရာမှ မထပါဘုရား။

သမ္မဒ္ဓေဂါထာတော် တစ်ထောင်မပြည့်မချင်း နောက်သို့ လှည့်မကြည့်ပါဘုရား။

သမ္မဒ္ဓေဂါထာတော် တစ်ထောင်မပြည့်မချင်း မှက်၊ ခြင်၊ ယင်၊ ပုရွက်ဆိတ်များ၊ အဟိတ်တိရစ္ဆာန်များ ကိုက်ခဲပါ သော်လည်း မရိုက်၊ မပွတ်၊ မသတ်ပါဘုရား။

သမ္မုဒ္ဓေဂါထာတော် ရွတ်ဆို၍၊ သရဏာယ်၍ တစ်ထောင်မပြည့်မချင်း မည်သူတစ်ဦးတစ်ယောက်က အသံပြု၍ လှမ်းခေါ်သည်ဖြစ်စေ ပြန်လှန်၍ အသံပြု၍ မထူးပါဘုရား။ ဤမှန်ကန်သော သစ္စာအဓိဋ္ဌာန်များကို ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနတ်တို့၏ အထံတော်၊ ရှေတော်မှောက်၌ မှန်ကန်သော သစ္စာအဓိဋ္ဌာန်ကို ပြုအပ်ပါ၏ဘုရား၊ ဤကဲ့သို့ မှန်ကန်သော သစ္စာအဓိဋ္ဌာန်ကိုပြု၍ သမ္မုဒ္ဓေဂါထာတော်ကြီးအား တစ်ထိုင်တည်းဖြင့် ပုတီး ၁၀ ပတ်သို့မဟုတ် ဂါထာတော်တစ်ထောင် ပြည့်အောင် ရွတ်ဖတ်သရဏာယ်ပါမည်ဟု၍ သစ္စာအဓိဋ္ဌာန်ပြုအပ်ပါ၏ဘုရား။

(၃) ထို့နောက် အထက်ပါအတိုင်း သစ္စာအဓိဋ္ဌာန် ပြုပြီးနောက် သမ္မုဒ္ဓေဂါထာတော်အား မနှေးလွန်း၊ မမြန်လွန်း၊ အနေတော် ပြုထားသော သစ္စာအဓိဋ္ဌာန်များ မကျိုးမပေါက်စေရအောင် အထူးသတိထား၍ ဂါထာတော်ကို မတိုးလွန်း၊ မကျယ်လွန်း ရွတ်ဖတ်သရဏာယ် ပွားများကြပါလေ။ ဂါထာတော် တစ်ထောင်စေ့အောင် ဇွဲ၊ ဝီရိယ၊ သတ္တိရှိရှိဖြင့် အားထုတ် သရဏာယ်ကြရပါမည်။ ဂါထာတစ်ထောင်ပြည့်၍ (၀၊) ပုတီး ၁၀ ပတ်စေ့၍ အဓိဋ္ဌာန်အောင်မြင်သည့်အခါ ဗုဒ္ဓမြတ်စွာဘုရားရှင်ထံလှည့်၍ -

အဓိတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆामိ
အဓိတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ

အဓိတရော ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ
ဟူ၍ သုံးကြိမ်ရှိခိုး ကန်တော့၍ အဓိဋ္ဌာန် အောင်မြင်မှု
အတွက် အောက်ပါအတိုင်း အသံကျယ်ကျယ်ဖြင့် ရွတ်ပေး
ရပါမည်။ (ညောင်း ဇေယျတု သဗ္ဗ သိဒ္ဓိ မင်္ဂလံ) သုံးကြိမ်
ရွတ်ဆိုပေးရပါမည်။

(၄) ပြုထားသော အဓိဋ္ဌာန်သစ္စာတို့၏ အကျင့် ပဋိပတ်တရား
များကို သစ္စာ ၃ ချက်ဖြင့်ချုပ်၍ ဆုတောင်းရန်မှာ ဘုန်းတော်
အလွန်တရာ ကြီးမြတ်တော်မူပေထသော ဗုဒ္ဓမြတ်စွာ
ဘုရားရှင်အား အမှူးထား၍ ဘုရားရတနာ၊ တရားရတနာ၊
သံဃာရတနာ ရတနာမြတ်သုံးပါး နတ်တို့ဘုရား။ တပည့်
တော်သည် ယနေ့ ယခုအချိန်အခါ၌ တစ်ထိုင်တည်းနှင့်
သစ္စာအဓိဋ္ဌာန်များကိုပြု၍ သမ္မုဒ္ဓေဂါထာတော်ကြီးအား
ပုတီး ၁၀ ပတ် ရအောင် သို့မဟုတ် သမ္မုဒ္ဓေဂါထာတော်
ကြီးအား တစ်ထောင်ပြည့်အောင် ပုတီးစိပ် ရွတ်ဖတ်
သရဏာယ်ခဲ့ပါ၏ဘုရား။

ဤသစ္စာမှန်ကန်ပါက ...

ဤမှန်ကန်သော သစ္စာစကားကြောင့် ...

ဤမှန်ကန်သော သစ္စာတရားတို့၏ တန်ခိုးတော်၏ အနု
ဘော်တော်ကြောင့်လည်းကောင်း၊ တပည့်တော်သည်
တစ်ထိုင်တည်းနှင့် သစ္စာအဓိဋ္ဌာန်များကိုပြု၍ သမ္မုဒ္ဓေဂါထာ
တော်ကြီးအား ပုတီး ၁၀ ပတ်ရအောင် (၀ါ) သမ္မုဒ္ဓေဂါထာ
တစ်ထောင်စေ့အောင် ရွတ်ဖတ် သရဏာယ် ပုတီးစိပ်ခဲ့

ရသော ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့်လည်းကောင်း၊ တပည့်တော်သည် တစ်ထိုင်တည်းဖြင့် သစ္စာအဓိဋ္ဌာန်များကို ပြု၍ ပုတီး ၁၀ ပတ်ရအောင် (၀၊) သမ္မုဒ္ဓေဂါထာတော်ကြီး အား ဂါထာတစ်တောင်ပြည့်အောင် ရွတ်ဖတ် သရဇ္ဈာယ် ပွားများခဲ့ရသော သမ္မုဒ္ဓေဂါထာတော်အစုအပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့် တပည့်တော်သည် အပါယ် ၄ ပါး၊ ရန်သူမျိုး ၅ ပါး၊ ဘေး ၈ ပါး၊ ဒဏ် ၁၀ ပါး၊ အနှာမျိုး ၉၆ ပါးတို့မှ ဘဝဆက်တိုင်း ဆက်တိုင်း ကင်းလွတ်ငြိမ်းကြကုန်သည်ဖြစ်၍ အာဏာ တန်ခိုးကြီးခြင်း၊ ပညာတန်ခိုးကြီးခြင်း၊ သိဒ္ဓိတန်ခိုးကြီးခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ အန္တရာယ်ကင်းဝေးခြင်း၊ ဘေးကင်းခြင်း၊ ရန်ကင်းခြင်း၊ စိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်းတို့နှင့် လျင်မြန်စွာ ပြည့်စုံရပါစေသတည်း။ ထို့ပြင်တဝ ဆယ်ပါးသော သိဒ္ဓိဝိဇ္ဇာ မဟိဒ္ဓိအတာတ်တို့ကိုလည်းကောင်း၊ ဝိဇ္ဇာဉာဏ် ၆ ပါး၊ အဘိညာဉ် ၆ ပါး၊ သမာပတ် ၈ ပါး၊ သမာပတ် ၉ ပါးတို့ကိုလည်းကောင်း၊ ပိဋ္ဌကတ်သုံးပုံ ဗေဒင်လေးပုံ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကိုလည်းကောင်း လျင်မြန်စေစွာ တတ်မြောက်အောင်မြင်ပြီးစီးရသည်ဖြစ်၍ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ အာရုံပြု မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် ဧကန်အမှန် ဖြစ်ရပါလို၏ ဘုရား။

ဤအတိုင်း ၃ ကြိမ်ဆိုရ၍ ဆုတောင်းတတ်ကြပါလေ။ ဤဆုဆောင်းမျိုးကို သစ္စာ ၃ ချက်ဖြင့် ချုပ်၍ သစ္စာပြု ဆုတောင်းနည်းဟု ခေါ်ပါသည်။

(၅) ခန္ဓာကိုယ်တွင်း သမ္ဘုဒ္ဓေစေတီတော်တည်ပုံ

သဗ္ဗဗုဒ္ဓါနုဘာဝေန ဂင်္ဂါဝါ၌ သဲစုမျှမက ပွင့်တော်မူကြပေကုန်သော အလုံးစုံသော ၅၁၂၀၂၈ ဆူကုန်သော သမ္မာသမ္ဘုဒ္ဓ သဗ္ဗညုတ ဗုဒ္ဓဘုရားရှင်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊ သဗ္ဗဓမ္မာနုဘာဝေန မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊ သဗ္ဗသံဃာနုဘာဝေန အလုံးစုံကုန်သော မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ ရှစ်ယောက်သော အရိယာ သံဃာ၏တော်တို့နှင့် တကွ သမုတိထေရ် သံဃာတော်အပေါင်းတို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့်လည်းကောင်း၊ ထိုဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟု ဆိုအပ်သော ရတနာမြတ်သုံးပါးနတ်တို့ ဘုရားတပည့်တော်သည် ယနေ့ယခု အချိန်အခါ၌ သစ္စာအဓိဋ္ဌာန်များကို ပြု၍ သမ္ဘုဒ္ဓေဂါထာတော်ကြီးအား ဂါထာပေါင်း (တစ်ထောင်) ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ် ပုတီးစိပ်ခဲ့ပါ၏ဘုရား။

(၁) ဤသစ္စာ မှန်ကန်ပါက
ဤမှန်ကန်သော သစ္စာစကားကြောင့်
ဤမှန်ကန်သော သစ္စာတရားတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း၊

(၂) တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များကိုပြု၍ သမ္မာဒေဝါထာတော်ကြီးကို တစ်ထိုင်တည်းဖြင့် ဂါထာတော် (တစ်ထောင်) ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရသော ကုသိုလ်ကောင်းမှု အစုစု အစုအပေါင်းတို့သည်လည်းကောင်း၊

(၃) တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များကိုပြု၍ တစ်ထိုင်တည်းဖြင့် ဂါထာတော် (တစ်ထောင်) ပြည့်အောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော သမ္မာဒေဝါထာတော်များ၏ အစုအပေါင်းတို့သည်၊

(၄) တပည့်တော်သည် သစ္စာအဓိဋ္ဌာန်များကိုပြု၍ တစ်ထိုင်တည်းဖြင့် ဂါထာတော် (တစ်ထောင်) ပြည့်အောင် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ရသော သမ္မာဒေ ဂါထာတော် အစုအပေါင်းတို့၏ သီဒ္ဓိတန်ခိုး၊ ပညာတန်ခိုး။ အာဏာတန်ခိုး၊ မဟိဒ္ဓိတန်ခိုး၊ သစ္စာတန်ခိုး၊ မေတ္တာတန်ခိုး အစုအပေါင်းတို့သည်၊

(၅) တပည့်တော်၏ ဦးခေါင်းရတနာ မြတ်အင်္ဂါထက်၌ ပလွင်တော် အမှတ်ပြု၍ အမြဲထာဝရ ကျောင်းတော်အမှတ်ဖြင့် တန်ရပ်တည်နေ သီတင်းသုံးတော်မူကြပါစေကုန်သတည်း။

(၆) တပည့်တော်၏ လက်ဝဲ၊ လက်ယာ ပခုံးနှစ်ဖက်၌ ပလ္လင်တော် အမှတ်ပြု၍ အမြဲထာဝရ ကျောင်းတော်အမှတ်ဖြင့် တန်ရုပ်တည်နေ သီတင်းသုံးတော်မူကြပါစေကုန်သတည်း။

(၇) တပည့်တော်၏ အဆုတ်၊ အသည်း၊ နှလုံးအိမ်ထဲ၌ ပလ္လင်တော် အမှတ်ပြု၍ အမြဲထာဝရ တန်ရုပ်တည်နေ ကိန်းဝပ်စံပယ်သီတင်းသုံးတော်မူကြပါစေကုန်သတည်း။

(၈) တပည့်တော်၏ အဆုတ်၊ အသည်း၊ နှလုံးအိမ်ထဲ၌ ပလ္လင်တော်အမှတ်ပြု၍ အမြဲထာဝရ စေတီတော်အမှတ်ဖြင့် တန်ရုပ်တည်နေ ကိန်းဝပ် စံပယ် စေတီတော်အမှတ်ဖြင့် စေတီတော်အဖြစ် တည်ရှိသီတင်းသုံးတော်မူကြပါစေကုန်သတည်း။

(၉) တပည့်တော်၏ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၌လည်းကောင်း၊ တပည့်တော်၏ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယမနတို့၌လည်းကောင်း၊ တပည့်တော်၏ ဟဒယဝတ္ထု အသည်း၊ နှလုံးအိမ်၌လည်းကောင်း ပလ္လင်တော် အမှတ်ပြု၍ အမြဲထာဝရ ကျောင်းတော်အမှတ်ဖြင့် တန်ရုပ်တည်နေ ကိန်းဝပ်စံပယ် သီတင်းသုံးတော်မူကြပါစေကုန်သတည်း။ စေတီတော် အမှတ်ပြု၍ စေတီတော်အဖြစ် တည်ရှိ၍ တန်ရုပ်တည်နေ ကိန်းဝပ်စံပယ် သီတင်းသုံးတော်မူကြပါစေကုန်သတည်း။

(၁၀)ဗုဒ္ဓေါမေ ရက္ခန္တု နိစ္စံ ဓမ္မောမေ ရက္ခန္တု သဒါ သံဃောမေ ရက္ခန္တု ဒိနေ ဒိယာယုကောာ သတံ ဘဝေ

မေ တပည့်တော်အား ဗုဒ္ဓေါ သစ္စာလေးရပ် တရားမြတ်ကို ဝိုင်းခြားထင်ထင် သိမြင်တော်မူသော ဗုဒ္ဓမြတ်စွာဘုရား သည် နိစ္စံ အမြဲမပြတ် ရက္ခန္တုရက္ခတု စောင့်ရှောက်တော်မူပါစေသတည်း။ မေ တပည့်တော်အား ဓမ္မော မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်တို့သည် သဒါ နေ့ရောညဉ့်ပါ အခါခပ်သိမ်း ရက္ခန္တု စောင့်ရှောက်တော်မူပါစေသတည်း။ မေ တပည့်တော်အား သံဃော မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်သော အရိယာသံဃာတော်တို့နှင့်တကွ သမုတိထေရ် သံဃာတော်အပေါင်းတို့သည် ဒိနေ နေ့တိုင်း ရက္ခန္တု ရက္ခတု စောင့်ရှောက်တော်မူပါစေသတည်း။ အဟံ တပည့်တော်သည် (ထည့်ပါ) သတံဒိယာယုကောာ နှစ်ပေါင်း (တစ်ရာ) / (တစ်ထောင်) အသက်ရှည်သောသူသည် ဘဝေဘဝါမိ ဖြစ်ရပါလိမ့်၏ အရှင်ဘုရား။

(၁၁)ဗုဒ္ဓေါမေ သိသေ တိဋ္ဌတု နိစ္စံ၊ ဓမ္မောမေ သိသေ တိဋ္ဌတု သဒါ သံဃောမေ သိသေ တိဋ္ဌတု ဒိနေ၊ ဒိယာယုကောာ သတံ ဘဝေ။

မေ တပည့်တော်၏ သီသေ ဦးခေါင်း ရတနာ မြတ်အင်္ဂါ၌ ဗုဒ္ဓေါ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာ

ဘုရားကြီးသည် နိစ္စံ အမြဲမပြတ် တိဋ္ဌတ္ တန့်ရပ်တည်နေ သီတင်းသုံးတော်မူပါစေသတည်း။ မေ တပည့်တော်၏ သီသေ ဦးခေါင်းရတနာ မြတ်အင်္ဂါ၌ ဓမ္မော ဆယ်ပါးသော တရားတော်မြတ်တို့သည် သဒါ အခါခပ်သိမ်း တိဋ္ဌတ္ တန့်ရပ်တည်နေ ကိန်းဝပ် စံပယ်တော်မူပါစေသတည်း။ မေ တပည့်တော်၏ သီသေ ဦးခေါင်းရတနာ မြတ်အင်္ဂါ ထက်၌ သံဃာမဂ္ဂဋ္ဌာန် ဖလဋ္ဌာန်ရှစ်တန် ထင်ပေါ် အရိယာ သံဃာတော်မြတ်အပေါင်းသည် ဒိနေ နေ့စဉ် နေ့တိုင်း တိဋ္ဌတ္ တန့်ရပ်တည်နေ သီတင်းသုံးပါစေ သတည်း။ အဟံ တပည့်တော်သည် (ထည့်ပါ) သတ်ဒီ ဃာယုကော နှစ်ပေါင်းတစ်ရာ (တစ်ထောင်) အသက်ရှည် သောသူသည် ဘဝေ ဘဝါမိ ဖြစ်ရပါလို၏ ဘုရား။

(၁၂) ဗုဒ္ဓေါမေ ဟဒယေ တိဋ္ဌတုနိစ္စံ၊ ဓမ္မောမေ ဟဒယေ တိဋ္ဌတု သဒါ သံဃောမေ ဟဒယ တိဋ္ဌတု ဒိနေ၊ ဒီဃာယုကော သတံ ဘဝေ။

မေ တပည့်တော်၏ ဟဒယေ ဟဒယ ဝတ္ထုနှလုံးအိမ်၌ ဗုဒ္ဓေါ သစ္စာလေးရပ် တရားမြတ်ကို ဓိုင်းခြားထင်ထင် သိမြင်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားကြီးသည် နိစ္စံ အမြဲမပြတ် တိဋ္ဌတ္ ကျောင်းတော်အမှတ် ပလ္လင်တော် အမှတ်ဖြင့် တန့်ရပ်တည်နေ သီတင်းသုံးတော်မူပါစေ သတည်း။ မေ တပည့်တော်၏ ဟဒယေ ဟဒယဝတ္ထုဟု ဆိုအပ်သော နှလုံးအိမ်၌ ဓမ္မော မဂ်လေးတန်၊ ဖိုလ်

လေးတန်၊ နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်တို့သည် သဒါ အခါခပ်သိမ်း တိဋ္ဌတု ကျောင်းတော်အမှတ် စေတီတော်အမှတ်ဖြင့် ကိန်းဝပ် စံပယ်သီတင်းသုံးတော်မူပါစေသတည်း။ မေ တပည့်တော်၏ ဟဒယ ဟဒယဝတ္ထုဟု ဆိုအပ်သော နှလုံးအိမ်ဌ သံယော ရှစ်တန်ထင်ပေါ် အရိယာသံဃာတော်မြတ် အပေါင်းတို့သည် ဒိနေ နေ့စဉ်နေ့တိုင်း တိဋ္ဌတု ကျောင်းတော်အမှတ်ဖြင့် တန့်ရပ်တည်နေ သီတင်းသုံးတော်မူကြပါစေသတည်း။ အဟံ တပည့်တော်သည် သတ်ဒီယာယုကော နှစ်ပေါင်းတစ်ရာ (တစ်ထောင်) အသက်ရှည်သောသူသည် ဘဝေဘဝါမိ ဖြစ်ရဝါလို၏ဘုရား။ ဂါထာ ၃ ပုဒ်တွင် တစ်ပုဒ်လျှင် ၉ ခေါက် ရွတ်ဆိုရမည်ကို အထူးသတိပြုပါလေ။

ဤသို့လျှင် သမ္မုဒ္ဓေ ဂါထာတော် အကျင့်လမ်းကို အသေးစိတ် ညွှန်ကြားပြသခဲ့လေပြီ။ ဤသမ္မုဒ္ဓေ အကျင့်လမ်းကို နမ္မနာယူ အတုယူ၍ ကျွန်သောဂါထာတော်များ၊ မန္တန်တော်များကို မိမိကျင့်ဆောင်ပွားများ အားထုတ်လိုသော ဂါထာများ၊ မန္တာန်များကို စိတ်ကြိုက် အားပါးတရ ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါစေကုန်ရာ၏။ သစ္စာ အဓိဋ္ဌာန် ပြုပုံပြုနည်းများ သစ္စာ ၃ ချက်ဖြင့် ချုပ်ပုံချုပ်နည်းများ၊ သစ္စာ ၃ ချက်ဖြင့် လိုရာဆုတောင်းပုံ ဆုတောင်းနည်းများ၊ သစ္စာ ၃ ချက်ဖြင့် ခန္ဓာကိုယ်တွင်း စုဆောင်းပုံ၊ သိမ်းဆည်းပုံ၊ ထိန်းသိမ်းပုံ၊ စေတီတော် တည်ပုံ

တည်နည်းများမှာ နမူနာ ဥပမာ ပြသထားသည့်အတိုင်း အတူတူပင်ဖြစ်ပါတော့သည်။ သဘောပေါက်အောင် အသေးစိတ် လေ့လာမှတ်သား နည်းယူကြပြီး သစ္စာအဓိဋ္ဌာန် အကျင့်လမ်းကို ကျွမ်းကျင်လိမ္မာစွာ လေ့ကျင့်ပွားများ သရဏွာယ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

မှတ်ချက်နှင့် သတိပေးစရာများ

ဤသစ္စာအဓိဋ္ဌာန် အကျင့်လမ်း စာအုပ်တွင် စာအုပ်၏ ရှေ့ပိုင်း၌ ပထမ သစ္စာပြုပုံများ၊ ဒုတိယ သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းပုံများ၊ တတိယ သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းပုံများ၊ ပကိဏ္ဏက ရောထွေး၍၊ ရောပြွမ်း၍ ဆုတောင်းပုံများ၊ ရောဂါ ဝေဒနာ ပျောက်ကင်းရန်အတွက် ဆုတောင်းပုံ၊ ဆုတောင်းနည်း များ၊ စိတ်အေးချမ်း သာယာမှုအတွက် ဆုတောင်းပုံများ၊ မဟာ သရဏာဂုံတော်ဖြင့် ခန္ဓာကိုယ်အတွင်း စေတီတော် တည်ပုံ တည်နည်းများ၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးမှုအတွက် ဆုတောင်း ပုံများ၊ စီးပွားရေးဝင်ငွေ၊ လာဘ်လာဘအတွက် ဆုတောင်းပုံ၊ ဆုတောင်းနည်းများ၊ မဂ်ဖိုလ်နိဗ္ဗာန်အတွက် ဆုတောင်းပုံများ၊ ဂုဏ်တော်သရဏာဂုံတော်များဖြင့် ခန္ဓာအတွင်း စေတီတော်တည်ပုံ တည်နည်းများ၊ ဆုတောင်းပုံ ဆုတောင်းနည်းများတို့ကို စုံစုံ လင်လင် ပြည့်စုံအောင် ရေးသားပြသခဲ့လေပြီ။ စီးပွားရေးကို အလိုရှိလျှင် စီးပွားရေးအတွက် ဆုတောင်းတတ်ကြကုန်ရာ၏။ ဝင်ငွေလာဘ်လာဘကို အလိုရှိလျှင် ဝင်ငွေလာဘ်လာဘအတွက်

လိုအပ်ရာဆုကို တောင်းတတ်ကုန်ရာ၏။ ရောဂါ၊ အနာ၊ ဝေဒနာ ဘေးရန်အန္တရာယ် ကင်းဝေးစေလိုပါလျှင် ရောဂါ အနာနှင့် ပတ်သက်သော ဘေးရန်၊ အန္တရာယ်များနှင့် ပတ်သက်သော ဆုတောင်းနည်းများအတိုင်း ဆုတောင်းတတ်ကြရာ၏။ မိမိ ကျင့်ကြံပွားများ အားထုတ်လျက်ရှိသော ဂုဏ်တော်များ၊ သရဏဂုံတော်များ၊ ပရိတ်တော်များ၊ သုတ်တော်များအား သိုမှီး သိမ်းဆည်း စုဆောင်းလိုပါက (စေတီတော်တည်ပုံ၊ ဆုတောင်းပုံ) နည်းအတိုင်း စေတီတော်တည်တတ်ကြရာ၏။ စုဆောင်းသိုမှီး သိမ်းဆည်းတတ်ကြကုန်ရာ၏။ မင်၊ ဖိုလ်၊ နိဗ္ဗာန်တို့ကို အလိုရှိ ပါလျှင် မင်၊ ဖိုလ်၊ နိဗ္ဗာန် ရောက်ရာရောက်ကြောင်း ဆုတောင်းပုံ တို့ကို ပြသထားသည့်အတိုင်း လိုရာဆန္ဒရှိရာတို့ကို မိမိ စိတ်ကြိုက် ဆုတောင်းတတ်ကြရာ၏ ဟူ၍ မှတ်သားတတ်ကြ ကုန်ရာသတည်း။

သမ္ဘဒ္ဓေဂါထာ အကျင့်လမ်းကို ခဏခဏ အကြိမ်ပေါင်း များစွာ အောင်မြင်ပြီးစီးထားသော ပုဂ္ဂိုလ်များသည် ဘေးရန် မှန်သမျှ အလိုလို ကင်းဝေးပြီးသားဖြစ်တော့၏။ သမ္ဘဒ္ဓေ ဂါထာ တော်လောက် အန္တရာယ်ကင်းဝေးစေတတ်သော ဂါထာသည် အခြားမရှိပြီ။ အန္တရာယ်အမျိုးမျိုး၊ ရန်အမျိုးမျိုး၊ ဘေးအမျိုးမျိုး၊ အနှောင့်အယှက်အမျိုးမျိုး၊ အတိုက်အခံအမျိုးမျိုး၊ ရောဂါ အနာ အမျိုးမျိုးတို့ကို ကင်းဝေးပယောက်စေရ၏။ အန္တရာယ်ကင်းဝေး သော ဘက်တွင် အထူးအစွမ်းထက်မြက်သော ဂါထာတစ်ပုဒ် ဖြစ်ကြောင်းကို အထူးသတိပြုပါလေ။ ထို့ပြင် သမ္ဘဒ္ဓေ အကျင့်

လမ်းများကို အောင်မြင်ပြီးစီးထားသော ပုဂ္ဂိုလ်သည် အာယုသိद္ဓိ မျိုးကိုလည်းကောင်း၊ အာရောဂျသိဒ္ဓိမျိုးတို့ကိုလည်းကောင်း၊ ကာယသိဒ္ဓိမျိုးတို့ကိုလည်းကောင်း၊ ဘယာသိဒ္ဓိ အန္တရာယသိဒ္ဓိ မျိုးတို့ကိုလည်းကောင်း အောင်မြင်ပြီးစီး ရနိုင်ပါသည်။ မည်သည့် ရောဂါ၊ မည်သည့်အနာမျှ ခန္ဓာကိုယ်တွင်း မကပ် မရောက်နိုင် တော့ပေ။ အမြဲတမ်းထာဝရ ရောဂါကင်းဝေးပြီး အနာကင်းဝေးပြီး၊ အန္တရာယ်ကင်းဝေးပြီး ဖြစ်စေရတော့၏။ ထို့ပြင်တစ်ဝ အဝရဒ္ဓက နတ်ဆိုး၊ ဘီလူးဆိုးများ အနှောင့်အယှက်အမျိုးမျိုးများ၊ သူတစ်ပါး ပြုစားသော ရောဂါအမျိုးမျိုးများတို့အားလည်း ကင်းဝေး ပယောက် စေရပြီး မကောင်းကြံစည်၍ မရနိုင်၊ မကောင်းကြံသူမှန်သမျှ ပြုသူထံ တန်ပြန်စေရ၏။ ကပ်ရောဂါ၊ ကာလရောဂါတို့ကို လျှင်မြန်စွာ ပျောက်ကင်းစေရတော့၏။

၁၀။ ပဋ္ဌာန ပစ္စယုဒ္ဒေသပါဠိ ပဋ္ဌာန်း ၂၄ ပစ္စည်း ပါဠိတော်

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊
အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊
သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊
အညမညပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယပစ္စယော၊ ပုရေဇာတ ပစ္စယော၊
ပစ္ဆာဇာတပစ္စယော၊ အာသေဝန ပစ္စယော၊
ကမ္မပစ္စယော၊ ၊ ဝိပါကပစ္စယော၊
အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊
ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော၊ သမ္မယုတ္တပစ္စယော၊
ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိ ပစ္စယော၊

နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊
အဝိဂတပစ္စယော။ ။

အလေ့အကျင့်မရှိသေးသော ပုဂ္ဂိုလ်များအတွက် တစ်ရက်အတွက် ပုတီးတစ်ပတ် (သို့မဟုတ်) အခေါက်ရေပေါင်း ၁၀၈ ခေါက်သာ အဓိဋ္ဌာန်သစ္စာပြု၍ ရွတ်ဖတ်သရဇ္ဈာယ်အပ်၏။ ထိုသို့နေ့စဉ် ၁၀၈ ခေါက်သာ အဓိဋ္ဌာန်ကို ကြိမ်ဖန်များစွာ ရွတ်ဖတ်သရဇ္ဈာယ်မှ အလေ့အကျင့် ရထားပြီဆိုပါက တစ်ရက်အတွက် ပဋ္ဌာန်း ၂၄ ပစ္စည်း ပါဠိသက်သက်ကို အစအဆုံး ရွတ်ဆို၍ ဆုံးလျှင် တစ်ခေါက် (၁) ပုတီးတစ်လုံးချစိပ်၍ နေ့စဉ် ဂါထာ ၅၀၀ အနည်းဆုံးရရှိအောင် သို့မဟုတ် ပုတီးအပတ်ရေ ၅ ပတ် ရအောင် ရွတ်ဖတ်သရဇ္ဈာယ် ပုတီးစိပ်ရပါမည်။ အများဆုံး ဆိုပါလျှင် နေ့စဉ် ပဋ္ဌာန်း ၂၄ ပစ္စည်း အခေါက်ရေပေါင်း ၁၀၀၀ စေ့အောင်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း သို့မဟုတ် ပုတီးအပတ်ရေ ၁၀ ပတ်ရအောင် ပုတီးစိပ်ရသည်ဟု သိမှတ်ကြပါလေ။

ပရိကမ်ပြုပုံ၊ ဆုတောင်းပုံ၊ သစ္စာအဓိဋ္ဌာန်ပြုပုံ၊ သစ္စာ ၃ ချက်ဖြင့်ချုပ်၍ ဆုတောင်းပုံ၊ သစ္စာ ၃ ချက်ဖြင့်ချုပ်၍ ခန္ဓာအတွင်း စုဆောင်း သိမ်းဆည်း၍ စေတီတော် တည်ပုံ တည်နည်းများတို့ကို ပြသထားခဲ့ပြီးဖြစ်ပါ၍ အထူးရေးသားပြရန် မလိုအပ်တော့ပေ။ လိုအပ်သော အကျိုးကျေးဇူးနှင့် သီသင့်သီထိုက်သည်တို့ကိုသာ ဆက်လက်ရေးသားပါအုံ့။ ပဋ္ဌာန်း

ပါဠိတော် ၂၄ ပစ္စည်းကို သစ္စာအဓိဋ္ဌာန်ပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ပေးခြင်းဖြင့် မိစ္ဆာနတ်များ၊ အောက်နတ်များ၊ အဝရကွ နတ်ဆိုး ဘီလူးဆိုးများ၊ တန်ခိုးငယ်ကုန်သော နတ်များ၊ ကမ္မဒိဋ္ဌိ သေးငယ်သော နတ်များသည် ဝေးရာသို့၊ လွတ်ရာသို့ ရောင်ရှားကြကုန်တော့၏။ အဘယ်ကြောင့်ဆိုသော် ပဋ္ဌာန်း ၂၄ ပစ္စည်း ပါဠိတော်ကိုဖြစ်စေ၊ ပဋ္ဌာန်းအကျယ် ပါဠိတော်ကိုဖြစ်စေ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည်ရှိသော် ကမ္မဒိဋ္ဌိ ကြီးမားကုန်သော သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့် နတ်မင်းများ၊ တန်ခိုးကြီးမားသော နတ်၊ ဗြဟ္မာများ လာရောက်ကြသောကြောင့်၊ ကြွရောက်လာကြသောကြောင့်၊ တရားနာလာကြကုန်သောကြောင့် ဖြစ်ပေတော့၏။

ထို့ကြောင့် ပဋ္ဌာန်း ၂၄ ပစ္စည်း ပါဠိတော်သည် ဘေးအမျိုးမျိုး ရန်အသွယ်သွယ် အန္တရာယ်အပေါင်းတို့မှ ကင်းဝေး ပယောက်စေရ၏။ ရေ ဘေး၊ မီးဘေး၊ လေဘေး၊ သူခိုးဘေး၊ ဓားပြဘေး၊ သူပုန်ဘေးတို့မှလည်းကောင်း ကင်းဝေး ပယောက်စေရ၏။ ထို့ပြင် ပဋ္ဌာန်း ၂၄ ပစ္စည်း ပါဠိတော်များသည် မော်တော်ကား တိုက်ခိုက်မှုဘေး၊ ဆိုင်ကယ်တိုက်ခိုက်မှုဘေး၊ လေယာဉ်ပျံ ပျက်ကျမှုဘေး၊ လေယာဉ်ပျံ တိုက်ခိုက်မှုဘေး၊ ရဟတ်ယာဉ် ပျက်ကျမှုဘေး၊ သူတစ်ပါး မကောင်းကြံစည်မှုဘေး၊ မြေပြိုတောင်ပြိုကျမှုဘေး၊ ငလျင်လှုပ်မှုဘေး၊ မီးတောင်ပေါက်ကွဲမှုဘေး၊ လက်နက်ဘေး၊ ဗုံးဘေး၊ ဒုံးကျည်ဘေး၊ မိုင်းဘေးတို့မှ ကင်းဝေး ပယောက်စေရပါမည်။ ထို့ပြင်

ကပ်ရောဂါ၊ ပလိပ်ရောဂါ၊ ကင်ဆာရောဂါ၊ အနာကြီးရောဂါ၊ အစာအိမ်ရောဂါ၊ ဆီးအိမ်၊ ကျောက်ကပ်ရောဂါ၊ နှလုံးရောဂါ၊ စိတ်ရောဂါ၊ အသည်းရောဂါ၊ အဆုတ်ရောဂါ၊ အာရုံကြောရောင်ရမ်းသော ရောဂါများတို့ကိုလည်း အထူးပျောက်ကင်းစေနိုင်ပါသည်။ ငတ်မွတ်ခေါင်းပါးသောဘေး၊ ဆုံးရှုံးနစ်နာသောဘေး၊ ဆင်းရဲချို့တဲ့သောဘေး၊ အချင်းချင်းတိုက်ခိုက်သောဘေး၊ အချင်းချင်း လုပ်ကြံသတ်ဖြတ်သောဘေး၊ ရောဂါအမျိုးမျိုး၊ အနာအမျိုးမျိုးတို့ နိပ်စက်သောဘေးတို့မှ ကင်းဝေး ပယောက်စေနိုင်ပါသည်။

ထို့ကြောင့် ပဌာန်း ၂၄ ပစ္စည်း ပါဠိတော်ကိုလည်းကောင်း၊ သို့မဟုတ် ပဌာန်းအကျယ်၊ ပါဠိတော်အကျယ်တို့ကိုလည်းကောင်း အထူးရိုသေစွာ ဆောင်ထား ကျက်မှတ်ထားသင့်ပါသည်။ **အထူးရိုသေစွာ၊ လေးစားစွာ ရွတ်ဖတ်သရဇ္ဈာယ်သင့်ပါသည်။ သစ္စာအဓိဋ္ဌာန်များကိုပြု၍ ယုံကြည်အားကိုးစွာ ပွားများသရဇ္ဈာယ်သင့်လျှင်ဟု မှတ်ယူကြပါလေ။**

မိမိ၏ အိမ်ဧဟာတို့ကို ကာကွယ်ပြီး ဖြစ်တော့၏။ လုံခြုံမှုရှိပြီးဖြစ်တော့၏။ **မိမိတို့၏ ရပ်ကွက်၊ ဒေသ၊ မြို့ရွာ၊ နိုင်ငံတော်တို့သည်လည်း ကာကွယ်ပြီးဖြစ်ရတော့၏။** လုံခြုံမှုရှိပြီးဖြစ်ရတော့၏။ **မိမိ၏ ကိုယ်ခန္ဓာကိုလည်းကောင်း၊ မိမိ၏ မိသားစုဝင်များကိုလည်းကောင်း၊ မိမိတို့၏ ဆွေမျိုးသားချင်းများကိုလည်းကောင်း၊ မိမိပိုင် ဥစ္စာစည်းစိမ်၊ ရာထူးဂုဏ်ရှိန်တို့ကို**

လည်းကောင်း၊ မိမိ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာ၊ ရတနာများတို့ကိုလည်းကောင်း အထူးကာကွယ်ထားပြီးဖြစ်ရတော့၏။ အထူးလုံခြုံမှုရှိပြီး ဖြစ်စေရတော့၏။

(ဤတွင် ပဋ္ဌာန်း ၂၄ ပစ္စည်း ပါဠိတော် ပြီး၏)

၁၁။ ပထဝီဇယမန္တန် ၁၄ ဂါထာပါဠိ

(၁) ဩ ပထဝီဇယသဗ္ဗံ၊ အနေကအန္တရာယိကံ။
ဇယံ ပစ္စေကဗုဒ္ဓါစ၊ ဇယံ ပရိမဟေသယော။

(၂) ဇယံ ဟရောဟရိဒေဝေါ၊ ဇယံဗြဟ္မာ ဓတရဋ္ဌော။
ဇယံ နာဂေါစ ဝိရဋ္ဌော ဝိရုပက္ခောစ စန္ဒိမာ။

(၃) ဝိဏ္ဏော ဝိနတေယျောစ၊ ကုဝေရော ဝိရုဏော ပိစ။
အဂ္ဂိဝါရုဏော ပဇ္ဇုန္နော၊ ကုမာရော စတုပါလ ကော။

(၄) အဠာရသ မဟာဒေဝါ၊ သုခိတာစ ပသီဒ္ဓိယော။
အသီတိ မဟာသာဝကာ သဗ္ဗံဇယံ ဒဒန္တုမေ။

(၅) ဇေယ္ယော ဓမ္မောစ သံဃောစ ဒသ ဗလောစ ဇေယ္ယကော
ဇတေန သစ္စဝဇ္ဇေန၊ ဇေယ္ယာ သုခီ ဘဝန္တုမေ။

(၆) နရာဒေဝါစ ဗြဟ္မာနော ယက္ခာ နာဂါစ ဂရုဠာ
တေပိ ဒိသ္မာ ပိယံမယုံ၊ ပုတ္တံ မမေဝ သိနေဟာ။

(၇) ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ၊ အရဟာ အဂ္ဂသာဝကာ၊
သဗ္ဗေ ကရောန္တုမေ မေတ္တံ၊ သဗ္ဗေတိဋ္ဌန္တု မတ္ထကေ။

(၈) တေသံမေတ္တာ နုဘာဝေန၊ သဗ္ဗေရောဂါ သုသီတလာ
သဗ္ဗေဘယာ ဝိနဿန္တု၊ သဗ္ဗေနဿန္တု ပဒ္ဒဝါ။

(၉) ဣမသ္မိံ စက္ကဝါဠေစ၊ ဗဟူအနန္တ ပါဏိနော။
အနန္တ စက္ကဝါဠေစ၊ ဗဟူအနန္တ ပါဏိနော။

(၁၀) ဣမေသတ္တာ အဝေရာစ၊ အညမညံ ပိယာဟောန္တု။
ဣမေသတ္တာ အဝေရာစ၊ အညမညံ သုခါ ဟောန္တု။

(၁၁) နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာ ယမ္ဟာ။
ဣမေသဗ္ဗေ ယထာသတ္တာ ဒုက္ခာ မုစ္စန္တု တတ္ထကာ။

(၁၂) ဒသကောဋိ ဒဲကစ္စာစ၊ ထလစ္စာ နဝကောဋိယော။
သံသေ ဒစ္စော ပပါတိကာ၊ ဒီဃာယုကာ ဘဝန္တု တေ။

(၁၃) ဥဒ္ဓံယာဝ ဘဝဂ္ဂါစ၊ အဓောယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝိစရာ။

(၁၄) အဗ္ဗာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။
သဗ္ဗေသတ္တာ အဝေရာစ သဟသဗ္ဗေဟိ ဥာတိဘိ။။

(ပထဝီဗေယမန္တန် ၁၄ ပုဒ် ပြီး၏)

ဤပထဝီဇယ မန္တန်တော်ကြီးသည် စုစုပေါင်း ဂါထာ အပုဒ်ရေပေါင်း ၁၄ ပုဒ် တိတိ ပါဝင်ပါသည်။ ရှေးရှေးအခါ အရည်ဝါသီ တောရမှီကုန်သော ရသေ့သူတော်စင်များ၊ အကျင့်ပဋိပတ်ကို အားထုတ်ကြကုန်သော ဆရာတော်ကြီးများ အထူးအားကိုးအားထား ရွတ်ဖတ်သရဇ္ဈာယ် ပွားများ အားထုတ်တော်မူကြပေကုန်၏။ (အနက်အဓိပ္ပာယ်တို့ကိုမူ အခြားအခြားသော ဗုဒ္ဓဘာသာစာအုပ်များ၊ ဘုရားရှိခိုးအမျိုးမျိုးစာအုပ်များ၊ အခြားသော သီရိမင်္ဂလာ ပရိတ်တော် ဆဋ္ဌမူတို့တွင် ရှာဖွေ၍ယူကြပါလေ။ ဤစာအုပ်တွင် ရေးထည့်ပါက ကျမ်းလေးမည်၊ ကျွယ်လွန်းမည်စိုး၍ ဖြစ်ပါသည်။)

သို့ပင်သိုင်ြားသော်လည်း ပထဝီဇယ မန္တန်တော်ကြီးသည် ရှေးရှေးသော ပရိုဝိဒ်မူဟောင်းများတွင်မူ အချို့မူကွဲပြားနေသည်တို့ကိုလည်းကောင်း၊ အချို့ဂါထာ အထားအသို ရှေ့နောက်မညီမှုများတို့ကိုလည်းကောင်း အများအပြားပင် တွေ့မြင်ရတတ်ပါသည်။ ရွတ်ဖတ်သရဇ္ဈာယ်ရာဌ်လည်း ရှေးရှေးအခါက ရွတ်ပုံရွတ်နည်းတစ်မျိုး၊ ယခုခေတ်၊ ယခုကာလ၊ ရွတ်ပုံရွတ်နည်းတစ်မျိုးကိုလည်း တွေ့ရတတ်ပါသည်။ ယခုပြဆိုထားသော ပထဝီဇယ မန္တန်တော်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနမှ ထုတ်ဝေထားသော သီရိမင်္ဂလာ ပရိတ်တော်မှ ထုတ်နုတ်ကိုးကား၍ ရေးသား ထည့်သွင်းထားခြင်းပါသည်။

ပထဝီဇယမန္တန်တော်ကြီးသည် အလွန် နတ်များချစ်သော ဂါထာတော်၊ မန္တန်တော်ကြီးတစ်ခုဖြစ်ပြီး နတ်ကောင်းနတ်မြတ်များ အလွန်ချစ်မြတ်နိုးသော မန္တန်တော်ကြီးဟုလည်း မှတ်သားထားတတ်ကြရာ၏။ ထိုပြင် သတ္တဝါအများ၊ နတ်အများတို့အားမေတ္တာရေထားသော မေတ္တာဂါထာတော်၊ မေတ္တာမန္တန်တော်ကြီးဟု ဆိုပါလျှင်လည်း မှားအံ့မထင်ပါ။ ရွတ်ပုံရွတ်နည်းများမှာ မန္တန်တော် ၁၄ ပုဒ် ရွတ်၍ဆုံးပါမှ တစ်ခေါက် ဟူ၍ မှတ်သားအပ်၏။ အလေ့အကျင့်မရှိသူများအဖို့ နေ့စဉ် နံနက်စောစောထ၍ ဖြစ်နိုင်ပါလျှင် အရုဏ်တက်အချိန်တွင် အနည်းဆုံး ၉ ခေါက် တိတိရအောင်-သရဇ္ဈာယ် ရွတ်ဖတ်ကြရာ၏။ ထိုသို့ ၉ ခေါက် တိတိ ရွတ်ဖတ် သရဇ္ဈာယ်သော အလေ့အကျင့် အကြိမ်များစွာ ရရှိပြီးဆိုပါက ၉ ရက် အဓိဋ္ဌာန်ဝင်၍လည်းကောင်း၊ ၁၈ ရက် အဓိဋ္ဌာန်ဝင်၍လည်းကောင်း၊ ၂၇ ရက် အဓိဋ္ဌာန်ပြု၍လည်းကောင်း အားထုတ်သင့်ပါသည်။

ထိုသို့ အဓိဋ္ဌာန်ဝင်၍ အားထုတ်ကြရာတွင် ၉ ရက် အဓိဋ္ဌာန်ဝင်ခဲ့လျှင် နေ့စဉ် ဂါထာမန္တန်တော် ၉ ခေါက် ၁၈ ရက် အဓိဋ္ဌာန်ဝင်ခဲ့လျှင် နေ့စဉ် မန္တန်တော်ကြီးကို ၁၈ ခေါက် သရဇ္ဈာယ်ရပါမည်။ ၂၇ ရက် အဓိဋ္ဌာန်ဝင်ခဲ့လျှင် နေ့စဉ် မန္တာန်တော်ကြီးကို ၂၇ ခေါက်ရွတ်၍ သရဇ္ဈာယ်ရမည်။ ၄၅ ရက် အဓိဋ္ဌာန်ဝင်ခဲ့လျှင် နေ့စဉ် မန္တာန်တော်ကြီးကို ၄၅ ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ရမည်ကို အထူးသတိပြုကြပါလေ။

(အထူးမှာကြားချက်) မန္တန်တော်ကြီးသည် မေတ္တာသက်သက် မန္တန်တော်ကြီးဖြစ်ပါ၍ ထိုမန္တန်တော်ကြီးကို လိုလားတောင့်တ၍ အားကိုးတကြီး ရွတ်ဖတ် သရဇ္ဈာယ်လိုသော သူတော်ကောင်းတို့သည် သူတစ်ပါး အသား၊ အသွေး၊ အသက်တို့ကို ရှောင်ကြဉ်၍ အသက်သတ်လွတ် စားသုံး၍ ကျင့်ဆောင် ပွားများသင့်ပါသည်။ ထို့ပြင် မေတ္တာမန္တန်တော်ဖြစ်ပါ၍ သီလတော်မြတ်တို့ကို ခံယူ ဆောက်တည်ပါက ကိုးပါးသီလတော်မြတ်ကို ခံယူ ဆောက်တည်ပြီးမှ ဆောင်ရွက်အားထုတ်ပါလျှင် ပိုမိုပြီးထိရောက်အောင်မြင်နိုင်ကြောင်းဖြင့် သတိပေးအပ်ပါသည်။

ထို့ပြင် ပထဝီဇယ မန္တန်တော်ကြီးကို သစ္စာအဓိဋ္ဌာန်ပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ပါလျှင် အမျိုးသမီးအသံများကြားရတတ်ခြင်း၊ အမျိုးသမီးများနှင့် တွေ့ကြုံဆုံစည်းရတတ်ခြင်း၊ အမျိုးသမီး အဖျက်ဝင်တတ်ခြင်း ရှိတတ်ပါသည်။ အထူး သတိပြုပါလေ။ မန္တန်ပညာလမ်းကို မပျက် ပျက်အောင် ဖျက်ဆီးတတ်မှ များပြားလှပါသည်။ လောဘတရား နည်းပါးလှပါစေ။ ဒေါသတရား နည်းပါးလှပါစေ။ ဤကျင့်စဉ်၌ အဓိဋ္ဌာန်ပြုပုံပြုနည်း၊ ပရိကမ်ပြု

ဆုတောင်းပုံ ဆုတောင်းနည်း၊ သစ္စာ ၃ ချက်နှင့်ချပ်၍ ဆုတောင်းပုံ ဆုတောင်းနည်းများသည် ဤကျမ်းစာ၌ ရှေ့ပိုင်းမှာ ပြသခဲ့သည့်အတိုင်း၊ ရေးသားခဲ့သည့်အတိုင်း အတူတူပင် ဖြစ်ပါသည်။ အထူးဆိုစရာ မရှိတော့ပါ။ ယခင် နည်းနာ နိဿယအတိုင်း ကျင့်ဆောင်ပွားများ အားထုတ်ရန်သာ လိုအပ်တော့၏။ ဤ ပထဝီဓယမန္တန်တော့်၏ အကျိုးကျေးဇူးသည် မေတ္တာနှင့် ပတ်သက်သော နတ်ချစ်သောမန္တန်ဖြစ်ပါ၍ ပီယသိဒ္ဓိဘက်တွင် အထူးပွင့်လန်းသော မန္တန်တော်မြတ်ဖြစ်ပါသည်။ ထိုပီယသိဒ္ဓိ တစ်ခု အဆင်ပြေအောင်မြင်ပြီးစီးပါလျှင် သူနှင့်တွဲလျက်ဖြစ်သော ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ သုခသိဒ္ဓိတို့သည်လည်း အလိုအလျောက် အောင်မြင်ပြီးစီးတော့သည်သာ ဖြစ်တော့၏။ ဘေးမှန်သမျှ ကင်းဝေးရ၏။ ရန်အန္တရာယ်မှန်သမျှ ကင်းဝေးရ၏။ ခုနစ်ရက်သားသမီးများ ချစ်ခင်လေးစားကြကုန်၏။ တောင်စောင့်နတ်များ၊ တောစောင့်နတ်များ၊ ရက္ခစိုးနတ်များ၊ ဘုမ္မစိုးနတ်များ၊ အာကာသစိုးနတ်များ ချစ်ခင်လေးစားကြရကုန်၏။ မိမိတို့သွားလေရာ၊ လာလေရာ၊ နေလေရာ၊ ထိုင်လေရာတို့၌ သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်မင်းများ၊ စောင့်ရှောက်ကြရကုန်၏။

သားရဲတိရစ္ဆာန်ဘေးများ၊ အဆိပ်ရှိသော သတ္တဝါတို့၏ ဘေးများ၊ ကျားရဲ ကျားဆိုး၊ ဆင်ရဲ ဆင်ဆိုး၊ မြွေရဲ မြွေဆိုးတို့၏ ဘေးရန်များမှ ကာကွယ်ပြီး ကင်းဝေးပြီး ဖြစ်ရ၏။ ထို့ပြင် သွားလေရာ၊ နေလေရာ၊ ရောက်လေရာ အရပ်ဒေသများ၊ မြို့၊

ရွာများ၌ အစားအသောက် ပေါများ၏။ အဝတ်အထည် ပေါများ၏။ အခြံအရံ ပေါများ၏။ နေရေးထိုင်ရေး အဆင်ပြေရ၏။ စီးပွားဥစ္စာ၊ ရတနာ၊ ရွှေ၊ ငွေ ပေါများ ကြွယ်ဝရ၏။ ရာထူးဌာနန္တရ ဂုဏ်ရိန်များ မြင့်မားတိုးတက်စေရ၏။ ပြောတိုင်းဆိုတိုင်း ဖြစ်လာရ၏။ တောင့်တတိုင်း ပြည့်စုံလာရ၏။ ဆုတောင်းတိုင်း ရရှိလာစေတတ်၏။ ရွှေ၊ ငွေ၊ ရတနာ၊ ဥစ္စာပစ္စည်း ပြည့်စုံလာစေတတ်၏။ တိုးတက်ကြီးပွားသော ဘဝသို့ရောက်ရှိစေတတ်၏။ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်စေတတ်၏။ ကောင်းမွန်ပျော်ရွှင်စွာ အိပ်စက်အနားယူရတတ်၏။ ကောင်းမွန်ပျော်ရွှင်သော အိပ်မက်များကိုသာ မက်စေတတ်၏။ မဂ်လာ ကျက်သရေရှိသော အိပ်မက်များကိုသာ မက်စေတတ်၏။ အိပ်ရာမှနိုးထသော်လည်း ပျော်ရွှင်ချမ်းမြေ့စွာ၊ မဂ်လာရှိစွာ နိုးထလာစေတတ်၏။ စာမေးပွဲ မှန်သမျှ အောင်မြင်စေရ၏။ နှုတ်ဖြေ၊ ရေးဖြေ၊ လူတွေ့စစ်ဆေးမှုများ အောင်မြင်စေရတတ်၏။ မိမိအား သူတစ်ပါး မကောင်းကြံစည်၍ မရနိုင်။ မိမိကိုယ်ကိုလည်းကောင်း၊ မိမိအိမ်ကိုလည်းကောင်း၊ မိမိ၏ဥစ္စာစည်းစိမ်တို့ကိုလည်းကောင်း နတ်ကောင်း နတ်မြတ်များ ကူညီ မစောင့်ရှောက်ကြရကုန်တော့၏။ အမျိုးမျိုးသော လက်နက်ဘေး၊ မီးဘေး၊ မိုင်းဘေး၊ ဗုံးဘေး၊ အမျိုးမျိုးသော အသက်အန္တရာယ်များနှင့် ပတ်သက်သော ဘေးမှန်သမျှ ကင်းဝေးပယောက်စေရ၏။ အထူး ကြိုးစား၍ အားထုတ်ပွားများ သရဏျာယ်ကြကုန်ရာသတည်း။

နိဂမနကထာ

(က) ဤသစ္စာအဓိဋ္ဌာန်ပညာအကျင့်လမ်း စာစောင်ကျမ်းမြတ်ကို ပညာလိုလား ပုဂ္ဂိုလ်အများအတွက် ကောင်းမြတ်သော သဒ္ဓါစိတ်ဖြင့် ရေးသားပြုစုခဲ့ရသော ကုသိုလ် ကာမဝစရ မဟာပုညကြောင့် အပါယ်လေးပါး၊ ရန်သူမျိုးငါးပါး၊ ဘေးရှစ်ပါး၊ ဒဏ်ဆယ်ပါး၊ အနာမျိုး ၉၆ ပါးတို့မှ ဘဝဆက်တိုင်းဆက်တိုင်း လွတ်မြောက်ငြိမ်းကြေကုန်သည် ဖြစ်၍ ဖြစ်လေရာဘဝတိုင်းတို့၌ အာဏာတန်ခိုးကြီးခြင်း၊ ပညာတန်ခိုးကြီးခြင်း၊ သိဒ္ဓိတန်ခိုးကြီးခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ ဘေးကင်းခြင်း၊ ရန်ကင်းခြင်း၊ အန္တရာယ်ကင်းဝေးခြင်း၊ အနှောင့်အယှက်များမှ ကင်းဝေးခြင်း၊ စိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်း၊ စိတ်အေးချမ်းခြင်း၊ ကိုယ်အေး

ချမ်းခြင်း၊ စိတ်ပေါ့ပါးခြင်း၊ ကိုယ်ပေါ့ပါးခြင်း၊ စိတ်ငြိမ်းချမ်းခြင်း၊ ကိုယ်ငြိမ်းချမ်းခြင်း ဖြစ်ရ၍ ဆယ်ပါးသော သိဒ္ဓိ ဝိဇ္ဇာမဟိဒ္ဓိ အတတ်တို့ကိုလည်းကောင်း၊ ဝိဇ္ဇာဉာဏ်ခြောက်ပါး၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ် ရှစ်ပါး၊ သမာပတ် ကိုးပါးတို့ကိုလည်းကောင်း၊ ပိဋ္ဌကတ်သုံးပုံ၊ ဗေဒင် လေးပုံ၊ ဓမ္မခန္ဓာ ရှစ်သောင်းလေးထောင်တို့ကိုလည်းကောင်း လျှင်မြန်စွာ အောင်မြင်ပြီးစီး တတ်မြောက်ရ၍ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ သန္ဓိသုခ နိဗ္ဗာန်တရားမြတ်ကို ဘဝတိုတို အချိန်တိုတိုနှင့် လျှင်မြန်စွာမျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် ဧကန်အမှန် ဖြစ်ရပါလိုမ်။ ဖြစ်ရပါစေသတည်း။

(ခ) ဤသစ္စာအဓိဋ္ဌာန်ပညာအကျင့်လမ်း စာစောင်ကျမ်းမြတ်ကို ပညာလိုလား ပုဂ္ဂိုလ်များအတွက် ကောင်းမြတ်သော အစလသဒ္ဓါဖြင့် ရေးသားပြုစုခဲ့ရသော ကုသိုလ် ကာမဝစရ မဟာပုညတို့၏ အဖို့ဘာဂများကို မြင်းမိုရ်တောင်ဦးမကကျူးသည့် ကျေးဇူးအရှင် မွေးမိခင်နှင့် မွေးဖခင်တို့အားလည်းကောင်း၊ တစ်လုံးတစ်ပါဒ တစ်အက္ခရာတို့ကို သွန်သင်ဆုံးမတတ်ပေသော ဆရာသခင် ကျေးဇူးရှင်တို့အားလည်းကောင်း၊ ရေမြေပိုင်စိုး မင်းအစိုးရတို့အားလည်းကောင်း၊ နတ်တို့သနင်း သိကြားမင်းနှင့်တကွ သုံးဆယ့်သုံးကျိပ်သော နတ်မင်း နတ်မြတ်၊ နတ်ဒေဝါ

အပေါင်းတို့အားလည်းကောင်း၊ ဓတရဋ္ဌ ဝိရုဠှက ဝိရုပက္ခ ကုဝေရဟု ဆိုအပ်ကုန်သော လေးပါးကုန်သော စတုလောက ပါလ နတ်မင်းနတ်မြတ်အပေါင်းတို့အားလည်းကောင်း၊ နေမင်း၊ လမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းအပေါင်းတို့အားလည်းကောင်း၊ အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်မှာ တံငါကွန်နက္ခတ်၊ မြောက်မှာ ရှုဝံကြယ်၊ အောက်မှာ အဝီစိ၊ အထက်မှာ ဘဝဂ်၊ အကနိဋ္ဌ ဗြဟ္မာ့ဘုံ ဤအတောအတွင်း၌ တည်ရှိနေထိုင်စောင့်ကြည့်လျက်ရှိကြပေကုန်သော အလုံးစုံသော တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ကမ္ဘာစောင့်နတ်များ၊ အိမ်စောင့်နတ်များ၊ ကျောင်းစောင့်နတ်များ၊ စေတီ၊ ပုထိုးများကို စောင့်ကြည့်ကုန်သော နတ်ကောင်း နတ်မြတ် နတ်မွန် အပေါင်းတို့အားလည်းကောင်း၊ အလုံးစုံသော ဘုမ္မစိုးနတ်များ၊ ရုက္ခစိုးနတ်များ၊ အာကာသစိုးနတ်များ၊ အလုံးစုံသော ရွာစောင့်နတ်များ၊ မြို့စောင့်နတ်များ၊ နယ်မြေဒေသအသီးသီးတို့ကို စောင့်ကြည့်ကုန်သော နတ်မင်းနတ်မြတ်အပေါင်းတို့အားလည်းကောင်း၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အား ကြည်ညိုလေးမြတ်ကြပေကုန်သော သမ္ဘာဒေဝနတ်မင်းများ၊ သာသနာတော်စောင့် နတ်မင်းနတ်မြတ်အပေါင်းတို့အားလည်းကောင်း၊ ၃၁ ဘုံ၌ ကျင်လည်ကြပေကုန်သော အလုံးစုံသော ခုနစ်ရက်သားသမီး ဒုက္ခိတ သတ္တဝါများ၊ သုခိတ သတ္တဝါများ၊ အားလုံးသော ကမ္ဘာသူ၊ ကမ္ဘာသားများ၊ နိုင်ငံသူ နိုင်ငံသားများ၊ တိုင်းသူတိုင်းသားများ၊ ပြည်သူ ပြည်သားများ၊ မြို့သူမြို့သားများ၊ ရွာသူရွာသားများ၊ နယ်သူ

နယ်သားများ၊ ရပ်သူရပ်သားများနှင့်တကွ အားလုံးသော ဝေနေယျသတ္တဝါအပေါင်းတို့အားလည်းကောင်း ရင်ခြားပါစေ အမျှဝေ၏။ ပေးဝေအမျှ ကုသလများကို ဝမ်းသာအားရ အမျှရကြ၍ ကောင်းချီးသာဓု ခေါ်စေသမျှ ပြုနိုင်ကြပါစေကုန်သတည်း။ အားလုံး အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ လန်းဖြာကြပါစေကုန်သတည်း။

(၇) ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာစ နိဗ္ဘယာ။
သောကပ္ပတ္တာစ နိသောကာ
ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပ္ပတ္တာ ဆင်းရဲခြင်းသို့ ရောက်ကြပေကုန်သော သမ္ဗေပိ အလုံးစုံလည်းဖြစ်ကြပေကုန်သော ပါဏိနော သတ္တဝါဟူသမျှတို့သည် နိဒ္ဒုက္ခါစ ဆင်းရဲခြင်းဘေးဒုက္ခအပေါင်းမှ ကင်းဝေး ပယောက်ကြကုန်သည်လည်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။ ဘယပ္ပတ္တာ ဘေးရန်ဟူသမျှသို့ ရောက်ကြပေကုန်သော သဗ္ဗေပိ အလုံးစုံလည်း ဖြစ်ကြပေကုန်သော ပါဏိနော သတ္တဝါ ဟူသမျှတို့သည် နိဗ္ဘယာစ ဘေးရန်ဟူသမျှတို့မှ ကင်းဝေးပယောက်ကြကုန်သည်လည်းကောင်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း၊ သောကပ္ပတ္တာ စိုးရိမ်ငိုကြွေး ပူဆွေးခြင်းသို့

ရောက်ကြပေကုန်သော သဗ္ဗေပိ အလုံးစုံလည်း ဖြစ်ကြပေကုန်သော ပါဏိနော သတ္တဝါဟူသမျှတို့သည် နိသေသကာစစိုးရိမ် ငိုကြွေး ပူဆွေးခြင်းတို့မှ ကင်းဝေးကြကုန်သည်လည်းကောင်း ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။

(သုခီအတ္တာနံ ပရိဟရန္တု)

နိဋ္ဌိတံ

၂-၁၁-၂၀၀၄

ပြည်မြို့
ဝေလုံလှာရုမကျောင်းတိုက် ပဓာနနာယက
မဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒန္တ ဝေပုလ

Design: Maung Maung Zaw

သစ္စာအဝိဇ္ဇာန် ပညာအကျင့်လမ်း